နန်းစဥ်သုံး

# ဂါထာမန္တန်ကျမ်း

ဆရာဦးခင်းသိမ်း

# မာတိကာ


နိဒါန်း ... ဆ

မောင်းထောင် သာသနာပိုင် ဆရာတော်က ဘိုးတော်
မင်းတရားကြီးအား သွင်းတော်မူသော
နန်းစဉ်သုံး ဂါထာမန္တန် ( ၃၀ ) .... ၁

ဘိုးတော်မင်းတရား .... ၁

မောင်းထောင် သာသနာပိုင် ဆရာတော် .... ၃

လေးစားစွာ အသုံးပြုသင့်သော နန်းစဉ်တန္တို
ဂါထာ မန္တန်များ .... ၆

ရွှေ မင်းကောင်းမင်းမြတ်များ အသုံးပြုခဲ့သော
ပထဝီ ဇေယျ မန္တန် ( ၁၄ ) ဂါထာ .... ၇

ဓာလာသောကမင်းကြီး ရွတ်ဖတ်သော
ပထဝီဝဏ္ဏ မန္တန် ( ၄ ) ဂါထာ .... ၁၆

ဘဒ္ဒသေနမင်း သရဇ္ဈာယ်သော
တြိသီဟ မန္တန် ( ၄ ) ဂါထာ .... ၂၀

သီဟဗာဟုမင်းကြီး သရဇ္ဈာယ်သော
မာရဝိဇယ မန္တန် ( ၅ ) ဂါထာ .... ၂၃

ပဋ္ဌဝီဇေယျ အချုပ် ဂါထာ မန္တန် .... ၂၈

အာယုဒီဃ မန္တန် ( ၂ ) ဂါထာ .... ၂၉

သီရိဓမ္မာသောကမင်းကြီး ဆောင်တော်မူသော
ဓမ္မကန္တာ သည်းခြေ မန္တန် .... ၃၀

ပိဋကတ သုံးပုံ သည်းခြေ မန္တန် .... ၃၃

ဒေဝါနံ ပိယတိဿမင်းကြီး ဆောင်တော်မူသော
သီဟိုဠ် သမ္ဗုဒ္ဓေ ဂါထာ .... ၃၄

ဒေဝါနံ ပိယတိဿမင်းကြီး ကိုးကွယ်တော်မူသော
ဂါထာ မန္တန် .... ၃၇

ဒုဋ္ဌဂါမဏိမင်းကြီး ဆောင်တော်မူသော အဆောင်
အရွက် ဂါထာ .... ၃၉

ဒုဋ္ဌဂါမဏိမင်းကြီး သရဇ္ဈာယ်သော
စိန္တာမဏိဂါထာ .... ၄၀

ဒွတ္တပေါင်မင်းကြီး သရဇ္ဈာယ်သော ဂါထာ မန္တန် .... ၄၂

ဒွတ္တပေါင်မင်းကြီး ပုတီးစိပ် .... ၄၅

ပျူစောထီးမင်း၏ — ငှက်ကြီး • ဝက်ကြီးရန်ကို
အောင်မြင်သော ဂါထာ မန္တန် .... ၄၆

ပျူစောထီးမင်းအား သိကြားမင်းပေးသော
ဂါထာ မန္တန်တော် .... ၄၉

ပုဂံ - သိန်းခိုမင်း သရဇ္ဈာယ်သော ဘုရားရှိခိုး ဂါထာ .... ၅၁

ကျမ်းဆော် ကြောင်းပြူမင်း - မင်းဖြစ်သော
ဂါထာ မန္တန် .... ၅၄

အနော်ရထာမင်းအား ရဟန္တာ အရှင်အရဟံ
ပေးသနားတော်မူသော ဂါထာ မန္တန် .... ၅၇
ရဟန္တာ အရှင်မြတ်များ ရေးသားတော်မူခဲ့သော
ရွှေစည်းခုံ မိုးကြိုးလွှဲ ( ၆ ) ဂါထာ .... ၅၉
ပုဂံ ရွှေစည်းခုံဘုရား မိုးကြိုးလွှဲ ( ၂ ) ဂါထာ .... ၆၃
ပဋိက္ကရားမင်းသား အခေါင် အချွက် ( ၃ ) ဂါထာ .... ၆၄
အလောင်းစည်သူမင်းကြီး ဘုရားရှိခိုး ဂါထာ .... ၆၇
နရပတိစည်သူမင်းကြီး ဖောင်တော်၌ ဆောင်သော
ဂါထာ မန္တန် .... ၆၈
ကျစွာမင်းကြီး ဘုရားရှိခိုး ဂါထာ .... ၇၀
ကျစွာမင်းကြီး သရဇ္ဈာယ်သော ဂါထာ မန္တန် .... ၇၂
စစ်ကိုင်း - စည်သူကျော်ထင် ရွတ်ဖတ်သော
ဥဒေါင်းမင်း ပရိတ် မန္တန် .... ၇၅
ညောင်ရမ်းမင်းတရားကြီး သရဇ္ဈာယ်သော
ဂါထာ မန္တန် .... ၇၇
ပြည် - ရန်နိုင်မင်း ရွတ်ဆိုသော မန္တန် ( ၄ ) ဂါထာ .... ၈၂
ပုဂံ ဘုရင်ခံ အကျဉ်းမှ လွတ်မြောက်ခဲ့ရသော
ဗုဒ္ဓ ဂုဏ်တော် — ၈၄
မြေစေတီမင်း ဆောင်တော်မူသော ဂါထာ မန္တန် .... ၈၆
အလောင်းမင်းတရားကြီး၏ ရန်ကြီးအောင်
ပုတီးစိပ်နည်း — ၈၉

အရပ် ဆယ်မျက်နှာကို စည်းချရန် ( ၁၀ ) ဂါထာ .... ၈၉

အရပ် ( ၁၁ ) မျက်နှာကို စည်းချရန် ပဌာန်း
ပစ္စယုဒ္ဒေသ ပါဠိတော် .... ၉၂

ပုဂံခေတ် - အရှင်းကြီးတို့၏ ပရိတ် မန္တန် .... ၉၄

ပုဂံခေတ် - အရှင်းကြီးတို့၏ ဓေဝဥသမန္တန်
( အထဲ နှင့် အဖုံး ) .... ၉၆

လမင်း ပရိတ် မန္တန် .... ၉၈

နေမင်း ပရိတ် မန္တန် .... ၉၉

ရှေးမင်း အဆက်ဆက်တို့ အသုံးပြုခဲ့ကြသော
စိန္တာမဏိ မန္တန်တော်ကြီး
( အထဲ နှင့် အဖုံး ) .... ၁၀၁

အသက်ဘေးအန္တရာယ်မှ လွတ်မြောက်သော
သာယာဝတီ စိန္တာမဏိ မန္တန် .... ၁၀၅

ပီယသျှို - သမ္မသျှို ဆီမန်းဂါထာ .... ၁၀၆

ဆီမန်း စမ ဂါထာ မန္တန် .... ၁၀၇

အကွာရာ ဆီမန်း ဂါထာ မန္တန် .... ၁၀၈

ပရိတ် ရေမန်း မန္တန် .... ၁၀၉

အစား အသောက် ဘောဇဉ်မန်း ဂါထာ မန္တန် .... ၁၀၉

ကွမ်းယာမန်း မန္တန် .... ၁၁၀

လက်ဆောင် ပဏ္ဏာမန်း မန္တန် .... ၁၁၀

အမျက်ပြေ ဂါထာ မန္တန် .... ၁၁၁

ဂမုန်းကတိုးမန်း ဂါထာ မန္တန် ... ၁၁၂
မဟူရာမန်း မန္တန် ... ၁၁၃
မုခသီရိမန္တရား ဂါထာ ... ၁၁၄
ဣတ္ထိယ မျက်ဖြေ မန္တန် ... ၁၁၅
သဗ္ဗသျှို့ နှုတ်ငုံ လက်ဖွဲ့ ... ၁၁၅
မန္တန် နှုတ်ငုံ လက်ဖွဲ့ ... ၁၁၆
ကြက်ဖြူ လွှတ်၍ ရွေးဟောင်း ဥစ္စာ ရှာနည်း ... ၁၁၇
အလိုရှိတိုင်း မြင်နိုင်သော ဆီမန်း ... ၁၁၈
လင်ကွာ၊ မယားကွာ အကျွရာ လက်ဖွဲ့ ... ၁၁၉
မန္တန် ဖောင်စီး လက်ဖွဲ့ ... ၁၂၀
ဿဒွာရဏ ပိယသိဒ္ဓိ လက်ဖွဲ့ကြီး ... ၁၂၁
နှုတ်ငုံ ထဆင်ထူး လက်ဖွဲ့ ... ၁၂၂
စမရုပ် ဖောင်စီး လက်ဖွဲ့ ... ၁၂၄
အလိုရှိရာ မြင်နိုင်သော ရေမန်း ... ၁၂၇
လိုတရ ကွမ်းရာမန်း ဂါထာ ... ၁၂၇
အလိုရှိရာ မြင်နိုင်သော ဆီမန်း မန္တန် ... ၁၂၈
ပိယ သိဒ္ဓိ ဆီမန်း ... ၁၂၉
ပိယသျှို့ မဆစ်ဆီမန်း ဂါထာ ... ၁၂၉
မျက်စိမန်း ဂါထာ မန္တန် ... ၁၃၁
သဗ္ဗသျှို့ သုရဿတိ မန္တန် ... ၁၃၂
စွန်းမကို မြင်နိုင်သော ဂါထာ မန္တန် ... ၁၃၃

မာတိကာ

ခွေး မဟောင်နိုင်သော ဂါထာ မန္တန် .... ၁၃၃
ထင်ကွဲ - မယားကွဲ ပြန်ပေါင်းနိုင်သော ဂါထာ မန္တန်.... ၁၃၄
ရုက္ခစိုး နှင့် စကားပြောရသော ဂါထာ မန္တန် .... ၁၃၅
ပယောဂ မျက်စိနာ ရေမန်း ဂါထာ .... ၁၃၅
စွယ်စုံ ရေမန်း ဂါထာ .... ၁၃၆
ပိယ လေးပစ် စီရင်နည်း .... ၁၃၆
ခြေရာမန်း ဂါထာ မန္တန် .... ၁၃၇
ကုန်တိုက် ပန်းမန်း ဂါထာ .... ၁၃၈
ဆေးလိပ်မန်း မန္တန် .... ၁၃၈
နေကို တိုင်တည်သော ဂါထာ မန္တန် .... ၁၃၉
သူခိုးဖမ်းနည်း ဂါထာ မန္တန် .... ၁၄၀
မာထဂ်လက်ဖွဲ့ စီရင်နည်း .... ၁၄၁
ချစ်သူကို ခေါ် လျှင် လာသော ပန်းမန်း ဂါထာ .... ၁၄၂
ရိုးရိုးသားသား ချစ်စေတတ်သော ဂါထာ မန္တန် .... ၁၄၂
အတိုင်းမသိ အက္ခရာ လက်ဖွဲ့ .... ၁၄၃
မောင်းထောင် သာသနာပိုင် ဆရာတော်က
ဘိုးတော်မင်းတရားကြီးအား သွင်းတော်
မူသော သစ္စာဓိဋ္ဌာန်ပြုနည်း (၁၃) ဂါထာ .... ၁၄၄

# နိဒါန်း

—

စိတ်ချ ယုံကြည်စွာ နှုတ်မှ ရွတ်ဆို သရဇ္ဈာယ်ရုံဖြင့် အကျိုး အာနိသင် စူးရှထက်မြက်သော ဂါထာကို မန္တန် ဟုခေါ်သည်၊ ယင်း မန္တန်သည် —

— လောကုတ္တရာ မန္တန်

— လောကီ မန္တန်

ဟူ၍ နှစ်မျိုး ရှိသည်။

ဗုဒ္ဓ ဘုရားရှင်၏ နှုတ်တော်ထွက် ဗုဒ္ဓမုက္ခပါဠိ ဖြစ်သည့် ရတနသုတ်, မေတ္တသုတ် စသော ပရိတ်သုတ်တော်များသည် လောကုတ္တရာ မန္တန်များ ဖြစ်သည်၊ ထို့ပြင် စက်ပရိတ်, ဆဒ္ဒိသ ပါလသုတ်, ပရိမိတ္တဇာလသုတ် စသော ဇင်းမယ်ဖြစ် ပရိတ် များသည်လည်း လောကုတ္တရာ မန္တန်များ၌ပင် အကျုံးဝင် သည်။

လောကီ မန္တန် ဆိုသည်မှာ ရှေးရှစ်သောင်း ဆရာ ကောင်းဘို့မှ ဆင်းသက်လာခဲ့ကြသော လောကီဝိဇ္ဇာဃာန - ဝိဇ္ဇာမယ ပညာရှင် ရှေး ဆရာ့ ဆရာကြီးများ ကိုယ်တွေ့ ကိုယ်ကြုံ အဖြစ်ဖြင့် ထားရှိခဲ့သော မန္တန်များ ဖြစ်သည်။

ယင်းလောကီ မန္တန်များ အနက် ရှေး ဣန္ဒိယ ရာဇဝင်မှ မင်းအဆက်ဆက် - သီဟိုဠ် ရာဇဝင်မှ မင်းအဆက်ဆက် - မြန်မာ နိုင်ငံမှ မင်းအဆက်ဆက်တို့ အသုံးပြုခဲ့သော 'နန်းစဉ် တန္တိ ဂါထာ မန္တန်များ' ကို 'နန်းစဉ်သုံး ဂါထာ မန္တန်' များ အဖြစ်ဖြင့် ဝိဇ္ဇာယာန ဝိဇ္ဇာမယ ပညာရှင်များ ဖြစ်ကြသော ရှေး ဆရာ့ ဆရာကြီးများက အသိအမှတ် ပြုထားခဲ့ကြသည်။

ကုန်းဘောင်ခေတ် မောင်းထောင် သာသနာပိုင် ဆရာတော် ဘုရားကြီးသည် ယင်း နန်းစဉ် တန္တိ ဂါထာ မန္တန်များမှ ဂါထာ မန္တန်ပေါင်း (၃၀) ကို ရွေးချယ် ထုတ်နုတ်ကာ ဘိုးတော် မင်းတရားကြီးအား တင်သွင်းတော်မူခဲ့ဘူးသည်၊ ယင်း ဂါထာ မန္တန် (၃၀) မှာ ဣန္ဒိယနိုင်ငံမှမင်းစဉ်မင်းဆက် - သီဟိုဠ်နိုင်ငံမှ မင်းစဉ် မင်းဆက် - မြန်မာနိုင်ငံမှ မင်းစဉ် မင်းဆက်တို့ အောင်မြင်စွာ အသုံးပြုသွားခဲ့ကြသော ဂါထာ မန္တန်များ ဖြစ်သည်။

ဤကျမ်းစာအုပ်တွင် မောင်းထောင် သာသနာပိုင် ဆရာ တော် ဘုရားကြီး တင်သွင်းသွားတော်မူခဲ့သော ယင်း ဂါထာ မန္တန် (၃၀) နှင့် တကွ သရေခေတ္တရာခေတ် မင်း အဆက် ဆက် - ပုဂံခေတ် မင်း အဆက်ဆက် - ပင်းယခေတ် မင်း အဆက်ဆက် - အင်းဝခေတ် မင်း အဆက်ဆက် - ကုန်းဘောင် ခေတ် မင်း အဆက်ဆက်တို့ အောင်မြင်စွာ အသုံးပြုသွားခဲ့ကြ သော ဂါထာ မန္တန်များကိုပါ နန်းစဉ်ပုရပိုက်ဖြူ မှတ်တမ်းများ, ရာဇဝင်ချုပ်များ, လောကီ မန္တန်ကျမ်းဟောင်းကြီးများမှ ရှာ ဖွေ ထုတ်နုတ်ကာ စုစည်း ဖော်ပြထားသည်။

ထို့ပြင် ပုဂံခေတ် အရှည်းကြီးများ၊ ကိုယ်တိုင် တန္တရယာန- မန္တရယာန တို့မှ ထုတ်နုတ် အသုံးပြုသွားခဲ့ကြသော မန္တန်များ ကိုလည်း ရှေးမန္တန်ကျမ်းဟောင်းကြီးများမှ ရှာဖွေကာ ဤကျမ်း စာအုပ်၌ ထည့်သွင်းဖော်ပြထားသည်။

ထိုမှတပါး မောင်းထောင် သာသနာပိုင် ဆရာတော် ဘုရားကြီး ကိုယ်တိုင် ဘိုးတော်မင်းတရားကြီးအား တင်သွင်း တော်မူခဲ့ဘူးသော သစ္စာဓိဋ္ဌာန်ပြုနည်း( ၁၃ ) ဂါထာ( ၁၃ ) မျိုးကိုလည်း နဉ်းစဉ် ပုရပိုက်ပြုမှတ်တမ်းများမှ ထုတ်နုတ်ကာ ထည့်သွင်း ဖော်ပြထားသည်။

သစ္စာဓိဋ္ဌာန်ပြုနည်းကို 'သစ္စာနုတ်သိမ်း - မန္တန်ကြီး' ဟူ၍ ရှေးဆရာ့ဆရာကြီးများက တင်စား သုံးနှုံးခဲ့ကြရသည်၊ ယင်း သို့ တင်စားခဲ့ကြရလောက်အောင်လည်း သစ္စာဓိဋ္ဌာန်သည် ဂါထာ မန္တန်ထက်ပင် တန်ခိုး အာနိသင် စူးရှ ထက်မြက် ကြောင်း တွေ့ရှိနေရပေသည်၊ ထို့ကြောင့် သစ္စာဓိဋ္ဌာန်ပြုနည်း များကိုလည်း ပစ္စက္ခ မျက်မှောက်ခေတ် နှင့် အနာဂတ်ခေတ် အခါတွင် တိမ်မြုပ်ပျောက်ကွယ် မသွားရအောင် ဤ 'နန်းစဉ် သုံး ဂါထာမန္တန်ကျမ်း' ၌ နောက်ဆုံး နိဂုံးချုပ် အဖြစ်ဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ဤ 'နန်းစဉ်သုံး ဂါထာ မန္တန်ကျမ်း'၌ ဖော်ပြ ထားသော ဂါထာ မန္တန်များ နှင့် သစ္စာဓိဋ္ဌာန် ပြုနည်းများမှာ မောင်းထောင် သာသနပိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ရွေး ချယ် တင်သွင်းသွားသော ဂါထာမန္တန် နှင့် သစ္စာဓိဋ္ဌာန် ပြုနည်း

များ ဖြစ်သဖြင့် ဖော်ပြပါ အညွှန်းများ အတိုင်း လေးလေး စားစား ယုံယုံကြည်ကြည် သုံးစွဲကြပါရန် နှင့် ရှေးရာ အမွေအနှစ် ပညာတရပ် အဖြစ်ဖြင့် ဆက်လက် လက်ခံ ထိန်းသိမ်း စောင့် ရှောက်ကြပါရန် အလေးအနက် တိုက်တွန်း လိုက်ရပေသတည်း။

ဦးမင်းသိမ်း

၂၇-၃-၅၂

# နန်းစဉ်သုံး-ဂါထာမန္တန်ကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

---

မောင်းထောင်သာသနာပိုင်ဆရာတော်က
ဘိုးတော်မင်းတရားကြီးအား သွင်းတော်မူသော

## နန်းစဉ်သုံး ဂါထာ မန္တန် ( ၃၀ )

### ဘိုးတော်မင်းတရား

ကုန်းဘောင်ဆက်မင်းများ အနက် နန်းသက် အရှည်ဆုံး မင်းသည် ဘိုးတော်မင်းတရားကြီး ဖြစ်သည်၊ ဘိုးတော် မင်း တရားကြီးသည် အမရပူရ မြို့တည် နန်းတည် မင်းတရားကြီး ဖြစ်၍ နန်းစံ သက်တမ်းမှာ ၃၈ - နှစ် အထိ ကြာမြင့်ခဲ့သည်။

ဘိုးတော် မင်းတရားကြီးမှာ နန်းစံ သက်တမ်း ကြာမြင့်သလောက် ထင်း နန်းစံ သက်တမ်း ( ၃၈ ) နှစ် အတွင်း စစ်ရေး နိုင်ငံရေး စီးပွားရေး လူမှုရေး သာသနာရေး ပညာရေး နိုင်ငံခြားဆက်ဆံရေး စသော အဖက်ဖက် တို့၌လည်း အများဆုံး အောင်မြင်ခဲ့သည်။

စစ်ရေး ဆိုလျှင်လည်း ယိုးဒယားကို ကိုလိုနီ အဖြစ်မှ လက်လွှတ်လိုက်ရသည်မှ လွဲ၍ ရခိုင်စစ်ပွဲ, မဏိပူရစစ်ပွဲ, အာသံစစ်ပွဲ, ဝေသာလီ စစ်ပွဲ စသည်တို့၌ အောင်မြင်ခဲ့သည်ချည်း ဖြစ်သည်။

နိုင်ငံရေး ဆိုလျှင်လည်း ခမည်းတော် အလောင်းမင်းတရားကြီးက 'သူ၏ သားတော်များသည် ကြီးစဉ်ငယ်လိုက် ထီးမွေနန်းမွေကို ဆက်ခံစေရမည်' ဟူသော နိုင်ငံရေး လမ်းစဉ်ကို ချမှတ်ထားခဲ့သည်၊ သို့သော် ကုန်းဘောင် ဆင်ဖြူရှင် မင်းတရား နတ်ရွာစံပြီးသည့်နောက်ပိုင်းမှ စ၍ ယင်း နိုင်ငံရေးလမ်းစဉ်သည် ပျက်ပြားသွားခဲ့ရာ ဘိုးတော် မင်းတရားသည် ယင်း အလောင်းမင်းတရားကြီး၏ နိုင်ငံရေး လမ်းစဉ်ကို ပြန်လည် အကောင်အထည် ဖော်နိုင်ခဲ့သည်။

စီးပွားရေး ဆိုလျှင်လည်း မောင်းမကန်ကို အောင်ပင်လယ်ကန် အဆုံး အထိ ဆက်လက် ဆည်ဖို့ကာ နန္ဒာကန် ဟု သမုတ်နိုင်ခဲ့ခြင်း - မိတ္ထီလာကန်ကို ပြန်လည် ပြင်ဆင် ဆည်ဖို့နိုင်ခဲ့ခြင်း တို့အပြင် သက္ကရာဇ် ၁၁၄၅ - ခုနှစ်၌ နိုင်ငံတဝှမ်းသုံး လူဦးရေစစ်တမ်း- စီးပွားရေး စင်တမ်းများ ကောက်ယူနိုင်သည် အထိ အောင်မြင်ခဲ့သည်။

သာသနာရေး ဆိုလျှင်လည်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို စနစ်တကျ ပြုစု လုပ်ဆောင်နိုင်ခဲ့သည်။

ပညာရေး ဆိုလျှင်လည်း မဇ္ဈိမဒေသ ဣန္ဒိယနိုင်ငံ နှင့် သီဟိုဠ်ကျွန်းသို့ မှူးမတ် အရာရှိများကို ၇ - ကြိမ်တိုင်တိုင် စေလွှတ်ကာ ဗင်္ဂလီ နာဂရီ ဘာသာဖြင့် ရေးသားထားသော ဆေးကျမ်း, ဓာတ်ကျမ်း, ဗေဒင်ကျမ်း, အကျင့်သိက္ခာနှင့် စပ်ဆိုင်သော ကျမ်း, တိရစ္ဆာန်တို့နှင့် စပ်ဆိုင်သော ကျမ်း စသည့် လောကီ လောကုတ္တရာ ကျမ်းဂန်ပေါင်း ၁၀၀ ကျော်တို့ကို ရှာဖွေ စုဆောင်း ယူဆောင်စေပြီးလျှင် ပါဠိဘာသာ မြန်မာဘာသာသို့ ပြန်ဆိုစေခဲ့သည်။

နိုင်ငံခြားဆက်ဆံရေး ဆိုလျှင်လည်း ထိုအချိန်က ကမ္ဘာတွင် စစ်ရေး နိုင်ငံရေး အရ ခေါင်းထောင်နေပြီ ဖြစ်သော ဗြိတိန် နိုင်ငံကိုပင် ဘိုးတော်မင်းတရားကြီးသည် အပေါ်စီး ယူကာ ဆက်ဆံနိုင်ခဲ့သည်။

မောင်းထောင် သာသနာပိုင်ဆရာတော်

ကုန်းဘောင်ဆက် မင်းများအနက် ဘိုးတော်မင်းတရားကြီး သည်—

- အဘယ့်ကြောင့် ဤမျှလောက် နန်းစည်းစိမ် နန်းသက် တမ်း ရှည်ရသနည်း။
- သူ၏ နန်းစံ သက်တမ်း ( ၃၈ ) နှစ် အတွင်း စစ်ရေး, နိုင်ငံရေး , စီးပွားရေး, လူမှုရေး, သာသနာရေး, ပညာရေး, နိုင်ငံခြားဆက်ဆံရေး စသောအဖက်ဖက်တို့၌ အဘယ့်ကြောင့် ဤမျှလောက် အောင်မြင်ခဲ့ရသနည်း

ဟု လေ့လာ စိစစ်ကြည့်ဖို့ လိုသည်။

ရာဇဝင်ဆရာများကမူ ဘိုးတော်မင်းတရားကြီး၌ အတတ် ပညာ အရည်အချင်းနှင့် ပြည့်စုံမှု, ဆင်ခြင် တိုင်းထွာနိုင်သော ဉာဏ်အမြော်အမြင် ရှိမှု, ရဲရင့် တည်ကြည်မှု, ပညာရှိတို့ကို မြတ်နိုးဘော်မှု၍ ပညာရှိတို့နှင့် မပြတ် တိုင်ပင် နိုင်းရှည့်လေ့ရှိမှု တို့ အပေါ်တွင် အခြေခံ၍ နေသည်ဟု ကောက်ချက် ချခဲ့ကြ သည်။

ယင်းအခြေခံ အကြောင်းများ အနက် 'ပညာရှိများနှင့် မပြတ် တိုင်ပင် နိုင်းရှည့်လေ့ ရှိမှု' ဟူသော အကြောင်းကို

ဆက်လက် လေ့လာသော အခါ၌ ဘိုးတော်မင်းတရားကြီးသည် မောင်းထောင်သာသနာပိုင် ဆရာတော်ကို အများဆုံးဆွေးနွေး မေးလျှောက်လေ့ ရှိကြောင်း တွေ့ရှိရသည်၊ မောင်းထောင် သာသနာပိုင် ဆရာတော်ကလည်း မေးလျှောက်သမျှ ဖြေကြား တော်မူခဲ့သည်။

ယခုအခါ ပုံနှိပ်စာအုပ်အဖြစ်ဖြင့် တွေ့ရှိနေရသော ဘိုးတော် မင်းတရား၏အမေး - မောင်းထောင် သာသနာပိုင် ဆရာတော် ဘုရား၏ အဖြေ ဖြစ်သည့် 'အမေးတော်ဖြေ' ကျမ်းကြီးမှာ ထင်ရှားသော သာဓကပင် ဖြစ်သည်။

မောင်းထောင် သာသနာပိုင် ဆရာတော်မှာ ပါဠိပိဋကတ်၌ ပါရဂူရောက် ကျမ်းကျင် တတ်မြောက်တော်မူသကဲ့သို့ ဗဂ်လီ နာဂရီ စသည့် ဘာသန္တရတို့၌လည်း ကျွန တတ်မြောက်တော် မူသည်။

ထို့ကြောင့်လည်း မဇ္ဈိမဒေသ ဇမ္ဗူဒီပနိုင်ငံ နှင့် သီဟိုဠ်ကျွန်း တို့မှ ရှာဖွေ စုဆောင်း ယူဆောင်လာခဲ့သော ဗဂ်လီ နာဂရီရေး ကျမ်းဂန်များကို ပါဠိဘာသာ မြန်မာဘာသာသို့ ပြန်ဆိုရာ၌ မောင်းထောင် သာသနာပိုင် ဆရာတော်ပင် ခေါင်းဆောင် ပြန်ဆို ရေးသားခဲ့ခြင်း ဖြစ်သည်။

မောင်းထောင် သာသနာပိုင် ဆရာတော်မှာ 'ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်နှင့် ထက္ခ ဘွဲ့တံဆိပ်တော် လေးထပ်ကိုလည်း ခံယူတော်မူရဖူးခဲ့သည်။

## နန်းစဉ်သုံး ဂါထာ မန္တန် ( ၃၀ )

ဘိုးတော်မင်းတရားကြီးသည် 'အမေးတော်ဖြေကျမ်း' ၌ ပါရှိသည့် လောကရေးရာ, ဓမ္မရေးရာ, ရာဇရေးရာများ အပြင် လောကီရေးရာ ဂါထာ မန္တန်များ အကြောင်းကိုလည်း မောင်းထောင် သာသနာပိုင် ဆရာတော်အား မေးမြန်းလျှောက်ထားခဲ့ဟန်တူသည်၊ အဘယ့်ကြောင့်ဆိုသော် သက္ကရာဇ် ၁၁၆၉-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်နေ့တွင် မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီးက ဘိုးတော် မင်းတရားကြီးအား သွင်းသော ဂါထာမန္တန် ( ၃၀ ) ကို ရာဇဝင်ချုပ်များနှင့် လောကီမန္တန်ကျမ်းဟောင်းကြီးများ၌ ဇမှတ်အသား တွေ့ရှိနေရသောကြောင့် ဖြစ်သည်။

မောင်းထောင် သာသနာပိုင် ဆရာတော်မှာ မဇ္ဈိမဒေသ ဣန္ဒိယနိုင်ငံ နှင့် သီဟိုဠ်ကျွန်းတို့မှ ရှာဖွေ ယူဆောင်လာခဲ့သော ဗင်္ဂလီ နာဂရီ ဘာသာရေး ကျမ်းဂန်များကို ကြီးမှူး ဘာသာပြန်ဆိုခဲ့ရသူ ဖြစ်သည့်အတိုင်း ယင်း သွင်းလိုက်သော ဂါထာမန္တန်များလည်း ရှေး ဘေးလောင်းတော် ဘိုးလောင်းတော်များ ဖြစ်ကြသော ကာလာသောကမင်း ဓမ္မာသောကမင်း စသည့် မဇ္ဈိမဒေသ ဣန္ဒိယရာဇဝင်မှ မင်းအဆက်ဆက် — ဒေဝါနံ ပိယတိဿမင်း ဒုဋ္ဌဂါမဏိမင်း စသည့် သီဟိုဠ် ရာဇဝင်မှ မင်းအဆက်ဆက် — ဒွတ္တပေါင်မင်း အနော်ရထာမင်း စသည့် မြန်မာရာဇဝင်မှ မင်းအဆက်ဆက်တို့ အောင်မြင်စွာ အသုံးပြုခဲ့သော နန်းစဉ်သုံး ဂါထာ မန္တန်များ ဖြစ်နေသည်ကို တွေ့ရှိရသည်။

ဘိုးတော် မင်းတရားကြီး အနေဖြင့် ယင်းဂါထာ မန္တန်များကို ရှေး ဘေးလောင်းတော် ဘိုးလောင်းတော်များကဲ့သို့ အသုံးပြုခဲ့သောကြောင့်လည်း အထက်က ဖော်ပြခဲ့သလို ကုန်းဘောင်ဆက်မင်းများအနက် နန်းစံ သက်တမ်း အရှည်ဆုံး ဖြစ်ရုံမက စစ်ရေး နိုင်ငံရေး စသည့် အဖက်ဖက်၌လည်း အောင်မြင်သော မင်းတပါး ဖြစ်ခဲ့ရသည်ဟု ယူဆရပေသည်။

ယင်း ဂါထာ မန္တန်များမှာ—

| | | |
|---|---|---|
| ပဌာဝီဇေယျ မန္တန် | — | ၁၄ - ဂါထာ |
| ပဌာဝီဝဏ္ဏ မန္တန် | — | ၄ - ဂါထာ |
| တြိသီဟ မန္တန် | — | ၄ - ဂါထာ |
| မာရဝိဇယ မန္တန် | — | ၅ - ဂါထာ |
| ပဥ္စဝိဇေယျ အချုပ် မန္တန် | — | ၁ - ဂါထာ |
| အာယုဒီဃ မန္တန် | — | ၂ - ဂါထာ |
| | ပေါင်း | ၃၀ - ဂါထာ |

တို့ဖြစ်သည်။

## လေးစားစွာ အသုံးပြုသင့်သော နန်းစဉ် တန်ခိုး ဂါထာမန္တန်များ

ဝင်းစစ် မောင်းဘောင် သာသနာပိုင် ဆရာတော်မှာ လောကကြောင်း, ဓမ္မကြောင်း, ရာဇကြောင်း သုံးမျိုးတို့ကို တဖက်စွန်းသို့ မရောက်အောင် ကျွမ်းကျွမ်းကျင်ကျင် ဖော်ထုတ်ညွှန်ကြားနိုင်သကဲ့သို့ ဘိုးတော် မင်းတရားကြီး အနေဖြင့်လည်း လောကဝတ်, ဓမ္မဝတ်, ရာဇဝတ် သုံးမျိုးတို့ကို အစွန်းတဖက်

သို့ မရောက်စေအောင် လိမ္မာ သိမ်မွေ့စွာ ကိုင်တွယ် ကျင့်သုံးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

သီပေါမင်းတရား ပါတော်မူသည် အထိ ကုန်းဘောင်မင်းအဆက်ဆက် လိုက်နာ ကျင့်သုံးခဲ့ကြသော ရာဇကြောင်း ဆိုင်ရာ အခမ်းအနားများ အနက် အများဆုံးမှာ မောင်းထောင် ဆရာတော်၏ ဖော်ထုတ်ချက် အရ ဘိုးတော် မင်းတရား လက်ထက်မှ စတင် ပေါ်ထွက်လာသော 'နန်းစဉ် တန္တိများ' သာ ဖြစ်သည်ဟု သိရှိရသည်။

သို့ဖြစ်ရာ မောင်းထောင် သာသနာပိုင် ဆရာတော် ဖော်ထုတ်လိုက်သော 'နန်းစဉ် တန္တိများ' အနက် ဤဂါထာ မန္တန်များလည်း ပါဝင်လျက် ရှိသည်၊ ထို့ကြောင့် ယင်းဂါထာ မန္တန်များကို 'နန်းစဉ် တန္တိ ဂါထာ မန္တန်များ' အဖြစ်ဖြင့် အခလး အနက် အသုံးပြုသင့်ကြပေသည်။

---

## ရွှေမင်းကောင်း မင်းမြတ်များ အသုံးပြုခဲ့ကြသော ပထဝီဇေယျ မန္တန် (၁၄) ဂါထာ

မောင်းထောင် သာသနာပိုင် ဆရာတော် သွင်းတော်မူသော နန်းစဉ်တန္တိ မန္တန်များ အနက် ပထဝီဇေယျ မန္တန် (၁၄) ဂါထာမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဩံ ဇေယျ ပထဝီသမ္ဘဝံ၊
အနေက အန္တရာယာယ။
ဇေယျ ပစ္စကဗုဒ္ဓါစ၊
ဇေယျ ပရိ မဟေသရော။

(၂) ဇေယျ ကာရော ဟာရိဒေဝေါ၊
ဇေယျ ဗြဟ္မာ စတေရင္တော။
ဇေယျ နာဂေါ စ ဝိရူဠှော၊
ဝိရူပက္ခော စ စန္ဒိမာ။

(၃) ဝိဏ္ဍုန္နော ဝိနတေယျော စ၊
ကုဝေရော ဝရုဏောပိ စ။
အဂ္ဂိ ဝါရဏ ပဇ္ဇုန္နော၊
ကုမာရော စတုပါလကော။

(၄) အင်္ဂီရသ မဟာဒေဝေါ၊
သုခိနော တာပသိဒ္ဓိယော။
အသီတိ အဂ္ဂသာဝကာ (စ)၊
သဗ္ဗေ ဇေယျာ ဘဝန္တု မေ။

(၅) ဇေယျော ဓမ္မော စ သံဃော စ၊
ဒသာဗလော စ ဇေယျကော။
ဇေတေန သစ္စဝဇ္ဇေန၊
ဇေယျော သုခီ ဘဝန္တု မေ။

(၆) နရာ ဒေဝါ စ ဗြဟ္မာနော၊
ယက္ခာ နာဂါ စ ဂရုဠာ။
တေပိ ဒိသွာ ပိယံ မယှံ၊
ပုဗ္ဗော မမေဝ သိနေဟံ။

(၇) ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊
အရဟာ အဂ္ဂသာဝကာ။

သဗ္ဗေ ကာရေန္တု မေ မေတ္တံ၊
သဗ္ဗေ တိဋ္ဌန္တု မဋ္ဌကော။

(၈) တေသံ မေတ္တာနုဘာဝေန၊
သဗ္ဗေ ရောဂါ သုခီ ဟောန္တု။
သဗ္ဗဘယာ ဝိနဿန္တု၊
သဗ္ဗေ နဿန္တု ပဒ္ဒဝါ။

(၉) ဣမသ္မိံ စက္ကဝါဠေ စ၊
အနန္တ ပါဏိနော ဗဟူ။
အနန္တ စက္ကဝါဠေသု၊
အနန္တ ပါဏိနော ဗဟူ။

(၁၀) ဣမေ သတ္တာ အဝေရာ စ၊
အညမညံ ပိယံ ဘဝ။
ဣမေ သတ္တာ အဝေရာ စ၊
အညမညံ သုခံ ဘဝ။

(၁၁) အနရိယော တိရစ္ဆာနော၊
ပေတော အသုရကော ယမော။
ဣမေ သဗ္ဗေ ယသာ သတ္တာ၊
ဒုက္ခာ မုစ္စန္တု တက္ခဏာ။

(၁၂) ဒသကောဋိ ဒကာဇာ စ၊
နဝကောဋိ ထလာဇာ စ။
သံသေဒဇော ပပါတိကာ၊
ဒီဃာယုကာ ဘဝန္တု တေ။

(၁၃) ဥဒ္ဒံ ယာဝ ဘဝဂ္ဂါ စ၊
အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊
ယေ သတ္တာ ပထဝီစရာ။

(၁၄) အဗျာပဇ္ဇာ နိဝေရာ စ၊
နိဒုက္ခာ စ နုပ္ပဒ္ဒဝါ။
သဗ္ဗေ သတ္တာ အဝေရာ စ၊
သယာ သဗ္ဗေဟိ ဉာတိဘိ။

[မှတ်ချက် — 'ဩ' အက္ခရာ အထက်၌ လထက်ဝက် အရေးတွင် ဗိန္ဒုတင်သည်ကို 'အဓုစန္ဒ' ဟူ၍လည်းကောင်း - 'နာဒဗိန္ဒု' ဟူ၍လည်းကောင်း - သသ်ကရိုင်အလို ဆို၏၊ နှာသီးသို့ လေသက်စေလျက် နှုတ်ပိတ်၍ 'အောင်း' ဟု ဖတ်ရမည်။

'ဥံ' အက္ခရာ 'ဩံ' အက္ခရာတို့သည် ဂါထာမန္တန်၏ အဦး အစ၌ ထားမြဲ အက္ခရာ ဖြစ်သည်၊ သသ်ကရိုင်အဘိဓာန်ဋီကာ အလိုအားဖြင့် ကာရံစောင့်ရှောက်ခြင်း အနက်ကို ဟောသည်၊ ရှေးဆရာတို့ကား ပြီးစီး အောင်မြင်ခြင်း အနက် သမွန်သည်။

'ဇေယျ' ပါဠိသမျှ၌ ဂါထာမန္တန် အလိုအားဖြင့် ဝါစာသိလိုင် ဖြစ်အောင် အဝိဘတ္တိက ဝိဘတ်လောပ ထားလေသည် ဟု မောင်းထောင် သာသနာပိုင် ဆရာတော်က အမှာအထား ပြုထားသည်။]

ဩ ၊ ကာရံ စောင့်ရှောက် ပြီးစီး အောင်မြင်စေသတည်း။ အနေကအန္တရာယ ၁ဃ၊ များစွာသော အန္တရာယ်တို့ကို ပယ်ခြင်းငှာ။ ပထဝီ သဗ္ဗံ၊ မြေကြီး အလုံးစုံကို။ ဇေယျ၊ အောင်မြင်စေလော့။ ပစ္စေက ဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။

ဥပရိ၊ အထက်၌။ မဟာသရော စ၊ ပရမေသူရာ နတ်မင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။

ဟာရော စ၊ ဟာရမည်သော နတ်မင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ ဟာရိဒေဝေါ စ၊ ဟာရိမည်သော ဗိဿနိုးနတ်မင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ ဗြဟ္မာ စ၊ ဗြဟ္မာမည်သော နတ်မင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ ဓတရဋ္ဌော စ၊ ဓတရဋ္ဌနတ်မင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ နာဂေါ စ၊ မဟာနာဂ နဂါးမင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ ဝိရူဠှော စ၊ ဝိရူဠှနတ်မင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ ဝိရူပက္ခော၊ ဝိရူပက္ခနတ်မင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ စန္ဒိမာ စ၊ လမင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။

[ ဟာရိ, ဟာရ, ဗြဟ္မာ ဟူ၍ နတ်မင်း အထူး ၃ ပါး ရှိကြောင်းကို အဘိဓာန်ဋီကာတွင် ဆိုသည်။ ]

ဝိဏ္ဍုနော စ၊ မြတ်သော သိကြားမင်းသည်လည်း။ ဇေယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း၊ ( တနည်း ) ဝိဏ္ဍုနော၊

ငှက်အပေါင်းကို အစိုးရသော။ ဝိနတေယျော ၏၊ ဂဠုန်မင်းသည်လည်း။ ဧယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ ကုဝေရော ၏၊ ကုဝေရ နတ်မင်းသည်လည်း။ ဧယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ ဝရုဏော ပိ၏၊ ဝရုဏ နတ်မင်းသည်လည်း။ ဧယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ အဂ္ဂိဝါရုဏ ပဇ္ဇုန္နော၊ မီးနတ်မင်း လေနတ်မင်း မိုးနတ်မင်းသည်လည်း။ ဧယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ ကုမာရော ၏၊ မဟာပိန္နဲ နတ်မင်းသည်လည်း။ ဧယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။ စတုပါလကော၊ လောကပါလ နတ်မင်းကြီး လေးဦးသည်လည်း။ ဧယျ၊ အောင်မြင်ခြင်းကို ပေးစေသတည်း။

[ ဝိ သဒ္ဒါကား ငှက်ဟော - ကုမာရ သဒ္ဒါကား မဟာပိန္နဲနတ်ဟော ဟူ၍ ကောက္ခရကောသ အဘိဓာန်တွင် ဆိုသည်။ ]

အဋ္ဌာရသမဟာဒေဝါ၏၊ ဗြဟ္မ သောမ ပဇာပတိ အစရှိသော နတ်မင်းကြီး ၁၈ - ပါးတို့သည်လည်း။ ဧယျာ၊ အောင်မြင်ခြင်းကို ပေးစေကုန်သတည်း။ သုခိနော၊ ချမ်းသာကုန်သော။ တာပ သိဒ္ဓယော၊ တန်ခိုးကြီးသော ရသေ့တို့သည်လည်း။ ဧယျာ၊ အောင်မြင်ခြင်းကို ပေးစေကုန်သတည်း။ အသီတိ အဂ္ဂသာဝကာ ၏၊ အသီတိ မဟာသာဝက အဂ္ဂသာဝကတို့သည်လည်း။ ဧယျာ၊ အောင်မြင်ခြင်းကို ပေးစေကုန်သတည်း။ သဗ္ဗေ၊ ဤဆိုခဲ့ပြီးသော အလုံးစုံတို့သည်။ မေ၊ ငါ့အား။ ဧယျာ၊ အောင်မြင်ခြင်းကို ပေးတတ်ကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

[ ဗြဟ္မာ, သောမ, ဘာရဒွါဇ, ပဇာပတိ, ဂေါပါလ စသော ထင်ရှားသော နတ်တို့ကို ရည်၍ နတ်ကြီး ၁၈-ပါး ဆိုသည်။ ]

ဓမ္မော စ၊ တရားတော်သည်လည်း။ ဇေယျော၊ အောင်မြင်ခြင်းကို ပေးစေတတ်၏။ သံဃော စ၊ သံဃာတော်သည်လည်း။ ဇေယျော၊ အောင်မြင်ခြင်းကို ပေးစေတတ်၏။ ဒသဗလော စ၊ မြတ်စွာဘုရားသည်လည်း။ ဇေယျကော၊ အောင်မြင်ခြင်းကို ပေးတတ်၏။ တေန သစ္စဝဇ္ဇေန၊ ဤသစ္စာ စကားဖြင့်။ မေ၊ ငါ့အား။ ဇေယျော စ၊ အောင်မြင်ခြင်းသည်လည်းကောင်း။ သုခီ စ၊ ချမ်းသာခြင်းသည်လည်းကောင်း။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

နရာ စ၊ လူတို့သည်လည်းကောင်း။ ဒေဝါ စ၊ နတ်တို့သည်လည်းကောင်း။ ဗြဟ္မာနော စ၊ ဗြဟ္မာတို့သည်လည်းကောင်း။ ယက္ခာ စ၊ ဘီလူးတို့သည်လည်းကောင်း။ နဂါ စ၊ နဂါးတို့သည်လည်းကောင်း။ ဂရုဠာ စ၊ ဂဠုန်တို့သည်လည်းကောင်း။ တေပိ၊ ထိုအလုံးစုံတို့သည်လည်း။ မယှံ၊ ငါ့အား။ ဒိသွာ၊ မြင်ကုန်၍။ ပိယံ၊ ချစ်ခြင်းကို။ ကရောန္တု၊ ပြုစေကုန်သတည်း။ ပုတ္တော ဣဝ၊ ရင်၌ သားကဲ့သို့။ မမ၊ ငါ့အား။ သိနေဟံ၊ ချစ်ခြင်းကို။ ကရောန္တု၊ ပြုစေကုန်သတည်း။

ဗုဒ္ဓါ စ၊ ဘုရားတို့သည်လည်းကောင်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေက ဗုဒ္ဓါတို့သည်လည်းကောင်း။ အရဟာ စ၊ ရဟန္တာတို့သည်လည်းကောင်း။ အဂ္ဂသာဝကာ စ၊ အဂ္ဂသာဝကတို့သည်လည်းကောင်း။ သဗ္ဗေ၊ ဤခပ်သိမ်းကုန်တို့သည်။ မေ၊ ငါ့အား။

မေတ္တံ၊ မေတ္တာကို။ ကရောန္တု၊ ပြုစေကုန်သတည်း။ သဗ္ဗေ၊ ဤ ခပ်သိမ်းကုန်တို့သည်။ မေ၊ ငါ၏။ မတ္ထကေ၊ ဦးထိပ်၌။ တိဋ္ဌန္တု၊ တည်စေကုန်သတည်း။

တေသံ၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အဂ္ဂသာဝကတို့၏။ မေတ္တာနုဘာဝေန၊ မေတ္တာ အာနုဘော်ကြောင့်။ သဗ္ဗေ၊ ခပ် သိမ်းကုန်သော။ ရောဂါ စ၊ အနာတို့သည်လည်းကောင်း။ သဗ္ဗ ဘယာ စ၊ ခပ်သိမ်းကုန်သော ဘေးတို့သည်လည်းကောင်း။ ဝိ နဿန္တု၊ ပျောက်စေကုန်သတည်း။ သုခီ၊ ချမ်းသာခြင်းတို့ သည်။ ဟောန္တု၊ ဖြစ်စေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝါ၊ ဥပဒ္ဒဝေါတို့သည်လည်း။ နဿန္တု၊ ပျောက်ပျက်စေ ကုန်သတည်း။

ဣမသ္မိံ စက္ကဝါဠေ၊ ဤငါတို့ စကြဝဠာ၌။ အနန္တပါ ထိနော စ၊ အတိုင်းမသိသော သတ္တဝါတို့သည်လည်း။ ဗဟူ၊ များစွာကုန်၏။ အနန္တစက္ကဝါဠေသု စ၊ စကြဝဠာ အနန္တ တို့၌လည်း။ အနန္တပါဏိနော၊ အတိုင်းမသိသော သတ္တဝါတို့ သည်လည်း။ ဗဟူ၊ များစွာကုန်၏။

ဣမေ သတ္တာ၊ ဤအတိုင်းမသိသော သတ္တဝါအပေါင်းတို့ သည်။ အဝေရာ စ၊ ရန်ကင်းကုန်သည် ဖြစ်၍လည်း။ အညမညံ၊ အချင်းချင်း။ ပီယာ၊ ချစ်ခင်ကြသည်။ ဘဝ၊ ဖြစ်ခလေစေ။ ဣမေ သတ္တာ၊ ဤအတိုင်းမသိသော သတ္တဝါအပေါင်းတို့သည်။ အ ဝေရာ စ၊ ရန်ကင်းကုန်သည် ဖြစ်၍လည်း။ အညမညံ၊ အချင်း ချင်း။ သုခံ၊ ချမ်းသာကြသည်။ ဘဝ၊ ဖြစ်လေစေ။

အနရိယော စ၊ မသူတော်အပေါင်းသည် လည်းကောင်း။ တိရစ္ဆာနော စ၊ တိရစ္ဆာန်အပေါင်းသည် လည်းကောင်း။ ပေတော စ၊ ပြိတ္တာအပေါင်းတို့သည် လည်းကောင်း။ အသုရကော စ၊ အသုရကာယ်သည်လည်းကောင်း။ ယမော စ၊ ယမမင်းသည်လည်းကောင်း။ တတ္ထကာ၊ ထိုမျှလောက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ယထာ၊ အကြင်အခြင်းဖြင့်။ ဒုက္ခာ၊ ဆင်းရဲမှ။ မုဥ္စန္တု၊ လွတ်စေကုန်သတည်း။

ဒသကောဋိဒကာဇာ စ၊ ရေနေ ဆယ်ကုဋေတို့သည် လည်းကောင်း။ နဝကောဋိထလဇာ စ၊ ကြည်းနေ ကိုးကုဋေတို့သည် လည်းကောင်း။ သံသေဒဇော ပပါတိကာ စ၊ သံသေဒဇ ဥပပါတ်တို့သည် လည်းကောင်း။ တေ၊ ထိုအားလုံးစုံတို့သည်။ ဒီဃာယုကာ၊ အသက်ရှည်ကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

ဥဒ္ဓံ၊ အထက်၌။ ယာဝ ဘဝဂ္ဂါ စ၊ ဘဝဂ်တိုင်အောင် လည်းကောင်း။ အဓော၊ အောက်၌။ ယာဝ အဝီစိတော၊ အဝီစိတိုင်အောင် လည်းကောင်း။ သမန္တာ၊ ထက်ဝန်းကျင်မှ။ စက္ကဝါဠေသု စ၊ စကြဝဠာတို့၌ လည်းကောင်း။ ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ ပထဝီစရာ၊ မြေ၌ သွားလာကုန်၏။

တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အဗျာပဇ္ဇာ စ၊ ကြောင့်ကြကင်းကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ နိဝေရာ စ၊ ရန်ကင်းကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ နိဒုက္ခာ စ၊ ဆင်းရဲခြင်း ကင်းကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ နုပဒ္ဒဝါ၊ ဘေးရန်ကင်းကုန်သည်လည်း။ ဟောန္တု၊

ဖြစ်စေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အဝေရာ စ၊ ရန်ကင်းကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

[ ဤ ဂါထာ မန္တန်တွင် အာသီသ ပါသော အရာ၌ အာသီသကို နှလုံးမူ၍ — မေတ္တာပါသော အရာ၌လည်း မေတ္တာကို ရှေးရှု၍ ရွတ်ဖတ် သရဇ္ဈာယ်လေ ဟု မောင်းထောင် သာသနာပိုင် ဆရာတော်က အမှာအထား ပြုသည်။ ]

---

## ကာလာသောကမင်း

## နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်သော

## ပထဝီဝဏ္ဏ မန္တန် ( ၄ ) ဂါထာ

မောင်းထောင် သာသနာပိုင် ဆရာတော်က ဘိုးတော်မင်းတရားကြီးအား သွင်းတော်မူသော နန်းစဉ်သုံး ဂါထာ မန္တန် ( ၃၀ ) အနက် ပထဝီဝဏ္ဏ မန္တန် ( ၄ ) ဂါထာမှာ ကာလာသောကမင်းကြီး နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်လေ့ရှိသော ဂါထာ မန္တန် ဖြစ်သည်။

ကာလာသောကမင်းကြီးမှာ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ်( ၁၀၀ )တွင် ဒုတိယ သံဂါယနာတင်ထော်မူခဲ့သော ဘုရင် ဖြစ်သည်၊ မဇ္ဈိမဒေသ ဣန္ဒိယရာဇဝင်၌

အောင်မြင်သော ဘုရင်တပါး အဖြစ်ဖြင့်လည်း ထင်ရှားသူ ဖြစ်သည်။

ယင်း ပဏ္ဍိတ္တ မန္တန် (၄) ဂါထာမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(၁) ဩံ ပထဝိ ဗလ သုန္ဒရိ၊
သဗ္ဗညု ဗောဓိ မင်္ဂလံ။
အသင်္ချေယျံ မာရသေနံ၊
ဇေယော ဇယတု မင်္ဂလံ။

(၂) သိဒ္ဓိကမ္မံ အဟံ သာမိ၊
သဗ္ဗသတ္တရု ဝိနသန္တု။
ယေန သဗ္ဗေန သံယမော၊
ဟောတု မေ ဇယ မင်္ဂလံ။

(၃) ဣတိပိ သော ဘဂဝါ ဝုတ္တော၊
ဣတိ မန္တာ သုခါဝဟာ။
နိလော သော ဘဂဝါ ဝုတ္တော။

(၄) ဩံ ကရဏီယ မတ္ထ ကုသလေန၊
ယန္တံ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဒေဝ ရာဇာ မုနိ၊
ဒကရက္ခ အာဋာနာဋိက ဣဟွတ် ဣဟွတ်။

ဩံ၊ ကာရံ စောင့်ရှောက် ပြီးစီး အောင်မြင် စေသတည်း။
သဗ္ဗညု ဗောဓိမင်္ဂလံ၊ သဗ္ဗညုဘုရားကော်တော်၏ ကြည်လင်ခြင်း

ကို ယူရာ ဖြစ်သော။ ဗလသုန္ဒရိ၊ အားဖြင့် ကောင်းမြတ် နိုင်ခံ့သော။ ပထဝီ၊ မြေအပြင်၌။ အသင်္ခေယျံ၊ မရေတွက် နိုင်သော။ မာရသေနံ၊ မာရ်ငါးပါးတို့၏ စစ်သည်ကို။ ဇယော၊ အောင်မြင်တော်မူလေပြီ။ တံ - တေဇသာ၊ ထို မာရ်ငါးပါးတို့၏ စစ်သည်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား တန်ခိုး တော်ကြောင့်။ မေ၊ ငါ့အား။ မင်္ဂလံ၊ မင်္ဂလာသည်။ ဇယတု၊ ပြီးစီး အောင်မြင်စေသတည်း။

အတ္တံ၊ ငါသည့်။ သိဒ္ဓိကမ္မံ၊ အမှုခပ်သိမ်း ပြီးစီးခြင်းကို။ သာမိ၊ အစိုးပိုင်စေသတည်း။ သဗ္ဗသတ္တုရု၊ ရန်သူ ခပ်သိမ်း တို့သည်။ ဝိနဿန္တု၊ ပျောက်ပျက်စေကုန်သတည်း။ ယေန သစ္စေန၊ အကြင်သို့သော သစ္စာဖြင့်။ သံယမော၊ စောင့်စည်း ၏။ တေန သစ္စေန၊ လိုသို့သော သစ္စာကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေ သတည်း။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟာ မည်တော်မူ၏ ဟူ၍။ ဝုတ္တော၊ ငါ သရဏ္ဍာယ်ဆောက်တည်ပြီ။ မန္တာ၊ မန္တရား မန္တန်တို့သည်။ သုခါဝဟာ ဣတိ၊ ချမ်းသာကို ဆောင်ပေတတ် ကုန်၏ ဟူ၍လည်း။ ဝုတ္တော၊ ငါ သရဏ္ဍာယ် ဆောက်တည်ပြီ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ နိလော၊ အပြစ်ရှိတော် မမူ—အပြစ်ကင်းတော်မူ၏ ဟူ၍လည်း။ ဝုတ္တော၊ ငါ သရဏ္ဍာယ် ဆောက်တည်ပြီ။

ယံ ပဒံ၊ အကြင်နိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက် ချမ်းမြေ့၏။

တံ ပဒံ၊ ထိုနိဗ္ဗာန်ကို။ အဘိသမေစ္စ၊ ကောင်းစွာ ရှေးရှု ရည်မှတ်၍။ အတ္တကုသလေန၊ အကျိုးစီးပွား၌ လိမ္မာသသူသည်။ ကရဏီယံ၊ ပြုအပ်၏ - ကျင့်အပ်၏ ဟူ၍လည်း။ ဝုတ္တော၊ ငါ သရဏ္ဌာယ် ဆောက်တည်ပြီ။ ဩ ၊ ပြီးစီး အောင်မြင်စေသတည်း။ သတ္တော ဒေဝရာဇာ၊ သိကြားနတ်မင်း။ မုနိ၊ ရသေ့မုနိ။ ဒကရက္ခ၊ ဒကရက္ခိုသ်။ အာဠဝက၊ အာဠဝက ဘီလူး။ ဣမေ၊ ဤ အသုံးစုံတို့သည်၊ ဣဟွတ်၊ ပြီးစီး အောင်မြင်ခြင်းငှာ အားထုတ်စေကုန်သတည်း။ ဣဟွတ်၊ ပြီးစီး အောင်မြင်ခြင်းငှာ လုံ့လမူစေကုန်သတည်း။

[မှတ်ချက် — ဤပထဝီဂဏ္ဍ မန္တန် (၄) ဂါထာတွင် ပါဝင်သော 'ပထဝီ ဗလ သုန္ဒရီ' ဂါထာသည် တြိုသိဟ (၄) ဂါထာမှာလည်း ပါဝင်သည်၊ 'အဟံ' ဟူ၍လည်းကောင်း 'မမ္မ စက္ကံ' ဟူ၍လည်းကောင်း ရှစ်လုံးဘွဲ့ဂါထာက အက္ခရာ အလွန်ရှိသည်၊ အက္ခရာ မလွန်သင့်ပြီ၊ တြိုသိဟဂါထာ၌လည်း မပါ။

ဤ၌ 'ဣဟွတ်' ကား ဣဟဓာတ်ဖြင့် ပြီးသော သက္ကတပုဒ်တည်း၊ 'ဤဟ' ဓာတ် ကဲ့သို့ 'ဣဟ' ဓာတ်သည် 'ဝါယာမ' အနက်ဟော၊ ကြံ၍ အားထုတ်ခြင်း - လုံ့လ မူခြင်း အနက် ဟောဇနာသည် 'ဟ' ဆွဲနှင့် မရှိလို၊ 'ဟ' မဆွဲပဲ 'ဝ' ဆွဲ သက်သက်သာ ရွတ်ဖတ်သင့်သည် ဟု မောင်းဒေါင် သာသနာပိုင် ဆရာတော်က အမှာအဆားပြုသားသည်။]

## ဘဒ္ဒသေနမင်း
## အမြဲ ရွတ်ဖတ် သရဇ္ဈာယ်သော
## ကြိသိဟ မန္တန် ( ၄ ) ဂါထာ

မောင်းထောင် သာသနာပိုင် ဆရာတော်က ဘိုးတော်မင်း တရားကြီးအား သွင်းတော်မူသော နန်းစဉ်သုံး ဂါထာ မန္တန် ( ၃၀ ) အနက် ကြိသိဟ မန္တန် ( ၄ ) ဂါထာမှာ ဘဒ္ဒသေန မင်း အမြဲရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသော ဂါထာမန္တန် ဖြစ်သည်။

ဘဒ္ဒသေနမင်းမှာ ဒုတိယ သံဂါယနာတင် ကာလာ သောကမင်းကြီး၏ သားတော် တကျိပ် အနက် အကြီးဆုံး သားတော် ဖြစ်သည်၊ ကာလာသောကမင်းကြီး နတ်ရွာစံသော အခါ သာဝတ္ထိ ထီးနန်းကို အောင်မြင်စွာ ဆက်ခံ သိမ်းပိုက် နိုင်ခဲ့သော ဘုရင်လည်း ဖြစ်သည်။

ယင်း ကြိသိဟမန္တန် ( ၄ ) ဂါထာမှာ အောက်ပါအတိုင်း ဖြစ်သည်။

( ၁ ) ကြွံ ကြိံ သိဟော သတ္တ နာဂေါ၊
ပဉ္စ ဗီဿနု မေဝ စ။
စတု ဒေဝေါ ဆ ဝဿရော၊
ပဉ္စ ဗုန္ဒာန မေဝ စ။

( ၂ ) ဧကော ယက္ခော နဝ ဒေဝါ၊
ပဉ္စ ဗြဟ္မာ သဟမ္ပတိ။
ဒွေ ရာဇာ အဋ္ဌ ရဟန္တာ၊
ပဉ္စ ဗုဒ္ဓါ မဟာမုနိ။

(၃) ဤ တတြ တတြ သဗ္ဗသောလေ၊
မဟာ သမ္ပတြ သွာဟာ။

(၄) ပထဝီ ဗလ သုန္ဒရီ၊
သမ္ဗုည ဗောဓိမဏ္ဍလံ။
အသင်္ချေယျံ မာရသေနံ၊
ဇေယော ဇယတု မင်္ဂလံ။

ဤ၊ ကာရံ စောင့်ရှောက် ပြီးစီး အောင်မြင်စေသတည်း။ ဗြဲ့ သီဟော၊ ခြင်္သေ့ ၃ - ပါး။ သတ္တ နာဂေါ၊ နဂါး၊ ၇ - ပါး။ ပဉ္စ ဗိဿနု မေဝ စ၊ ဗိဿနိုးလည်း ၅ - ပါး၊ စတု ဒေဝေါ၊ စတု မဟာရာဇ် ၄ - ပါး။ ဆ ဝဿရော၊ ဝဿဝရော ကုမ္ဘဏ် ၆ - ပါး။ ပဉ္စ ဣန္ဒာန မေဝ စ၊ သိကြားလည်း ငါးပါး။

ဧကော ယက္ခော၊ ဘီလူး ၁ - ပါး။ နဝ ဒေဝေါ၊ နတ်ကြီး ၉ - ပါး။ ပဉ္စ ဗြဟ္မာ သဟမ္ပတိ၊ သဟမ္ပတိ ဗြဟ္မာ ၅ - ပါး။ ဒွေ ရာဇာ၊ စကြာမင်း ၂ - ပါး။ အဋ္ဌ ၎ဟန္တာ၊ ရဟန္တာ ၈ - ပါး။ ပဉ္စ ဗုဒ္ဓေါ မဟာမုနိ၊ မုနိတကာတို့ထက် မြတ်သော ဘုရား ၅ - ဆူ။ တေ သဗ္ဗေ၊ သို အလုံးစုံတို့သည်။ မံ၊ ငါ့ကို။ ရက္ခန္တု၊ စောင့်ရှောက်စေကုန်သတည်း။

ဤ၊ ကာရံ စောင့်ရှောက် ပြီးစီး အောင်မြင်စေသတည်း။ တတြ တတြ၊ ထိုထိုသို့သော။ သဗ္ဗေသောလေ၊ အလုံးစုံသော တောင်၌။ မဟာ၊ များစွာသော နတ်အပေါင်းတို့သည်။

သမ္မုတြာ၊ အညီအညွတ် စည်းဝေး၍။ သွာဟာ၊ ကောင်းစွာ ပြောဆို စောင်မစေသတည်း။

သဗ္ဗညု ဗောဓိမဏ္ဍလံ၊ သဗ္ဗညုတဉာဏ်၏ ကြည်လင်ခြင်းကို ယူရာ ဖြစ်သော။ ဗလသုန္ဒရီ၊ အားဖြင့် ကောင်းမြတ်နိုင်ခဲ့သော။ ပထဝီ၊ မြေအပြင်၌။ အသင်္ချေယျံ၊ မရေတွက်နိုင်သော။ မာရသေနံ၊ မာရ်ငါးပါးတို့ စစ်သည်ကို။ ဇယော၊ အောင်မြင်တော်မူလေပြီ။ တံ - တေဇသာ၊ ထို မာရ်ငါးပါးတို့ စစ်သည်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား တန်ခိုးတော်ကြောင့်။ မေ၊ ငါ့အား။ မင်္ဂလံ၊ မင်္ဂလာသည်။ ဇယတု၊ အောင်မြင်စေသတည်း။

[ မှတ်ချက် — အချို့ လောကီမန္တန် ပေမူများ၌ 'ကြံ့ သီဟော' တဂါထာသာ ရှိသည်၊ အချို့ ပေမူများ၌လည်း 'ပထဝီ ဗလသုန္ဒရီ' တဂါထာသာ ရှိသည်၊ လေးဂါထာ မရှိပေ၊ သို့သော် လေးဂါထာ အပြည့်အစုံ ရှိမှ သင့်မြတ်မည်၊ အဘယ့်ကြောင့်ဆိုသော် —

ခြင်္သေ့ ၃ - ပါး၊ နဂါး သတ္တ၊ ပဉ္စ ဗိဿနိုး၊
၄ - မျိုး မဟာရာဇ်၊ ရန်စစ် ပယ်ချ၊ ဆ ဝဿရော၊
ဣန္ဒြာ ၅ - ယောက်၊ စောင့်ရှောက်တဦး၊ ဘီလူး
အာဋာဝက၊ ဒေဝ ၉ - မည်၊ ထက်ပြည် သုဒ္ဓါ၊
ဗြဟ္မာ ၅ - ယောက်၊ လေးကျွန်း ပေါက်သည်၊
၂ - ယောက် စက္ကဝတ်၊ အထွဋ်တင်ထား၊ ၈ - ပါး

ရဟန္တာ၊ ဤကမ္ဘာတွင်၊ မြတ်စွာဘုန်းထူး၊ ပေါင်း
၅ ဦးကို၊ ကြည်နူး အင်ပြည့်၊ ကိုးကွယ်၏။

ဟုရှေးသူဟောင်းတို့ ဆိုသည့် အရလည်း လေးဂါထာ အပြည့်အစုံရှိမှ ညီညွတ်မည် ဖြစ်သောကြောင့်တည်း၊ အနက်ကိုလည်း အဓိပ္ပာယ် သင့်အောင် ပါဌသေသနှင့် တကွ သမ္မာန်ထားသည်။

ထို့ပြင် အချို့ ပေမူများ၌ 'ဆ ဝသာရော' တွင် 'ရာဇာ' အက္ခရာ နှစ်လုံး အလွန်နှင့် ရှိတတ်သည်၊ မလွန်သင့်ပြီ။

'သွာဟ' ၌လည်း 'သွားဟ' ဟု အချို့ မူများ၌ ရှိတတ်သည်၊ သသ်ကရိုက် ကျမ်းများ၌ ယင်းသို့ 'သွားဟ' ဟု ဝိသဇ္ဇနီနှင့် မမြင်၊ အနက်သဘောလည်း မရသောကြောင့် ဝိသဇ္ဇနီနှင့်မရှိသင့်ပြီဟု မောင်းထောင် သာသနာပိုင် ဆရာတော်က မှတ်ချက်ပြုထားသည်။ ]

---

## သီဟဗာဟုမင်းကြီး
## အမြဲ ရွတ်ဖတ် သရဇ္ဈာယ်သော
## မာရဝိဇယ မန္တန် (၅) ဂါထာ

မောင်းထောင် သာသနာပိုင် ဆရာတော်က ဘိုးတော် မင်းတရားကြီးအား သွင်းတော်မူသော နန်းစဉ်သုံး ဂါထာ မန္တန် (၃၀) အနက် မာရဝိဇယ မန္တန် (၅) ဂါထာမှာ

သီဟဗာဟု မင်းကြီး ရွတ်ဖတ် သရဇ္ဈာယ်လေ့ ရှိသော ဂါထာ မန္တန် ဖြစ်သည်။

ထို့ကြောင့်လည်း သီဟဗာဟု မင်းကြီးသည် ရန်ဟူသမျှကို အောင်မြင်တော်မူခဲ့သည်။

ယင်း မာရဝိဇယ မန္တန် ( ၅ ) ဂါထာမှာ အောက်ပါအတိုင်း ဖြစ်သည်။

( ၁ ) ဗုဒ္ဓေါ တိလောက ဘဝအန္တကရော ဥဒေန္တုံ၊
နာဂံ သသေန အတိကက္ခဠ မာရဒေဝံ။
ထာမာ သယာတိတာဝသေန ဇိနော ဇယန္တော၊
တေနေ အတ္တု ဇယမင်္ဂလ မဂ္ဂမေကံ။

( ၂ ) မဂ္ဂံ နာဝ နရဒေဝဟိတာ ဝဟန္တော၊
မောဟာသာ သင့်ီတ သဟာသာ ဒီယာစု တကျုံ။
ဥပပ္ပတ္တိ မံသာနဝသေန ဇိနော ဇယန္တော၊
တေနေ အတ္တု ဇယမင်္ဂလ မဂ္ဂမေကံ။

( ၃ ) သက္ကျာဒိဝံသ ပဝရော ဂဂနောဝ ပဗ္ဗော၊
သောင်္ဂါတိ ရူဠ္ဌမကုဋ္ဌော တယ လောကနာထော။
အခံရတောဇ ဝိမမေန ဇိနော ဇယန္တော၊
တေနေ အတ္တု ဇယမင်္ဂလ မဂ္ဂမေကံ။

( ၄ ) ဆဗ္ဗဏ္ဏရံသိ ပဝရော ဝရထာမ ကာဒယော၊
နန္ဒံ နိဝဏ္ဏဝိရင်္ဂ သုဘာခန္ဓမာရံ။
သက္ကာယ ဟေတု ပဇဟေန ဇိနော ဇယန္တော၊
တေနေ အတ္တု ဇယမင်္ဂလ မဂ္ဂမေကံ။

(၅) ဗာတ္တိံ သလက္ခဏာမဗျော အတုဓပဲတာ ပုညော၊
ဗာဠံ မဟန္တဗလဝံ အတိမစ္ဆုမာရံ။
တိဗ္ဗော ပရိညာကရဏေန ဇိနော ဇယန္တော၊
ဧတေန အတ္ထု ဇယမင်္ဂလ မဂ္ဂမေကံ။

[မှတ်ချက် — ၁၄ - လုံးဘွဲ့ ဝသန္တတိလက ဂါထာ ဖြစ်၍ ဘာဂိုဏ်း လိုသောကြောင့် 'သသေန' 'သင်္ခါရ' များ၌ နိဂ္ဂဟိတ်ကို ချေထားသည်ဟု မောင်းထောင် သာသနာပိုင် ဆရာတော်က အမှာအထား ပြုထားသည်။]

ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားကို သိတော်မူပြီးထသော။ တိလောက ဘဝအန္တကရော၊ လောကသုံးပါး၌ ဘဝ၏ အဆုံးကို ပြုတော်မူတတ်ထသော။ ဇိနော၊ မြတ်စွာဘုရားသည်။ နာဂံ၊ ဂိရိမေခလာ ဆင်ထက်သို့။ ဥဒေန္တံ၊ တက်စီးလျက်သော။ သသေနံ၊ စစ်သည်နှင့် တကွသော။ အတိကက္ခဠ မာရဒေဝံ၊ အလွန် ကြမ်းတမ်းသော မာရ်နတ်မင်းကို။ ထာမာသယာတိတဝသေန၊ အစွမ်းအရာကို လွန်သော သတ္တိဖြင့်။ ဇယန္တော၊ အောင်မြင်တော်မူလေပြီ။ ဧတေန၊ ဤသစ္စာစကားဖြင့် ဤမာရ်နတ်မင်းကို အောင်မြင်တော်မူသော တန်ခိုးတော်ကြောင့်။ မေ၊ ငါ့အား။ တေ၊ အတူ မရှိသော။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ အတ္ထု၊ ဖြစ်စေသတည်း။

မဂ္ဂံ နာဝ နရဒေဝ ဟိတာဝဟန္တံ၊ မဂ္ဂင် တည်းဟူသော သင်္ဘောလှေဖြင့် လူနတ်တို့ကို အစီးအပွား ဖြစ်သော

နိမ္မာန်သို့ ဆောင်တော်မူတတ်သော။ ဇိနော၊ မြတ်စွာဘုရားသည်။ မောဟာသ သင့်တ သာဟာသာ ဒီယာစု တကော်၊ မောဟသည် စိရင်အပ်သော တထောင့်ငါးရာ ကိလေသာ ဟူသော မာရ်ကို။ ဥပ္ပတ္တိမံသနဝသေန၊ ဖြင်ခြင်းကို ဖျက်ဆီးတတ်သော ထတ္တမြင့်။ ဇယန္တော၊ အောင်မြင်တော်မူလေပြီ။ ဧတေန၊ ဤသစ္စာစကားဖြင့် ဤ ကိလေသာမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား တန်ခိုးတော်ကြောင့်။ မေ၊ ငါ့အား။ ဇော၊ အတူမရှိသော။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ အတ္ထု၊ ဖြစ်စေသတည်း။

သကျာဒိဂံသ ပဝရော၊ သာကီဝင် စသော အနွယ်ဖြင့် မြတ်တော်မူသော။ ဂုဏော ဝ ပသော၊ ကောင်းကင်ပြင်ကဲ့သို့ ကျယ်သော ပညာ ရှိတော်မူသော။ သေဋ္ဌာတိ ရူပမက ငွေ၊ မြတ်သသူ တို့ထက် လွန်မြတ်သော ဦးစွန်း မကိုင်ငြသဖွယ် ဖြစ်တော်မူသော။ တယလောကနာထော၊ လောကသုံးပါး၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဇိနော၊ မြတ်စွာဘုရားသည်။ တေဇဝိဓမေန၊ အရှိန်အစောင်ကို ဖျက်ဆီးသော သတ္တိဖြင့်။ သင်္ခါရံ၊ သင်္ခါရမာရ်ကို။ ဇယန္တော၊ အောင်မြင်တော်မူလေပြီ။ ဧတေန၊ ဤ သစ္စာစကားဖြင့် ဤ သင်္ခါရမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား တန်ခိုးတော်ကြောင့်။ မေ၊ ငါ့အား။ ဇော၊ အတူမရှိသော။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ အတ္ထု၊ ဖြစ်စေသတည်း။

သဗ္ဗညုရံသိ ပဝရော၊ ရောင်ခြည် ခြောက်သွယ်ဖြင့် မြတ်တော်မူထသော။ ဝရထာမကာယော၊ မြတ်သောအား - မြတ်

သောကိုယ် ရှိတော်မူထသော။ ဇိနော၊ မြတ်စွာဘုရားသည်။ နန္ဒံ၊ နှစ်သက်ဖွယ်သော။ နိဝဏ္ဏဝိရင်၊ မှူကြေးကင်းသောမြဲသော၊ အဆင်း ရှိသော။ သုဘာခန္ဓမာရံ၊ တင့်တယ်သော ခန္ဓာ့မာရ်ကို။ သက္ကာယဟေတု ပဇဟေန၊ သက္ကာယဒိဋ္ဌိ ဟူသော အကြောင်းကို ပယ်သော သင့်ဖြင့်။ ဇယန္တော၊ အောင်တော်မူလေပြီ။ တေန၊ ဤ သစ္စာစကားဖြင့် ဤ ခန္ဓာ့မာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား တန်ခိုးတော်ကြောင့်၊ မေ၊ ငါ့အား။ ကေ၊ အတူမရှိသော။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ။ အောင်ခြင်း မင်္ဂလာသည်၊ အတ္ထု၊ ဖြစ်စေသတည်း။

ဗာတ္တိံသလက္ခဏာဓရော၊ လက္ခဏာကြီး ၃၂ -ပါးကို ဆောင်တော်မူသော။ အတုဓပတာပုညော၊ အလွန်သော ဘုန်းတော်နှင့် ပြည့်စုံတော်မူသော။ ဇိနော၊ မြတ်စွာဘုရားသည်။ ဗာဠံ၊ ပြင်းထန်စွာသော။ မဟန္တ ဗလဝံ၊ များသော အားရှိသော။ အတိမစ္စုမာရံ၊ အလွန်သော မစ္စုမာရ်ကို။ တိသော ပရိညာကာရဏေန၊ ပရိညာဏ် ၃ -ပါးကို ပြုသော သတ္တိဖြင့်။ ဇယန္တော၊ အောင်မြင်တော်မူလေပြီ။ တေန၊ ဤ သစ္စာစကားဖြင့် ဤ မစ္စုမာရ်ကို အောင်တော်မူသော မြတ်စွာဘုရား တန်ခိုးတော်ကြောင့်။ မေ၊ ငါ့အား။ ကေ၊ အတူ မရှိသော။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ အတ္ထု၊ ဖြစ်စေသတည်း။

[ ဤ မာရဝိဇယ ( ၅ ) ဂါထာကို နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်ပါက ဘေးအန္တရာယ် ကင်းရုံမက လာဘ် လာဘပေါများခြင်း, တန်ခိုး အာဏာ ကြီးမားခြင်း,

ဖစ္စည်းဥစ္စာ တိုးတက်ခြင်း စသော ကောင်းကျိုးများ လည်း ရရှိနိုင်သေးသည်။

ဤမာရဝိဇယ ဂါထာကို ပဥ္စဝိဇယ မန္တန် (၅) ဂါထာဟုလည်း ခေါ်ကြသေးသည်။ ]

---

## ပဥ္စဝိဇယ အချုပ် ဂါထာ မန္တန်

အထက်ပါ ပဥ္စဝိဇယ မန္တန် (၅) ဂါထာ၏ အချုပ် ဂါထာမှာလည်း အောက်ပါ အတိုင်း ဖြစ်သည်။

ဒေဝပုတ္တ ကိလေသဉ္စ၊
ခန္ဓ မစ္စု ဘိသင်္ခါရံ။
ပဉ္စ မာရံ ဇိနော ဗုဒ္ဓေါ၊
တံ တေဇသာ ဘဝတု မေ။

ဒေဝပုတ္တ ကိလေသဉ္စ၊ ဒေဝပုတ္တမာရ် - ကိလေသာမာရ် လည်းကောင်း။ ခန္ဓ မစ္စု ဘိသင်္ခါရဉ္စ၊ ခန္ဓမာရ် - မစ္စုမာရ် - အဘိသင်္ခါရမာရ်လည်းကောင်း။ ပဉ္စမာရံ၊ ဤ မာရ်ငါးပါး ကို။ ဗုဒ္ဓေါ၊ မြတ်ဘုရားသည်။ ဇိနော၊ အောင်မြင်တော် မူလေပြီ။ တံ တေဇသာ၊ ထိုမာရ်ငါးပါးကို အောင်မြင်တော် မူသော မြတ်စွာဘုရား တန်ခိုးတော်ကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေ သတည်း။

မောင်းထောင် သာသနာပိုင် ဆရာတော်က ဘိုးတော် မင်းတရားကြီးအား သွင်းတော်မူသော ဂါထာမန္တန် (၃၀)

တွင် ဤ ပဋ္ဌဝိဇေယျ အချုပ် ဂါထာ မန္တန်လည်း ပါဝင်ကြောင်း အထက်က ဖော်ပြခဲ့ပြီး ဖြစ်သည်။

—

## အာယုဒီဃ မန္တန် ( ၂ ) ဂါထာ

ထို့ပြင် မောင်းထောင် သာသနာပိုင် ဆရာတော်က ဘိုးတော် မင်းတရားကြီးအား သွင်းတော်မူသော ဂါထာ မန္တန် ( ၃၀ ) တွင် ပါဝင်သည့် အာယုဒီဃ မန္တန် ( ၂ ) ဂါထာ မှာလည်း အောက်ပါအတိုင်း ဖြစ်သည်။

( ၁ ) သော ဘာ ဇေ ဗ ယ တော လာ အာ၊
ချ ဂျ ယ လ သ ဇော ဘ ယု။
အဋ္ဌ ဝရာနိ မာနေဝ၊
ဝစုန္တု ဇိနတေဇသာ။

( ၂ ) ယာဝဇီဝံ မမံ အဋ္ဌ၊
မာဝဿေထ အနုတ္တရော။
သဗ္ဗလောကာနုကမ္ပာယ၊
မမ ဇီဝေန ဇီဝတု။

သောချ၊ ချမ်းသာခြင်း လည်းကောင်း။ ဘာဂျ၊ ဘုန်းကြီးခြင်း လည်းကောင်း။ ဇေယ၊ အောင်အပ်သော ရန်ကို အောင်ခြင်း လည်းကောင်း။ ဗလ၊ ခွန်အားကြီးခြင်း လည်းကောင်း။ ယသ၊ အခြံအရံများခြင်း ကျော်စောခြင်း လည်းကောင်း။

တေဇော၊ တန်ခိုးကြီးခြင်း လည်းကောင်း။ လာဘာ လာဘ် သပ္ပကာ များခြင်း လည်းကောင်း။ အာယု၊ အသက်ရှည် ခြင်း လည်းကောင်း။ ဣမာနေ၀ အဒ္ဓ ၀ရာနိ၊ ဤ ရှစ်ပါး သော ဆုတို့သည်။ ငါနေတေဇသာ၊ မြတ်စွာဘုရား တန်ခိုး တော်ကြောင့်။ ၀ရန္တု၊ ပွားများစေကုန်သတည်း။

အဇ္ဇ၊ ယနေ့ကို အစမူ၍၊ ယာ၀ဇီဝံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ အနုတ္တရော၊ အတုမရှိသော မြတ်စွာဘုရား သည်။ မမံ၊ ငါ့ကို - ငါ့၌။ သဗ္ဗလောကာနုကမ္ပာယ၊ ခပ်သိမ်း သော လောကကို အစဉ် သနားခြင်းငှာ။ အာဝသေထ၊ စွဲ၍ တည်နေပါစေ။ မမ၊ ငါ၏။ ဇီဝေန၊ အသက်ဖြင့်။ ဇီဝတု၊ အသက်ရှည်ပါစေ။

[မှတ်ချက် — ဤ အာယုဒီဃ မန္တန် (၂) ဂါထာ အနက် ပဌမဂါထာကို နရည်းစရာခတ်နည်းဖြင့် ဖွဲ့ဆိုထားသည်၊ ထို့ကြောင့် ယင်း ပဌမဂါထာကို အနက်သမ္ဗန်သော အခါ ပဌမပါဒ နှင့် ဒုတိယပါဒကို တွဲ၍ ပဌမပါဒမှ အက္ခရာနှင့် ၎င်း၏ အောက်တည့်တည့်၌ ရှိသော ဒုတိယ ပါဒမှ အက္ခရာကို 'သောချ' 'ဘာဂျ' 'ဇေသ' စသည်ဖြင့် တွဲ၍ အနက် သမ္ဗန်ရမည်။

• လောကီပညာရပ်များ၏ လျှို့ဝှက် စီရင်မှုများ ပင်တည်း။

ဟံသာဝတီ နေပြည်တော် မြေစေတီ မင်းကြီးသည်

လည်း ဤဂါထာကို အမြဲ ဆောင်တော်မူကြောင်း နောက်၌ ဖော်ပြပါဦးမည်။ ]

ဤတွင်ရွှေ့
မောင်းထောင် သာသနာပိုင် ဆရာ တော်
သွင်းတော်မူသော ဂါထာ ၃၀ ပြီး၏။

---

သီရိဓမ္မာသောကမင်းကြီးအား
ရဟန္တာ အရှင်မြတ်များ ပေးသနားအပ်သော

## ဓမ္မကန္တာ သည်းခြေ မန္တန်

သီရိဓမ္မာသောကမင်းကြီးသည် ပါဋလိပုတ်ပြည်၌ အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာ အရှင် မြတ်တို့အား ခေါင်းဆောင်စေကာ တတိယ သံဂါယနာ တင် တော်မူခဲ့သည်၊ ထိုမင်း လက်ထက်တော်၌ ကိုးတိုင်း ကိုးဌာနသို့ လည်း သာသနာပြု စေလွှတ်ခဲ့သည်။

ထိုစဉ်က ရဟန္တာ အရှင်မြတ်များသည် သီရိဓမ္မာသောက မင်းကြီးအား အောက်ပါ ဂါထာ မန္တန်ကို ပေးသနား တော်မူ ခဲ့ကြသည်။

သုတ္တန္တေ နူနအာကာရာ၊
ဝိနယေ နူနဥပဋ္ဌာ။
အဘိဓမ္မေ ဉာဏသြရောဿာ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

သုတ္တန္တေ၊ သုတ္တန် ပိဋကတော်၌။ နူနအာကာရာ၊ နှစ်

သောင်း တထောင် ကုန်သော ဓမ္မက္ခန္ဓာတို့ကိုလည်းကောင်း။ ဝိနယေ၊ ဝိနည်း ပိဋကတော်၌။ ဒွေအသီတိ သဟဿာနိ၊ နှစ်သောင်း တထောင် ကုန်သော ဓမ္မက္ခန္ဓာတို့ကိုလည်းကောင်း။ အဘိဓမ္မေ၊ အဘိဓမ္မာ ပိဋကတော်၌။ ဥာဏဩဃရောဟာ၊ လေးသောင်း နှစ်ထောင် ကုန်သော ဓမ္မက္ခန္ဓာတို့ကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ သမ္ဗဒ္ဓါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုရှစ်သောင်း လေးထောင် ကုန်သော ဓမ္မက္ခန္ဓာတို့ကို ရှေ့ညမကွာ ရှိခိုးပါရ ပုညအပြား ကုသိုလ်အားကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ တေပိဋကဓရော၊ ပိဋက သုံးပုံကို ဆောင်နိုင်သော။ မဟာပုရိသော၊ ယောကျ်ားမြတ်သည်။ ဘဝေယျ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

[ မှတ်ချက်—အနက်တွင် 'တေန၊ ထိုရှစ်သောင်း လေး ထောင် သော ဓမ္မက္ခန္ဓာတို့ကို' မှစ၍ 'ဘဝေယျ၊ ဖြစ်ရပါလို၏' အထိ နေရာတွင် အခြား မိမိ လိုရာဆုကို အစားထိုး ထည့်သွင်း တောင်းယူနိုင်သည်။ ]

ဤဂါထာ မန္တန်မှာ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်ကို အကျဉ်းခြုံးထားသဖြင့် ဓမ္မက္ခန္ဓာ သည်းခြေ ဂါထာ ဟု ခေါ်ကြခြင်း ဖြစ်သည်။

ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်ရှိသည့်အနက် သုတ္တန်၌ မည်ရွေ့. မည်မျှ - ဝိနည်း၌ မည်ရွေ့. မည်မျှ - အဘိဓမ္မာ၌ မည်ရွေ့. မည်မျှ ဟူ၍ အကျဉ်းအားဖြင့် မှတ်သား နှလုံးသွင်း ကိုးကွယ် ရှိခိုးပူဇော်နိုင်အောင် ရဟန္တာ အရှင်မြတ်များက သီရိ

ဂမ္ဘာသောကမင်းကြီးအား စီစဉ် ပေးသနားတော်မူခဲ့သော ဂါထာမန္တန် ဖြစ်သည်။

တရားဓမ္မ၏ အာနုဘော် ကြီးမားသလောက် ဤဂါထာ၏ ရှမ်းအင် သတ္တိမှာလည်း ထက်မြက် စူးရှ နိုင်ပေသည်။

ဤဂါထာ မန္တန်ကို ဆောင်သောကြောင့်လည်း သီရိဓမ္မာ သောကမင်းကြီးသည် ဇမ္ဗူဒိပ် တကျွန်းလုံး အထင်ရှားဆုံး ဘုရင်အဆင့်သို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။

---

## ပိဋကသုံးပုံ သည်းခြေ မန္တန်

အထက်ပါ ဓမ္မကျွန္ဒာ ရှစ်သောင်း လေးထောင်နှင့် ခပ်ဆင်ဆင် အလားတူသော ပိဋက သုံးပုံ သည်းခြေ မန္တန်ဟူ၍လည်း ရှိသေးသည်။

ယင်းမန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

သုတ္တန္တေ နူနပြကာရော၊
အဘိဓမ္မာ နူနဥပဠွာ။၊
ဝိနယေ နူနအာကာရာ၊
ဓမ္မကျွန္ဒာ ပကာသိတာ။

ဓမ္မကျွန္ဒာ သည်းခြေ မန္တန်ကို ရဟန္တာ အရှင်မြတ်များ စီခင် ရေးသားခဲ့သည်ဟု အမှတ်အသား ရှိသော်လည်း ဤပိဋက သုံးပုံ သည်းခြေ မန္တန်ကိုကား မည်သူ ရေးသားခဲ့ကြောင်း အမှတ်

သွားသား မတွေ့ရှိရပေ၊ သို့သော် ရဟန္တာ အရှင်မြတ်များသော် လည်းကောင်း သို့မဟုတ် ရဟန္တာ အလားလေးစားအပ်သော ပုဂ္ဂိုလ်များသော်လည်းကောင်း စီရင် ရေးသားခဲ့သည် ဟု ယူဆရသည်။

အကျိုးကား မဟာအာနုဘာဝ ကြီးမားသလောက် ကြီးမား ထက်မြက် စူးရှသည် ဟု အညွှန်း ရှိသည်။

---

## ဒေဝါနံပိယတိဿမင်းကြီးအား ရဟန္တာ အရှင်မြတ်များ ပေးသနားတော်မူအပ်သော သီဟိုဠ်သမ္ဗုဒ္ဓေ ဂါထာ

ဒေဝါနံပိယတိဿမင်းကြီး၏ လက်ထက်၌ သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒ ခေါင်းဆောင်၍ အဖွဲ့ဝင် ၅-ပါး ပါဝင်သော သာသနာပြုအဖွဲ့ ရောက်ရှိလာသည်။

ယင်းသာသနာပြုအဖွဲ့မှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ် ခေါင်းဆောင်ခဲ့သော တတိယသံဂါယနာ အပြီး၌ ကိုးတိုင်း ကိုးဌာန သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့ရာတွင် ပါဝင်ခဲ့သော သာသနာပြုအဖွဲ့ ဖြစ်သည်။

ထိုအချိန်မှ စ၍ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘုရားရှင်၏ သာသနာတော် တည်ထွန်း တောက်ပ ပွင့်လင်းလာခဲ့သည်။

ထိုအခါ ရဟန္တာ အရှင်မြတ်များက ဒေဝါနံ့ပိယတိဿမင်းကြီးအား အောက်ပါသီဟိုဠ်သမ္ဗုဒ္ဓေ ဂါထာကို ပေးသနားတော်မူခဲ့ကြသည်။

ဗုဒ္ဓါ အနန္တာ မရိယာ သုသဏ္ဌေယ၊
ဗုဒ္ဓါ အနန္တာ သုဟာလာ ဗိသဏ္ဌေယ။
ဗုဒ္ဓါ ရိယာ စောပကု လက္ခာကပ္ပဓော၊
ဝန္ဒာမိ ဘေ ဇိရန္ရက္ခမေ အဟံ။

သုသဏ္ဌေယ၊ ဘုရားဖြစ်ဟိတ် အောင်ဘိသိက်ကို စိတ်တော်ကြံခါ ပတ္ထနာ၍ ပါရမီပုည ဖြည့်ခဲ့ရသော နန္ဒအသင်္ချေ့ သုနန္ဒအသင်္ချေ ပထဝီအသင်္ချေ မဏ္ဍအသင်္ချေ ဓရဏီအသင်္ချေ သာဂရအသင်္ချေ ပုဏ္ဍရိကအသင်္ချေ တည်းဟူသော ၇ ∙ သင်္ချေ အတွင်း၌။ အနန္တာမရိယာ၊ ဗြဟ္မဒေဝ ဘုရားစလျက် မေမခကောင်းကျိုး ရာဂိဆိုးဝယ် ဆင့်တိုးပုည တိကနှစ်ထပ် ငါးထင်ဇရ စဉ်ကာချ၍ ရေရတွက်ကိန်း တသိန်းနှစ်သောင်း ငါးထောင်ကုန်သော။ ဗုဒ္ဓါ၊ သုံးလုံးသခင် ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇိံသု၊ ပွင့်တော်မူကုန်ပြီ။ ဗိသဏ္ဌေယ၊ နှုတ်တော်မြွက်ကာ တောင်းပန်ထွာ၍ ပါရမီ ယုတ်မြတ် ဖြည့်ခဲ့အပ်သော သဗ္ဗဘဒ္ဒ သဗ္ဗဖုလ္လ ဥဿာဟနှင့် မန္ဒမာနိတ ဘဒ္ဒါဓုမာ သဗ္ဗာဖုလ္လ မည်ရတွက်ရေ ကိုးသင်္ချေ တွင်း၌။ အနန္တာသုဟာလာ၊ ပေါရာဏသကျ ဂေါတမလျှင် တဝ တည်လတ် ဗျည်းဘော်သဘ်နှင့် အဋ္ဌနောဒ္ဓါးက် သောင်းစီ ဖြစ်လျက် ဆင့်သစ်ဗျည်းဒွ သဟာဿက်နိး ပေါင်း၍ထိန်းသော် သုံးသိန်း ရှစ်သောင်း ခုနစ်ထောင်ကုန်သော။ ဗုဒ္ဓါ၊ လေးပါး သစ္စာ ဦးစွာသိမြင် ဘုရားရှင်တို့သည်၊ ဥပ္ပဇ္ဇိံသု၊ ပွင့်တော်မူကုန်

ပြီ။ ယော၊ ကိုယ်နှုတ်စိတ်ပါ ပဉ္စနာ၌ ပါရမီဆယ်ထွေ ဖြည့်ခဲ့ ပေသော သောလ ဘာထ ဗေယျ ရှစ်ယာ လေးဖြာမည်ရင်း သခေ့်တွင်း၌။ ရိယာ၊ တေဘုက်ရာ ဦးစွာပွင့်ထ ပနာကျအောင် ရေဆ ပြည့်သိပ် တက်ုံ၍နှစ်ဆကုန်သော၊ ဗုဒ္ဓါ၊ ငါးမာရ်ပယ်ရှင်း သုံးလူ့မင်းတို့သည်။ ဥပ္ပဇ္ဇ သုံးပွင့်တော်မူကုန်ပြီ။ လက္ခဏာပုဗ္ဗက၊ ကမ္ဘာတသိန်း အတွင်း၌၊ ငါက၊ ပဒုမ္မုတ္တိုရ ဘုရားမှသည် ဝေ တမတိုင်အောက် ရေခဲ့နှံ့ကာကွယ်သော် တ ပ် ခြောက်ဆူကုန် သော။ ဗုဒ္ဓါ၊ သုံးလ တန်ဆောင်ငါးမာရ်အောင်တို့သည်။ ဥပ္ပဇ္ဇ သု၊ ပွင့်တော်မူကုန်ပြီ။ တေ ဇိရနရက္ခမေ၊ ထိုသုံးစုကိန်း သင်္ချာ ထိန်းသော် ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆ ကုန်သော မြတ်စွာဘုရားကိုကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ငါးမည်သောသတ် အဓိမတ်ဖြင့် ရှိသတ်ပန်ထွာ ရှိခိုးပါ၏။

ဤသိဟိုဠ် သမ္ဗုဒ္ဓေဂါထာကို သကြီးခေါ်တော်မူသောအခါ မပြတ် သရဏ္ဍာယ် ကိုးကွယ်ရန် ဒေဝါနံပိယတိဿမင်းကြီးကို ရဟန္တာ အရှင်မြတ်တို့က ပေးသနားတော်မူခဲ့ခြင်း ဖြစ်သည်။

ခေါင်းဆောင်ခက်သာ ပြုသော အခါ - သခရာ ကာဝ်ပွန်းတိုက် ယင်းဂါထာ မန္တန်ဖြင့် တတ်နိုင်သမျှ သရဏ္ဍာယ်၍ ဦးခေါင်း ဆေးလျှော်ပါက ဘေးဥပဒ် အန္တရာယ် ကင်း၍ ကောင်းကျိုး သုခ အနန္တနှင့် ပြည့်ဝနိုင်ကြောင်း မန္တန်ကျမ်းဟောင်းများ၌ ညွှန်းထားသည်။

—

## ဒေဝါနံပိယတိဿမင်းကြီး
## ရွတ်ဖတ် သရဇ္ဈာယ် ကိုးကွယ်သော
## ဂါထာ မန္တန်

(၁) ဗုဒ္ဓေါ တိလောက ဒီပေါ စ၊
ဗုဒ္ဓေါ သူရိယော တမောနုဒေါ။
အစ္စန္တံ သရဏံ ဂတော၊
နတ္ထိ မေယှံ ဘယံ သဒါ။

(၂) ဓမ္မော တိလောက ဒီပေါ စ၊
ဓမ္မော သူရိယော တမောနုဒေါ။
အစ္စန္တံ သရဏံ ဂတော၊
နတ္ထိ မေယှံ ရောဂံ သဒါ။

(၃) သံဃော တိလောက ဒီပေါ စ၊
သံဃော သူရိယော တမောနုဒေါ။
အစ္စန္တံ သရဏံ ဂတော၊
နတ္ထိ မေယှံ ဒုက္ခံ သဒါ။

ဗုဒ္ဓေါ၊ ဂေါတမ မြတ်စွာဘုရားသည်။ တိလောကဒီပေါ စ၊ လူသုံးပါးတို့၏ ထင်ရှားရှင်းရှင်း အလင်းကိုပြစေတတ်သော ဆီမီးလည်း မည်တော်မူ၏။ ဗုဒ္ဓေါ၊ ဘုရားမှ တပါးသော။ သူရိယော၊ နေမင်းသည်။ တမောနုဒေါ၊ လူသုံးပါးတို့၏ အမှောင်အတိ သဖွယ် ပြင်း၏။ အစ္စန္တံ၊ စင်စစ်လျှင် လူသုံးပါးတို့၏ အလင်းသဖွယ် ဖြစ်၍ မြတ်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ဆည်းကပ် ကိုးကွယ်ခြင်းသို့။

ဂတော၊ ရောက်၏။ မယုံ၊ အကျွန်ုပ်အား။ သဒ္ဒါ၊ အခါ ခပ်သိမ်း။ ဘယံ၊ ဘေးအပေါင်းသည်။ နတ္ထိ၊ မရှိအရှင်း ကင်း လွှတ်ပါစေသတည်း။

ဓမ္မော၊ ဆယ်ပါးသော တရားတော်သည်။ တိလောကဒီပေါ စ၊ လူသုံးပါးတို့၏ ထင်ရှားရှင်းရှင်း အလင်းကို ဖြစ်စေတတ်သော ဆီမီးလည်း မည်တော်မူ၏။ ဓမ္မော၊ တရားတော်မှ တပါးသော။ သူရိယော၊ နေမင်းသည်။ တမောနုဒေါ၊ လူသုံးပါးတို့၏ မှောင်အတိသဖွယ် ဖြစ်၍။ အစ္စန္တံ၊ စင်စစ်လျှင် လူသုံးပါးတို့၏ အလင်းသဖွယ် ဖြစ်၍ မြတ်တော်မူသော တရားတော်ကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ဆည်းကပ် ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်ပါ၏။ မယှံ၊ အကျွန်ုပ်အား။ သဒ္ဒါ၊ အခါ ခပ်သိမ်း။ ရောဂံ၊ ကိုးဆဲ့ခြောက်ဖြာ ရောဂါအပေါင်းတို့သည်။ နတ္ထိ၊ မရှိအလျှင်း ကင်းလွှတ်ပါစေသတည်း။

သံဃော၊ ရှစ်ယောက်သော ပရမတ္ထ သံဃာတော်သည်။ တိလောကဒီပေါ စ၊ လူသုံးပါးတို့၏ ထင်ရှားရှင်းရှင်း အလင်းကို ဖြစ်စေတတ်သော ဆီမီးလည်း မည်တော်မူ၏။ သံဃော၊ သံဃာတော်မှ တပါးသော။ သူရိယော၊ နေမင်းသည်။ တမောနုဒေါ၊ လူသုံးပါးတို့၏မှောင်အတိသဖွယ်ဖြစ်၍။ အစ္စန္တံ၊ စင်စစ်လျှင် လူသုံးပါးတို့၏ အလင်းသဖွယ် ဖြစ်၍ မြတ်တော်မူသော သံဃာတော်ကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ဆည်းကပ် ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်ပါ၏ဘုရား။ မယှံ၊ အကျွန်ုပ်အား။ သဒ္ဒါ၊ အခါခပ်သိမ်း။ ဒုက္ခံ၊ ဆင်းရဲအပေါင်းသည်။ နတ္ထိ၊ မရှိ အရှင်း ကင်းလွှတ်ပါစေသတည်း။

ဤမန္တန် ( ၃ )ဂါထာကို နေ့စဉ် ရွတ်ဖတ် ကိုးကွယ်ပါက ဆေးရန်ကင်းသည်၊ ချမ်းသာ သုခနှင့် ပြည့်စုံသည်၊ ဒေဝါန်ပီယတိဿမင်းကြီး နေ့စဉ် ရွတ်ဖတ် ကိုးကွယ်သော အဆောင်မန္တန် ဖြစ်သည်။

—

ဒုဋ္ဌဂါမဏိမင်းကြီးသည် ကျည်းကုလားတို့နှင့် စစ်တိုက်ဝဉ်က ဆောင်းတော်၌ ဆောင်သော

အစောင်အရွက်ဂါထာ

သီဟိုဠ်ရာဇဝင်၌ ထင်ရှားသော ဒုဋ္ဌဂါမဏိမင်းကြီးသည် ကဏ္ဍုလဆင်တော်ကို စီးလျက် ဧဠာရကျေးမင်းနှင့် စစ်တိုက်စဉ် အခါက သူ၏ ဘောင်းတော်၌ အောက်ပါ ( ၃ )ဂါထာကို ဆောင်ကာ တိုက်ခိုက်ခဲ့သည်။

( ၁ ) ဗုဒ္ဓေါ တိလောက သရဏော၊
ဗုဒ္ဓေါတိ သူရိယော တမော။
ဂစ္ဆန္တံ သရဏံ ဗုဒ္ဓံ၊
နတ္ထိ မယှံ ရောဂံ သဒါ။

( ၂ ) ဓမ္မော တိလောက သရဏော၊
ဓမ္မောတိ သူရိယော တမော။
ဂစ္ဆန္တံ သရဏံ ဓမ္မံ၊
နတ္ထိ မယှံ ဘယံ သဒါ။

(၃) သံယော တိလောက သရဏော၊
သံဃောတိ သုရိမော တမော။
ဂစ္ဆန္တံ သရဏံ သံဃံ၊
နတ္ထိ မယှံ ဒုက္ခံ သဒါ။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ရတနာသုံးပါးကို အားထား ယုံကြည်တော်မူသည့် အတိုင်း ဘောင်းတော်၌ အထက်ပါ (၃) ဂါထာကို ဆောင်ထားသည့် အပြင် စစ်ချီရာမှာပင် သူ စွဲကိုင်တော်မူသော လှံ၌ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာ ထားတော်မူသည်။

ထိုမျှသာ မဟုတ်သေး - ပျိုမြစ် နုနယ်သော ရဟန်းပျို ၅၀၀ - ကိုလည်း စစ်ချီရာ၌ ပင့်ဆောင်သွားလေ့ရှိကြောင်းဖြင့် မဟာဝင်၌ ဖော်ပြထားသည်။

---

## ဒုဋ္ဌဂါမဏိမင်းကြီး နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်လေ့ ရှိသော စိန္တာမဏိဂါထာ

ဒုဋ္ဌဂါမဏိမင်းကြီးသည် စစ်ချီ တိုက်ခိုက်ရာ၌သာ ဆောင်တော်မူသေးသည်မဟုတ် - အောက်ပါ စိန္တာမဏိ (၃) ဂါထာ ကိုလည်း နေ့စဉ် သရဇ္ဈာယ်လေ့ ရှိသေးသည်။

(၁) စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ။
ကာရံ ကာရတိ သရဏံ၊
ဓိပ္ပမေဓ သမိဇ္ဈတု။

(၂) စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ဒိပ္ပမေဝ သမိဇ္ဈတု။

(၃) စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ဒိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနိ၊ ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်း မရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်။ ဗုဒ္ဓံ၊ ဘုရား တည်းဟူသော ရတနာပါပေတည်း။ ဗုဒ္ဓရတနာနံ၊ ဘုရား တည်းဟူသော ရတနာကို။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ကရံ— ကရောန္တော၊ ပြုထိုက်သည် ဖြစ်၍။ ကရတိ၊ ပြုသော သူ၌။ ဣစ္ဆာ၊ ကြံစည်တောင့်တ အလိုဆန္ဒ ဟူသမျှသည်။ ဒိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ကောင်းစွာကုံလုံ ပြည့်စုံရပါစေ သတည်း။

စိန္တာမဏိ ရတနာနိ၊ ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်။ ဓမ္မံ၊ တရားတည်းဟူသော ရတနာပါပေတည်း။ ဓမ္မရတနာနံ၊ တရား တည်းဟူသော ရတနာကို။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ကရံ—ကရောန္တော၊ ပြုထိုက်သည် ဖြစ်၍။ ကရတိ၊ ပြုသော သူ၌။ ဣစ္ဆာ၊ ကြံစည်တောင့်တ အလိုဆန္ဒ ဟူသမျှသည်။ ဒိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ကောင်းစွာကုံလုံ ပြည့်စုံရပါစေသတည်း။

စိန္တာမဏိ ရတနာနံ၊ ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်။ သံဃံ၊ သံဃာတော် တည်း ဟူသော ရတနာပါပေတည်း။ သံဃ ရတနာနံ၊ သံဃာတော် တည်းဟူသော ရတနာကို။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ကရံ– ကရောန္တော၊ ပြုထိုက်သည် ဖြစ်၍။ ကရတိ၊ ပြုသောသူ၌၊ ဣစ္ဆာ၊ ကြံစည်တောင့်တ အလိုဆန္ဒ ဟူသမျှသည်။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ကောင်းစွာကုံလုံ ပြည့်စုံရပါစေ သတည်း။

ထို့ကြောင့်လည်း ဒုဋ္ဌဂါမဏိမင်းကြီးသည် ကျေးကုလား တို့ကိုလည်း အောင်မြင်အောင် တိုက်ခိုက်နိုင်ခဲ့သည်၊ သီဟိုဠ် ရာဇဝင်၌လည်း ထင်ရှားသော ဘုရင် အဖြစ်သို့ ရောက်ရှိတော် မူခဲ့သည်။

---

## ဒွတ္တပေါင်မင်းကြီးအား
## ရဟန္တာ အရှင်မြတ်များ ပေးသနားသော
## ဂါထာ မန္တန်

ဒွတ္တပေါင်မင်းကြီးသည် သာသနာနှစ် ၁၀၁ - ခုတွင် သရေ ခေတ္တရာပြည်ကို တည်တော်မူသည်။

ဒွတ္တပေါင်မင်း လက်ထက်တုံးက သရေခေတ္တရာပြည်၌ ရဟန္တာ များ ရှိနေသေးသည်ဟု သိရှိရသည်၊ အဘယ့်ကြောင့် ဆိုသော် ဒွတ္တပေါင်မင်းကြီးသည် သရေခေတ္တရာပြည်၌—

— မြင်မာဟု တဆူ — ကျောကျော တဆူ
— မြတ်ထင် တဆူ — ညည်းညည်း တဆူ
— သောကြမာ တဆူ — စည်စည် တဆူ
— ပေါပေါ တဆူ — ဆုတောင်းပြည့် ညီနောင်

နှစ်ဆူတို့ကို ရဟန္တာများ ယူဆောင်ခဲ့သော ဘုရားသခင်၏ သရီရဓာတ်တော်တို့နှင့် ဌာပနာ၍ တည်ထားခဲ့သည်ဟု ရာဇဝင် ကြီးများ၌ ဖော်ပြထားသောကြောင့် ဖြစ်သည်။

ထိုစဉ်က ရဟန္တာ အရှင်မြတ်များသည် ဘုရားသခင်၏ သရီရဓာတ်တော်များ အပြင် အောက်ပါ မန္တန် (၃) ဂါထာ ကိုလည်း ဒွတ္တပေါင်မင်းကြီးအား ပေးသနားတော်မူ ခဲ့သေး သည်။

(၁) အတီတံ ဗုဒ္ဓရတနံ၊
ဗုဒ္ဓဝံသ မနာဂတံ။
မမ သီသေ ဌပေတွာန၊
ယာဝဇီဝံ နမတ္ထု မေ။

(၂) အတီတံ ဓမ္မရတနံ၊
ဓမ္မဝံသ မနာဂတံ။
မမ သီသေ ဌပေတွာန၊
ယာဝဇီဝံ နမတ္ထု မေ။

(၃) အတီတံ သံဃရတနံ၊
သံဃဝံသ မနာဂတံ။
မမ သီသေ ဌပေတွာန၊
ယာဝဇီဝံ နမတ္ထု မေ။

အတီတံ၊ လွန်တော်မူကုန်ပြီးသော။ ဗုဒ္ဓရတနံ၊ ဘုရားရတနာတို့ကိုလည်းကောင်း။ အနာဂတံ၊ နောင်ပွင့်တော်မူလတံ့သော။ ဗုဒ္ဓဝံသံ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းသော အနွယ်တော်ဖြစ်သော ဘုရားရှင်တို့ကိုလည်းကောင်း။ မေ မမ၊ အကျွန်ုပ်၏။ သီသေ၊ ဥတ္တမင် စသည့် ဆန်းထူး ဦးခေါင်းဦး၌။ ဌပေတွာန၊ ထားပြီး၍။ ယာဝဇီဝံ၊ အသက်ထက်ဆုံး တိုင်အောင်။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

အတီတံ၊ လွန်တော်မူကုန်ပြီးသော။ ဓမ္မရတနံ၊ တရားရတနာတို့ကို လည်းကောင်း။ အနာဂတံ၊ နောင်ဘုရားတို့သည် ဟောတော်မူလတံ့သော။ ဓမ္မဝံသံ၊ တရား တည်းဟူသော အနွယ်အဆက်ကို လည်းကောင်း။ မေ မမ၊ အကျွန်ုပ်၏။ သီသေ၊ ဥတ္တမင် စသည်ဆန်းထူး ဦးခေါင်းဦး၌။ ဌပေတွာန၊ ထားပြီး၍။ ယာဝဇီဝံ၊ အသက်ထက်ဆုံး တိုင်အောင်။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်စေသတည်း။

အတီတံ၊ လွန်တော်မူကုန်ပြီးသော။ သံဃရတနံ၊ သံဃာတော် တည်းဟူသော ရတနာကို လည်းကောင်း။ အနာဂတံ၊ နောင်တဘန် ဖြစ်လတံ့သော။ သံဃဝံသံ၊ သံဃာတော်တည်းဟူသော အနွယ်ကို လည်းကောင်း။ မေ မမ၊ အကျွန်ုပ်၏။ သီသေ၊ ဥတ္တမင် စသည်ဆန်းထူး ဦးခေါင်းဦး၌။ ဌပေတွာန၊ ထားပြီး၍။ ယာဝဇီဝံ၊ အသက်ထက်ဆုံးတိုင်အောင်။ နမော နမကာရော၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်စေသတည်း။

ဒုတ္တပေါင်မင်းကြီးသည် ဤမန္တန် (၃) ဂါထာကို နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်သည်၊ ရဟန္တာအရှင်မြတ်များ ပေးသော

ဂါထာဖြစ်သောကြောင့်လည်း ဒွတ္တပေါင်မင်းကြီး အနေဖြင့် ဘုန်းတန်ခိုး အာဏာကြီးမားခဲ့ခြင်းဖြစ်သည်ဟု ရာဇဝင်ချုပ်ဆရာများက မိန့်ဆိုခဲ့ကြသည်။

ဘုန်းတန်ခိုး အာဏာ ကြီးမားရှိသာ မက နေ့စဉ် မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ပါက ရန်ခပ်သိမ်းလည်း အောင်မြင်နိုင်မည်ဟု လောကီ မန္တန် ကျမ်းဟောင်းများ၌ အမှာအထား တွေ့ရသေးသည်။

—

## ဒွတ္တပေါင်မင်းကြီး
## ပုတီး စိပ်

ဒွတ္တပေါင်မင်းကြီးသည် ရဟန္တာ အရှင်မြတ်များ ပေးသနားတော်မူသော အထက်ပါ မန္တန် (၃) ဂါထာကို ရွတ်ဆို သရဇ္ဈာယ်သည့် အပြင် အောက်ပါ ပုတီးစိပ်ဖြင့်လည်း ပုတီးစိပ်ခဲ့တော်မူသေးသည်။

စတေ၊ စာတေ၊
ထာပတေ၊ သုစတေ၊ ခါမတေ၊
ဣလန္တေ၊ ဣလာတေ၊ ကတေ။

'စတေ' ရွတ်မူ — သူခပ်သိမ်း ကြံ၍ မဖြစ်။
'စာတေ' ရွတ်မူ — အသက်ရှည်အံ့။
'ထာပတေ' ရွတ်မူ — အနာပျောက်အံ့။
'သုစတေ' ရွတ်မူ — မိုးရွာအံ့။
'ခါမတေ' ရွတ်မူ — ရေတံပိုး ဘေးခပ်သိမ်းပျောက်အံ့။

'ဣလာဓေ္တ' ရွတ်မူ — ချမ်းသာများအံ့။
'ဣလာတေ' ရွတ်မူ — ဆင်ထက်က သက်၍ ရှိခိုးအံ့။
'ကတေ' ရွတ်မူ — ကြဲတိုင်း ပြီးစီးအံ့။

[မှတ်ချက် — ဤ ဒွတ္တာပေါင်မင်းကြီး ပုတီးစိပ်ကို ချောင်းဦးမြို့ — အောင်ချမ်းသာ ရွာခရှ့ကျောင်း အသျှင် ဣန္ဒာစရိယ၏ ပုရပိုက်မူမှ ကူးယူ ရရှိသည်၊ အသျှင် ဣန္ဒာစရိယမှာ နာမည်ကျော် 'ဣန္ဒာစရိယ ဗြိခနဗြ မောတ်ကျမ်း' ကို ပြုစုခဲ့သော ကျမ်းပြုဆရာ ဖြစ်သည်။]

—

မျိုးစောထီးမင်း
ငှက်ကြီး ဝက်ကြီး ရန်ကို အောင်မြင်သော
ဂါထာ မန္တန်

ပုဂံပြည်ကြီးကို လက်မွန်မဆု တည်ထောင်သော မင်းမှာ-သမုဒ္ဒရာဇ်မင်း ဖြစ်သည်။

သမုဒ္ဒရာဇ်မင်း လက်ထက်၌ ပုဂံပြည်၏—

— အရှေ့မျက်နှာ၌ ဝက်ကြီး
— တောင်မျက်နှာ၌ ကျားကြီး
— အနောက်မျက်နှာ၌ ငှက်ကြီး
— မြောက်မျက်နှာ၌ ရှူးပုံ

တို့သည် တဆယ့်နှစ်နှစ် တိုင်တိုင် ပုဂံ ပြည်သူ ပြည်သားတို့အား ရန်မူနေခဲ့ကြသည်။

ငှက်ကြီး ထီးလိုင်ကာ စားသောက်ရန် အတွက် တနေ့လျှင် လူတယောက်ကျ ငှက်ကြီးအား ပေးဆက်နေရသည်၊ ငှက်ကြီး မှာ ယင်းအစာနှင့် မလောက်၍ ပင်လယ်ထဲသို့ သွားကာ သားငါးရှာ စားသောက်ပြီးနောက် ခုနစ်ရက် တကြိမ် တကြိမ် ပြန်လာရာ ပြန်လာတိုင်း တရွာလျှင် တယောက်စီ အလှည့်ကျ မိန်းမ ခုနစ်ယောက် ပေးဆက်နေကြရသည်။

ဝက်ကြီးအားလည်း ထမင်းအိုး မြောက်ဆယ် - ဖရုံ ကိုးလှည်း - ဖွဲနု ကိုးလှည်း နေ့တိုင်း ပေးဆက် နေကြရသည်၊ ကျား နှင့် ရှူးပျံအားလည်း ကျွဲ နွား ဆိတ် တို့ကို နေ့စဉ် ပေးဆက်နေကြရသည်။

ယင်းသို့ ပေးဆက်နေရာမှ တဆယ့် နှစ်နှစ် ရှိသော အခါ ပျူအို လင်မယား၏ မွေးစားသား ဖြစ်သော ပျူမင်းသား ပေါ်ပေါက်သာကာ 'ငါသို့သောသူ ရှိပါလျက် သင်းတို့အား အစာ ပေးဆက်ရာအံ့လော' ဟု ကြိမ်းဝါးပြီးလျှင် ပျူမင်း သားသည် အဆိုပါ ဝက်ကြီး ငှက်ကြီး ကျား နှင့် ရှူးပျံ တို့ကို ရင်း၏ လေးနှင့် ပစ်ခွင်း သတ်ဖြတ် ပစ်လိုက်သည်။

ယင်းသို့ ငှက်ကြီး ဝက်ကြီးတို့ကို လေး နှင့် ပစ်ခွင်းစဉ်က ပျူမင်းသားသည် အောက်ပါ ဂါထာ မန္တန်ကို ရွတ်ဆိုခဲ့ သည်။

( ၁ ) ဗုဒ္ဓေါ ရက္ခန္တု မံ နိစ္စံ၊
ဓမ္မော ရက္ခန္တု မံ သဒါ။
သံဃော ရက္ခန္တု မံ နိစ္စံ၊
ဒီဃမာယု ဘဝ မိဟံ။

(၂) နမတ္ထု တေ သက္ကရာဇ၊
ပစ္စုပ္ပန္နေ တီတာဂတေ။
တေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယျမင်္ဂလံ။

ဗုဒ္ဓေါ၊ မြတ်စွာသည်။ မံ၊ အကျွန်ုပ်ကို။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ စောင့်တော်မူစေကုန်သတည်း။ ဓမ္မော၊ ဆယ်ပါးသော တရားတော်သည်။ မံ၊ အကျွန်ုပ်ကို။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်တော်မူစေကုန်သတည်း။ သံဃော၊ ပရမတ္ထ သံဃာတော်သည်။ မံ၊ အကျွန်ုပ်ကို။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ စောင့်တော်မူစေကုန်သတည်း။ အဟံ၊ အကျွန်ုပ်သည်။ ဒီဃမာယု၊ ရှည်သော အသက်ရှိသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ပစ္စုပ္ပန္နေ၊ ယခုပစ္စုပ္ပန်ဘဝ၌လည်းကောင်း။ အတီတာဂတေ၊ အတိတ်ဖြစ်သော ဘဝ၌လည်းကောင်း။ သက္ကရာဇ၊ သိကြားမင်း။ တေ၊ သင်သိကြားမင်းအား။ အဟံ၊ အကျွန်ုပ်သည်။ နမတ္ထု၊ ရှိခိုးပါ၏။ တေန သစ္စဝဇ္ဇေန၊ ဤသို့ ဟုတ်မှန်သော စကားကြောင့်။ မေ၊ ငါ့အား။ ဇယျမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤသို့ လေးနှင့်ပစ်ခွင်းသတ်ဖြတ်သော သတင်းကို သမုဒ္ဒရာဇ် မင်းကြီး ကြားလျှင် စစ်အင်္ဂါ လေးပါးနှင့် မင်းသားထံ ရောက်လာ၍ တောင်ငယ် ပမာဏရှိသော ငှက်သေကောင်ကို မြင်သောအခါ- 'အမောင်ကား အဘယ်သူ၏ အမျိုးအနွယ်

နည်း—အဘယ် လက်နက်ဖြင့် ဤငှက်ကြီးကို ပစ်ခွင်းသနည်း၊ ဟု မေးမြန်းတော်မူသည်။

ပျူမင်းသား၏ လုပ်ဆောင်ချက်ကို အားရ နှစ်သက်လှ သဖြင့် သမုဒ္ဒရာဇ်မင်းကြီးသည် သူ၏ သမီးတော် စန္ဒာဒေဝီနှင့် ဆောင်နှင်းကာ ပျူမင်းသားအား အိမ်ရှေ့ပေးတော်မူသည်။

ဤ ပျူမင်းသားကား နောင် ပုဂံပြည်၌ ပျူစောထီး အမည်ဖြင့် မင်းပြုမည့်သူတည်း။

ပျူစောထီး ရွတ်ဆို သရဇ္ဈာယ်သော အထက်ပါ မန္တန် နှစ်ဂါထာမှာ အဗ္ဗုတ္တရန် ဗဟိဒ္ဓရန် ဟူသမျှ ရန်ခပ်သိမ်းကို အောင်မြင်သည်ဟု ရာဇဝင်ချုပ်များ၌ ညွှန်းဆိုထားသည်။

—

## သိကြားမင်း ပေးသော

## ပျူစောထီးမင်း မန္တန်တော်

ပုဂံပြည်၌ သမုဒ္ဒရာဇ်မင်းကြီး နတ်ရွာစံလျှင် အိမ်ရှေ့စံ ဖြစ်သော ပျူမင်းသားသည် မင်းမပြုသေးဘဲ ကျေးဇူးတင် ပေဘူးသော သူ၏ ဆရာဖြစ်သူ ရှင်ရသေ့ကို လူဝတ်လဲစေ၍ သက္ကရာဇ် ၇၄ - ခုနှစ်တွင် မင်းမြှောက်တော်မူသည်၊ နောင်- ရသေ့ကြောင်မင်း ဟု တွင်သည်။

ရသေ့ကြောင်မင်း နတ်ရွာစံမှ ပျူမင်းသား မင်းပြုရာ ပျူစောထီး ဟု ထင်ရှားသည်။

ရှင်သေ့ကြောင်မင်း မင်းပြုသော အခါက သိကြားမင်းသည် ရှင်သေ့ကြောင်မင်းအား အောက်ပါ ဂါထာကို ပေးသော သည်။

အတော၊ အာတော၊ ဥတော၊ ဦတော၊
ဣလုတော၊ ဣလူတော၊ ဣလေန္တော၊ ဣလာတော၊
ခတော၊ စတော၊ စာတော၊
တဝတော၊ တဝါတော၊ တံသုခတော၊
မတော၊ သမတီတော၊ သံဒတော။

အတော၊ အဆိပ်ပျောက်အံ့။ အာတော၊ အဆိပ်မတက်အံ့။ ဥတော၊ အလိုခပ်သိမ်း ပြည့်စုံအံ့။ ဦတော၊ ကြံတိုင်းအောင်အံ့။ ဣလုတော၊ သူတကာ ဟူသမျှ ချစ်အံ့။ ဣလူတော၊ သူတကာ မြင်သမျှ ချစ်မြတ်နိုးအံ့။ ဣလေန္တော၊ ရန်ပျောက်အံ့။ ဣလာတော၊ မကောင်းသောရန် ပျောက်အံ့။ ခတော၊ သူခပ်သိမ်း ကြံ၍ မပြစ်၊ စတော၊ နိ်ဟူသမျှ ပျောက်အံ့။ စာတော၊ အသက် ရှည်အံ့။ တဝတော၊ ကိုယ်အနာ ဟူသမျှ ပျောက်အံ့။ တဝါတော၊ မကောင်းသော အနာခပ်သိမ်း ကင်းငြိမ်းပျောက်အံ့၊ တံသုခ တော၊ ဝမ်းကြီးအနာ ဟူသမျှ ပျောက်အံ့၊ မတော၊ ရွှေ ငွေ ဥစ္စာ ရအံ့။ (နှလုံးချမ်းသာအံ့လည်း ဟူ၏) သမတီတော၊ မင်းဘေး မင်းဒဏ် ကင်းငြိမ်းအံ့၊ သံတော၊ နှလုံး ကောင်း မြတ်အံ့။

သိကြားမင်း ပေးလာသော ဤမန္တန်ကို ရှင်သေ့ကြောင် မင်းက ပျို့ခေါ်သင်းကို ပေးပြန်သည်၊ ပျို့ခေါ်ထီးသည် ဤ မန္တန်ကို ခန္ဓာ့ အမြဲ ရွတ်ဖတ် သရဇ္ဈာယ်သည်၊ ပျို့

စောထီးကို ပုဂံရာဇဝင်၌ ဘုန်းကြီးသောမင်း အဖြစ်ဖြင့် သမိုင်းဆရာများက အသိအမှတ်ပြုခဲ့ကြရသည်။

[ မှတ်ချက် — ဤ မန္တန်ကို 'ဉာဏ္ဍာစရိယကြိုနေတြဓာတ်ကျမ်း'ကို ရေးသားပြုစုတော်မူခဲ့သော ချောင်းဦးမြို့ အောင်ချမ်းသာရွာရွှေကျောင်း အရှင်ဉာဏ္ဍာစရိယ၏ ပုရပိုက်မူမှ ကူးယူ ရရှိသည်။ ]

—

## ပုဂံ–သိန်းခိုမင်း အမြဲ သရဏဂုံဆောင်သော
## ဘုရားရှိခိုး ဂါထာ

သက္ကရာဇ် ၂၇၇ -ခုနှစ်၌ ပုဂံဘွင် မင်းအဖြစ်သို့ ရောက်သော သိန်းခိုမင်းကား စလေမင်းခွေး၏ သား ဖြစ်သည်။

သိန်းခိုမင်းသည် အောက်ပါ လည်ရှဲဂါထာကို နေ့စဉ် ရွတ်ဖတ် သရဏဂုံဆောင်ကာ ဘုရားရှိခိုးခဲ့ ရှိသည်။

(၁) မုနိံ မုနိံ မုနိံ ယော သော၊
တသာ တသာ တသာ နမော။
နမော နမော နမော မသာ[၁]၊
မသာ မသာ စ သဗ္ဗုနော။

(၂) ဝရံ ဝရံ ဝရံ ဝါရိ၊
ဝါရိ ဝါရိ ဝဝါ ရိဇံ[၂]။

---

၁။ ပသာ ( မန္တန် ပေစာ မူကွဲ ) ၂။ ရိဇံ ( မန္တန် ပေစာ မူကွဲ )

ဝိုင်ဇ္ ဝိုင်ဇ္ ဝိုင်ဇ္ ရာဇ၊
ရာဇ ရာဇ ဇရာဇရ်။

(၃) သုဒ္ဓေါဓနော ဓနုသုဒ္ဓေါ၊
ဇေယျော ဇေယျော မဟာရဝေါ။
ဗုဒ္ဓေါ ဗုဒ္ဓေါတိ အညာယ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဝါရိ၊ ရေသည်။ ဝါရိဇ္ဇ၊ ကြာကို။ ဇနေတိ ဣဝ၊ ဖြစ်စေတတ်သကဲ့သို့။ ဝေတထာ၊ ထို့အတူလည်းကောင်း။ ဝရံ၊ နတ်လူတို့သည် တောင့်တအပ်သော။ ယောသတ္ထာ၊ အကြင်မြတ်စွာဘုရားသည်။ မုနိံ၊ ပုဗ္ဗေနိဝါသဉာဏ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ တဿ သတ္ထုနော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်စေသတည်း။ ဝါရိ၊ ရေသည်။ ဝါရိဇ္ဇ၊ ကြာပဒုမ္မာကို။ ဇနေတိ ဣဝ၊ ဖြစ်စေတတ်သကဲ့သို့။ ဝေ တထာ၊ ထို့အတူလည်းကောင်း။ ဝရံ၊ နတ်လူတို့သည် တောင့်တအပ်သော။ ယော သတ္ထာ၊ အကြင်မြတ်စွာဘုရားသည်။ မုနိံ၊ ဒိဗ္ဗစက္ခုဉာဏ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ တဿ သတ္ထုနော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်စေသတည်း။ ဝါရိ၊ ရေသည်။ ဝါရိဇ္ဇ၊ ကုမုဒ္ဒရာကြာကို။ ဇနေတိ ဣဝ၊ ဖြစ်စေတတ်သကဲ့သို့။ ဝေတထာ၊ ထို့အတူလည်းကောင်း။ ဝရံ၊ နတ်လူတို့သည် တောင့်တအပ်သော။ ယော သတ္ထာ၊ အကြင်မြတ်စွာဘုရားသည်။ မုနိံ၊ အာသဝက္ခယဉာဏ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ တဿ သတ္ထု

နေ၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်စေသတည်း။

ရာဇ ရာဇာ၊ မင်းမြတ်သည်။ ရိပ္ပုံ၊ ရန်သူဖြစ်သော။ ရာဇာနံ၊ မင်းတပါးကို။ ဇိနာတိ ဣဝ၊ အောင်စေတတ်သကဲ့သို့။ ဇေ တထာ။ ထို့အတူလည်းကောင်း။ ယော သတ္ထာ၊ အကြင် မြတ်စွာဘုရားသည်။ ရိပ္ပုံ၊ ရန်ငါးပါးကို။ ဇိနာတိ၊ အောင် တော်မူတတ်၏။ တဿ သတ္ထုနော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်စေသတည်း။ ရာဇ ရာဇာ။ မင်းမြတ်သည်။ ရိပ္ပုံ၊ မင်းတပါးကို။ အပနေတိ ဣဝ၊ ဖဲစေတတ်သကဲ့သို့။ ဇေ တထာ၊ ထို့အတူလည်းကောင်း။ ယော သတ္ထာ၊ အကြင်မြတ်စွာဘုရားသည်၊ ရိပ္ပုံ၊ တထောင့်ငါးရာ ကိလေသာကို။ အပနေတိ၊ ဖဲဆောင်တော်မူတတ်၏။ တဿ သတ္ထုနော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်စေသတည်း။

ရာဇာ၊ မင်းမြတ်သည်။ ရိပ္ပုံ၊ ရန်သူဖြစ်သော။ ရာဇံ၊ မင်း တပါးကို။ ပရာဇယျံ၊ ရှုံးစေခြင်းသို့၊ ပါပေတိ ဣဝ၊ ရောက် စေတတ်သကဲ့သို့။ ဇေ တထာ၊ ထို့အတူလည်းကောင်း။ ယော သတ္ထာ၊ အကြင်မြတ်စွာဘုရားသည်။ ဇရာ၊ အိုခြင်း သေ ခြင်းသို့ ရောက်စေတတ်သော နတ်လူတို့အား။ အဇရံ၊ အိုခြင်း သေခြင်းမရှိသော နိဗ္ဗာန်သို့။ ပါပေတိ၊ ပို့တော်မူတတ်၏။ တဿ သတ္ထုနော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်း သည်။ အတ္ထု ဘဝတု၊ ဖြစ်စေသတည်း။

မနုဿဒွေါ၊ ရှမ္မက်စသော တထောင့်ငါးရာ ကိလေသာ

လည်း ကင်းစင်ပြီးထသော။ သုဒ္ဓေါဒနော၊ သုဒ္ဓေါဒနမင်း၏ သားတော်လည်း ဖြစ်တော်မူထသော။ ဇေယျော၊ မာန်ငါးပါးကို အောင်စေထသော။ ဇေယျော၊ နတ်လူပြဟ္မာတို့သည်ပူဇော်ထိုက်ထသော။ မဟာရဝေါ၊ မြတ်သော ဓမ္မစကြာ တရားကိုလည်း ဟောတော်မူထသော။ ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားတို့ကို မဘောက်မပြန် မိမိအလိုလို သိတော်မူပြီးသော မြတ်စွာဘုရားကို။ ဗုဒ္ဓေါတိ၊ ဘုရားဟူ၍။ အညာယ၊ သိဦး၍။ အယံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဤလည်ရွှဲဂါထာနှင့် နေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ်ကာ ဘုရားရှိခိုးလေ့ ရှိသောကြောင့် သိန်းခိုမင်းသည် အလွယ် တကူနှင့် ရှင်ဘုရင် ဖြစ်ခဲ့ရသည်ဟု အမှာအထား ရှိသည်။

—

## ကွမ်းဆော်ကြောင်းဖြူမင်း
## မင်းဖြစ်သော ဂါထာ မန္တန်

ပုဂံပြည် တောင်သူကြီးမင်း လက်ထက်၌ ကြောင်းဖြူရွာသား တဦးသည် အောက်ပါ ဘုရားရှိခိုး(၅)ဂါထာဖြင့် ဘုရားပုထိုး ရှိခိုး ဝတ်ပြုလေ့ ရှိသည်။

(၁) ပရိံ ပဇိံ ပဟိံ ပကာံ၊
သိရိံ မုနိံ အစိန္တေယျံ။
သိဒ္ဓိံ ဉာဏိံ ဇိတိန္ဒြိယံ၊
ဝန္ဒာမိ တံ မဟာရာဇံ။

( ၂ ) ဂရိန္ဒရိန္ဒံ မာရိန္ဒံ၊
သဂ္ဂိန္ဒ(မိန္ဒ) စိန္တ ရာဇိန္ဒံ။
မုနိန္ဒ နိန္ဒ သယမ္ဘိန္ဒံ၊
နမိန္ဒံ မိန္ဒ တံ ဝန္ဒေ။

( ၃ ) သိဆိံ ဘိဘိံ နစိံ နသိံ၊
ဗုဒ္ဓိံ လဒ္ဓိံ ရယိံ သိရိံ။
နမေ နမိံ ဖာသုကာတိံ၊
အရိံ သမ္ဘိံ ကင်္ရိံ မုနိံ။

( ၄ ) ဟိမိံ သိဒ္ဓိံ ဝိဝိ ဝိမိံ၊
သိရိ သိရိံ နိသိပိတံ။
ကောတိံ သိရံ မဍ္ဍုံ မုဒု၊
မုဍ္ဍုံ မုဒု မစုမဏ္ဍံ။

( ၅ ) သဍ္ဍုံ သဍ္ဍုံ သဍ္ဍဂဍ္ဍုံ၊
နာလးဟုံ နာတိ အမြစုံ။
ဗုဒ္ဓ သုဏ္ဏာ အစိန္တေယျာ၊
မင်္ဂလာလံ နခမ ဇိနိ။

ယင်းသို့ ဘုရားပုထိုး ရှိခိုး ဝတ်ပြုနေသော ရှိခုမှ အဆိုပါ ကြောင်းဖြူ ရွာသားသည် မကြာမီမှာပင် ဘောင်သူကြီးမင်းဆံ ကွမ်းဆော် အဖြစ်ဖြင့် အမှုထမ်းခွင့် ရရှိကာ မင်းမှုထမ်း ဘဝ သို့ ရောက်ရှိလာခဲ့သည်။

[ မှတ်ချက် — ဤ၌ 'ကွမ်းဆော်' ဆိုသည်မှာ ဘုရင့်အခန်ဆောင် များကို လှည့်သည် နှီးဆော် ဘောင်ဘင်ခံရသူ ဖြစ်သည်၊

ကွမ်းထမ်းကာ ရှင်ဘုရင်ထံ ကွမ်းတော်ဆက်ရသူ မဟုတ်ပေ၊ အချို့က ကွမ်းဆော်ဆိုသည်မှာ ကွမ်းတော်ဆက်ရသူဖြစ်သည်ဟု အမှတ်မှားနေကြသည်။]

ကွမ်းဆော် အဖြစ်ဖြင့် အမှုထမ်းနေစဉ် သူ၏ မိခင် ထုပ်ပေးလိုက်သော ထမင်းထုပ်ကို နေ့စဉ် လမ်းတွင်ရှိသော ဆောင်ချမ်းပင်ကြီး တပင် အောက်၌ စားလေ့ရှိသည်၊ စားဦး စားဖျားကိုလည်း ယင်းဆောင်ချမ်းပင်စောင့်နတ်အား နေ့စဉ် ဆင်လေ့ ရှိသည်။

တနေ့တွင် ဆောင်ချမ်းပင်စောင့်နတ်က ဝမ်းမြောက် ဝမ်းသာ ကိုယ်ထင်ပြပြီးလျှင် — 'အသင်မင်းသား - သင်သည် ပုဂံ၌ မင်းဖြစ်လတ့်၊ ဘုန်းကြီးလိုသော် သရဏဂုံနှင့် ငါးပါးသီလကို မြဲစွာ ဆောက်တည် စောင့်ထိန်းလေ၊ သစ္စာစကားကို မှန်အောင် သုံးလေ၊ အနုဿတိ ဆယ်ပါးကိုလည်း တနေ့ နှစ်ထောင် ရအောင် စီးဖြန်းလေ' ဟု ဆိုသည်။

အဆိုပါ ကြောင်းဖြူရွာသားသည် ဆောင်ချမ်းပင်စောင့် နတ် ဆိုသည့် အတိုင်း ဆောက်တည် စောင့်ထိန်း စီးဖြန်း သည့်အပြင် နေ့စဉ် ဝတ်ပြုနေကျ အတိုင်း အထက်ပါ ဘုရား ရှိခိုး (၅) ဂါထာဖြင့်လည်း ဘုရား ပုတီး ရှိခိုးခဲ့ရာ မပင် မပန်း အကြမ်းမဖက် စစ်မက် မတိုက်ခိုက်ရပဲ သက္ကရာဇ် ၃၂၆ - ခုနှစ်တွင် ပုဂံ၌ မင်းအဖြစ်သို့ ရောက်ရှိခဲ့သည်၊ ကွမ်းဆော်ကြောင်းဖြူမင်း ဟူသော အမည်ဖြင့် မြန်မာ့ရာဇဝင်၌ ထင်ရှားခဲ့သည်။

## အနော်ရထာမင်းကြီးအား
## ရဟန္တာအရှင်အရဟံ ပေးသနားတော်မူသော
# ဂါထာ မန္တန်

သက္ကရာဇ်( ၃၇၉ )ခုနှစ်တွင် ပုဂံပြည်၌ အနော်ရထာမင်းပြုသည်။

ထို့နောက် အနော်ရထာမင်းသည် ရဟန္တာ အရှင်အရဟံကို ဖူးမြော်ရပြီးချိန်မှ စ၍ သူကိုယ်တိုင်လည်း စစ်မှန် သန့်ရှင်းသော ဗုဒ္ဓအယူဝါဒကို လက်ခံလျက် ပြည်သူ အများကိုလည်း စစ်မှန် သန့်ရှင်းသော ဗုဒ္ဓအယူဝါဒကို လက်ခံ နာယူစေခဲ့သည်၊ သာသနာတော်၏ အညစ်အကြေးများ ဖြစ်သော အရည်းကြီးတို့ကိုလည်း သာသနာတော်မှ ရှင်းလင်းပစ်ခဲ့သည်။

ယင်းသို့ သာသနာတော်ကို သုတ်သင် ရှင်းလင်းရသည်မှာ စင်စစ် လွယ်ကူလှသည် မဟုတ်ပေ၊ ဘေးအန္တရာယ် များလှပေသည်။

ထို့ကြောင့်လည်း ရဟန္တာ အရှင်အရဟံ မထေရ်မြတ်က အနော်ရထာမင်းကြီးအား အောက်ပါ ဂါထာကို ပေးသနားတော်မူခဲ့သည်။

အနန္တဂုဏသမ္ပန္နံ၊
နဝဂုဏေဟိ ဥက္ကဋ္ဌံ။
သဗ္ဗညု ဗုဒ္ဓစေတိယံ၊
အဟံ နမာမိ သဗ္ဗဒါ။

အနန္တဂုဏာသမ္ဗုဒ္ဓ၊ အဆုံးမရှိသော ဂုဏ်ကျေးဇူး ဉာဏ်တော် အထူးနှင့် ပြည့်စုံတော်မူသော။ နဝဂုဏောဟိ၊ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍။ ဥက္ကဋ္ဌ၊ ထူးမြတ်သော။ သဗ္ဗညု၊ ဉေယျဓမ် တရားအပေါင်းနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား၍ သိတော်မူသော မြတ်စွာဘုရားသခင်၏။ စေတိယံ၊ ဓာတု ပရိဘောဂ ဥဒ္ဒိဿ ဓမ္မ ဟု ဆိုအပ်သော စေတီတော်တို့ကို။ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နမာမိ၊ ရှိခိုးပါ၏။

အနော်ရထာမင်းကြီးသည် ဤ ဂါထာ မန္တန်ကို နေ့စဉ်မပြတ် သရဇ္ဈာယ် ရွတ်ဖတ်သောကြောင့် ဘေးမသိ ရန်မခ သာသနာတော်ကို ပြုစုနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်း၌ ပဌမ မြန်မာနိုင်ငံတော်ကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်သော ဘုရင်အဖြစ်သို့ ရောက်ရှိလာခဲ့ခြင်းလည်း ဖြစ်သည်။

ဤ ဂါထာ မန္တန်ကို ကိုးကွယ် ရွတ်ဖတ်ပါက ရန်စူး ရန်ငြောင့် ဟူသမျှ အနှောင့်အယှက် မရှိရုံမက ကိုယ် စိတ် နှစ်ပါး ချမ်းသာမည်-ပစ္စည်း ဥစ္စာ ချမ်းသာ ကြွယ်ဝမည်ဟုလည်း အညွှန်းရှိသည်။

## ရဟန္တာ အရှင်မြတ်များ ရေးသားတော်မူခဲ့သော

# ရွှေစည်းခုံ မိုးကြိုးလွှဲ (၆) ဂါထာ

အနော်ရထာမင်းကြီး နတ်ရွာစံလျှင် ပုဂံပြည်၌ သားတော် ကျန်စစ်သားမင်း နန်းတက်သည်၊ ကျန်စစ်သားမင်းကြီးသည် ခမည်းတော် အနော်ရထာမင်းကြီး တည်ခဲ့သော ရွှေစည်းခုံဘုရား မပြီးသေးသည်ကို ပြီးအောင် ဆက်လက် တည်တော်မူခဲ့သည်။

ကျန်စစ်သားမင်းကြီး လက်ထက်၌ ဟိမဝန္တာ ဂန္ဓမာဒန တောင် နန္ဒမူလိုဏ်ဂူမှ ရဟန္တာများသည် ပုဂံသို့ ကြွရောက် သီတင်းသုံးတော်မူကြကြောင်းကို 'မြန်မာရာဇဝင်ကြီးများ' နှင့် 'သာသနာလင်္ကာရ စာတမ်း' တို့၌ အခိုင်အမာ မိန့်ဆိုထားသည်။

ထိုစဉ်က ရဟန္တာအရှင်မြတ်များသည် ရွှေစည်းခုံဘုရား ထီးခံတွင် အောက်ပါ မိုးကြိုးလွှဲ (၆) ဂါထာကို ရေးသား တော်မူခဲ့သည်ဟု အမှတ်အသားရှိကြသည်။

(၁) ကရုဏာ ဉာဏသမ္ပန္နော၊
စက္ကု စက္ကိန္ဒသမ္မာဝေါ။
ဇာတ္တိ သလက္ခဏာပေတော၊
တာဒိ တာဒိန္န မဏ္ဍိတော။

(၂) တိဘဝူပ သမော နာထော၊
ဗုဒ္ဓ ဗုဒ္ဓက ဗုဒ္ဓိမော။

နမတ္ထု တဿ သင်္ဂါမော၊
ဇိနော ဇိနဂ္ဂ သမ္ဗဓော။

(၃) တိလောက မုဒ္ဒိဘူတဿ၊
ဒေဝ ဒေဝိန္ဒ ရာဇိနော။
သက္ကာတိ သက္ကရာဇဿ၊
ဗြဟ္မ ဗြဟ္မိန္ဒ ဗြဟ္မုနော။

(၄) သာရတိ သာရဒန္တဿ၊
ကဝိ ကဝိန္ဒ ကေတုနော။
နမတ္ထု လောကဇေဋ္ဌဿ၊
မုနိ မုနိန္ဒ ရာဇိနော။

(၅) ဝရလက္ခဏာ သမ္ပုန္နံ၊
သုရာသုရ သုခါဝဟံ။
သက္ကိန္ဒ ဝံသဇံ ဇေဋ္ဌံ၊
ဝိဘာဝိတံ ဝိနာယကံ။

(၆) သီလာဒိ ဂုဏသမ္ပုန္နံ၊
နရ နရိန္ဒ ပါမောက္ခံ။
နမာမိ သုဂတံ နာထံ၊
မတိမန် မဟာပုညံ။

ကရုဏာ ဉာဏသမ္ပန္နော၊ သာဝကပစ္စေကာ မနှိုင်းရာ၍ အသာဓာရဏ ဖြစ်သော မဟာကရုဏာ သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူထသော။ စက္ကဝတ္တိန္ဒ သမ္ဘဝေါ၊ စကြာမန္တတ် မင်းမြတ်တို့သာ ရထိုက်စွာသော လောကီစကြာ ရတနာတို့

ထက် သာလွန်မြတ်သော ကရုဏာစကြာ ရတနာတို့၏ အရှင် ဗောဓိဉာဏ် စက္ကုရာဇ်သည်း ဖြစ်ထသော။ ဗာဟုံ့ သလက္ခဏာဓေ-တော၊ နိဂြောဓဗိမ္ဗ အစ ဂုဏ်ကျိုးသာသိသ အာဆုံး သုံးဆယ့်နှစ်ဖြာ အဒ္ဓမဟာရာသား လက္ခဏာတော်နှင့်လည်း ပြည့်စုံတော်မူထသော။ တာဒိတာဒီ မျိုးတော၊ လာဘာ လာဘ စသည်ဘသွန်း လောကဓံ ဂြော၊ ဝင့် ဖောက်ပြန်မရှိ ရောင့်ရဲတိသော တာဒိဂုဏ်နှင့် ပြည့်စုံလှ ဘုရားတို့ထက် သာလွန်ကဲကြူးသော တာဒိကျေးဇူးကို ကွပ်မူး စိုးပိုင်ခြင်းဖြင့် တန်ဆာဆင်အပ်ထသော။ တိဘဝူပသမေ၊ ဘဝသုံးပါး၌ သွားလာဖြစ်ပျက်ခြင်းမှ ငြိမ်းတော်မူပြီးထသော။ ဝါ—သုံးပါးဘုံလူ နတ် လူ ဗြဟ္မာ သတ္တဝါအားလုံးတို့၏ စုရုံး စည်းဝေးရာလည်း ဖြစ်ထသော။ နာထော၊ သတ္တဝါတို့၏ ကိလေသာကို လွန်စွာ ပူပန်စေတတ်သော။ ဗုဒ္ဓ ဗုဒ္ဓဂုဏ်ဗိမ္ဗေ၊ သုတဗုဒ္ဓ အနုဗုဒ္ဓ ပစ္စေကဗုဒ္ဓတို့ထက် မြတ်သော သမ္မာသမ္ဗုဒ္ဓ အစပ်လည်းဖြစ်တော်မူထသော။ ဝါ—လောကီပညာ လောကုတ္တရာ ပညာတို့ထက် သာလွန် ထူးမြတ်သော အသာဓာရဏ ဝိသိဋ္ဌပညာဖြင့် သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူထသော။ ဇိနေ၊ မာရ် ငါးပါးကို အောင်တော်မူပြီးထသော။ သင်္ဂါမေ၊ အောင်အပ်သော စစ်မြေလည်း ရှိထသော။ ဇိနဂ္ဂသမ္ဘဝေ၊ အောင်သူတကာတို့ထက် မြတ်သည်ဟု ကြွေးကြော်အပ်လှသော။ တဿ၊ ထိုသို့သော ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

တံလောက ဝုဍ္ဎိဘူတာဃ၊ လူ သုံးပါးတို့၏ ဦးဆိပ်သဖွယ် ဖြစ်၍ ဖြစ်ဘဒေသော။ ဒေဝ ဒေဝိန္ဒ ရာဇိနော၊ သမုတိနတ်

ဥပတ္တိနတ်တို့ထက် လွန်မြတ်သော ဝိသုဒ္ဓိနတ်တို့ကို အစိုးရသော အသဒိသနတ်မင်းလည်း ဖြစ်တော်မူထသော။ သက္ကာတိ သက္ကရာဇသာ၊ သိကြားတကာတို့ထက် လွန်မြတ်သော သိကြားမင်းလည်း ဖြစ်တော်မူထသော။ ဗြဟ္မ ဗြဟ္မနံ့ ဗြဟ္မနေ ရူပဗြဟ္မာတို့ထက် လွန်မြတ်သော အရူပဗြဟ္မာတို့ကို အစိုးရသော ရဟန္တာ ဗြဟ္မာမင်းလည်း ဖြစ်တော်မူထသော။ သာရာတိသာရဒန္တသာ၊ ယဉ်ကျေးသောသူတို့ထက် ယဉ်ကျေးသောသူတို့ကို ဆုံးမတော်မူထတ်ထသော။ ကဝိ ကဝိန္ဒ ကေတုနေ၊ လောကီကဝိတို့ထက် လွန်မြတ်သော လောကုတ္တရာကဝိတို့၏ အရှင် ဒုရင်းမှန်ကင်း သဘာယ်လည်း ဖြစ်ထသော။ မုနိ မုနိန္ဒ ရာဇိနေ၊ ပုထုဇဉ် ရဟန်းတို့ထက် လွန်မြတ်သော အရိယာရဟန်းတို့ကို အစိုးရသော ရဟန်းမင်းလည်း ဖြစ်တော်မူထသော။ လောကာဇေဋ္ဌသာ၊ လူသုံးဦးတို့ထက် အထူးသဖြင့် ကြီးမြတ်တော်မူသော မြတ်စွာဘုရားအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

ဝရလက္ခဏာသမ္ပန္နံ၊ မြတ်သော လက္ခဏာတော်ငယ် ရှစ်ဆယ်နှင့် ပြည့်စုံတော်မူထသော။ သူရာ သုရ သုခါဝဟံ၊ နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာကိုလည်း ဆောင်ထသော။ သက္ကိန္ဒဝံသဇံ၊ လူတွင်တမှတ် အထွဋ်ထားတင် သာကီဝင်ဟု လွန်ထင်ကျော်ဟိုး မင်းအမျိုးကို ပိုင်စိုးရသော ဥက္ကာဝံသ ခတ္တိယအနွယ်မှလည်း ဖြစ်တော်မူထသော။ ဇေဋ္ဌံ ကြီးသောသူတို့ထက် အထူးသဖြင့် ကြီးတော်မူထသော။ ဝိဘာဝိတံ၊ ဝိမုတ္တိငါး မြတ်တရားကို ထင်ရှားပြတော် မူထတ်ထ

သော။ ဝိနာယကံ၊ လူသုံးတန်ကို နိဗ္ဗာန်သာခေါင် ဘေးမဲ့ သောင်သို့ ပို့ဆောင်တော်မူတတ်ဟသော။ သီလာဒိဂုဏ သမ္ပန္နံ၊ သီလ အစရှိသော ဂုဏ်နှင့် ပြည့်စုံတော် မူကုန်သော။ နရာ နရိန္ဒ ပါမောက္ခံ၊ လူနတ်မျိုးကို ပိုင်စိုးချုပ်ခေါ် နည်း ညွှန်ရှာသော ဆရာမှူးကြီးလည်း ဖြစ်ထသော။ သုဂတံ၊ ကောင်းသော စကားကိုလည်း ဆိုတော်မူတတ်ထသော။ မတိမံ၊ လောကုတ္တရာ ဖိုးသ်ပညာဖြင့် မကွာသုံအပ်သော နလုံးတော် လည်း ရှိထသော။ မဟာပုညံ၊ ကြီးကျယ်များမြတ် ပွင့်ဇော်အပ် သော ဘုန်းတော် တန်ခိုးတော်လည်း ရှိထသော။ နာထံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ကာယ ဝစီ မနောချိသား အဉလိကာမှ ဂါရဝဖြင့် ညွှတ်ခကြည်သာ ရှိခိုးပါ၏။

ဤ ( ၆ ) ဂါထာ အနက်မှာ 'မုနိန္ဒာဘိဓေ' ဘွဲ့မည်ရသော ကျီးသဲလေးထပ် ဆရာတော် ဦးကင်း ရေးသားတော်မူခဲ့သော အနက် ဖြစ်သည်၊

—

## ပုဂံ ရွှေစည်းခုံဘုရား

## မိုးကြိုးလွှဲ ( ၂ ) ဂါထာ

ထို့ပြင် ပုဂံ ရွှေစည်းခုံဘုရား၏ ကြေးစလောင်းတွင်လည်း အောက်ပါ မိုးကြိုးလွှဲ ( ၂ ) ဂါထာကို တွေ့ရှိရသေးသည်။

(၁) စေယျော မုနိ ဗုဒ္ဓရူပ၊
စေယျက် စေယျမေ၀စ။
ဣမာနိ တီဏိ လေခါနိ၊
အသနိ ပရိ၀ဇ္ဇယိ။

(၂) ပီယော ဒေ၀မနုဿာနံ၊
ပီယော နာဂသုပဏ္ဏာနံ။
ပီယော ဗြဟ္မာဏာ မုတ္တမံ၊
ပီယိန္ဒြိယံ နမာမဟံ။

—

ပဋိက္ကရားမင်းသား

## အဆောင်အရွက် (၃) ဂါထာ

ပုဂံပြည်၌ သက္ကရာဇ် ၄၂၆ - ခုနှစ်တွင် ကျန်စစ်သားမင်းကြီး မင်းပြုတော်မူသည်၊ ကျန်စစ်သားမင်းကြီး၌ ရွှေအိမ်သည် ဟူသော သမီးတော် ရှိရာ ရွှေအိမ်သည်၏ ချောမောလှပမှု - လိမ္မာရေးခြား ရှိမှု စသော ဂုဏ်သတင်းတို့သည် အိမ်နီးချင်း နိုင်ငံများ တိုင်အောင် ပျံ့နှံ့ခဲ့သည်။

ယင်းကဲ့သို့သော ဂုဏ်သတင်းများကြောင့် အနောက်ပဋိက္ကရား ကုလားတိုင်းပြည်မှ ပဋိက္ကရား ကုလားမင်းသားသည် အမတ်ကြီး ကြံသိုင်းကို တံစိုး လက်ဆောင် ပေးကာ ရွှေအိမ်သည်နှင့် အကျမ်းတဝင်ဖြစ်အောင် ကြိုးစားခဲ့သည်၊ ပဋိက္ကရား

မင်းသားသည် ပဏ္ဏာပြား မျက်မှန်ကို ငုံ၍ ပင်လယ်ပြင်ကူး ကူး၏။ ပြည်မှ ဟုဂ်ပြည်သို့ ကောင်းကင်ခရီးဖြင့် လာသလေ့ရှိသည်။

ထိုစဉ်က ပင့်ကူရားမင်းသားသည် ကောင်းကင်ပေါ် သွားလာရန် အတွက် မန္တန် ( ၃ ) ဂါထာကို အသုံးပြုခဲ့သည်၊

( ၁ ) ဣတိပိ သော ဘဂဝါ ဝုတ္တာ၊
ဣတိမန္တာ သုခါဝဟာ။
ဗုဒ္ဓကြန္နဋ္ဌ ဝေါ ဝုတ္တာ၊
ဗုဒ္ဓတေဇော သုခါဝဟာ။

( ၂ ) ဣတိပိ သော ဘဂဝါ ဝုတ္တာ၊
ဣတိမန္တာ သုခါဝဟာ။
ဓမ္မကြန္နဋ္ဌ ဝေါ ဝုတ္တာ၊
ဓမ္မတေဇော သုခါဝဟာ။

( ၃ ) ဣတိပိ သော ဘဂဝါ ဝုတ္တာ၊
ဣတိမန္တာ သုခါဝဟာ။
သံဃကြန္နဋ္ဌ ဝေါ ဝုတ္တာ၊
သံဃတေဇော သုခါဝဟာ။

ဣတိပိ သော ဘဂဝါ ဝုတ္တာ ဣတိမန္တာ၊ 'ဣတိပိ သော ဘဂဝါ' အမည်ရှိသော မန္တန်သည်။ သုခါဝဟာ၊ ချမ်းသာကို ဆောင်တတ်၏။ ဗုဒ္ဓကြန္နဋ္ဌ၊ ဘုရားကျေးဇူးတော်ကြောင့် ချမ်းသာသည်ကိုလည်း။ ဝေါ၊ သင်တို့အား။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ဗုဒ္ဓတေဇော၊ ဘုရားတန်ခိုးတော် အစွမ်းသည်။ သုခါဝဟာ၊ ချမ်းသာကို ဆောင်တတ်၏။

ဣတိပိ သော ဘဂဝါ ဝုတ္တာ ဣတိမန္တာ၊ 'ဣတိပိ သော ဘဂဝါ' အမည်ရှိသော မန္တန်သည်။ သုခါဝဟာ၊ ချမ်းသာကို ဆောင်တတ်၏။ ဓမ္မကြန္တူ၊ တရားကျေးဇူးတော်ကြောင့် ချမ်းသာသည်ကိုလည်း။ ဝေါ၊ သင်တို့အား။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ဓမ္မတေဇော၊ တရားတန်ခိုးတော် အစွမ်းသည်။ သုခါဝဟာ၊ ချမ်းသာကို ဆောင်တတ်၏။

ဣတိပိ သော ဘဂဝါ ဝုတ္တာ ဣတိမန္တာ၊ 'ဣတိပိ သော ဘဂဝါ' အမည်ရှိသော မန္တန်သည်။ သုခါဝဟာ၊ ချမ်းသာကို ဆောင်တတ်၏။ သံဃကြန္တူ၊ သံဃာ့ကျေးဇူးတော်ကြောင့် ချမ်းသာသည်ကိုလည်း။ ဝေါ၊ သင်တို့အား။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ သံဃတေဇော၊ သံဃာ့ တန်ခိုးတော် အစွမ်းသည်။ သုခါဝဟာ၊ ချမ်းသာကို ဆောင်တတ်၏။

ဖင်္ဂလာရားမင်းသားသည် ဤ ( ၃ )ဂါထာကို သူကိုယ်တိုင်သာ အဆောင်အရွက် အဖြစ် အသုံးပြုခဲ့သည် မဟုတ်သေး၊ ရွှေအိမ်သည် မင်းသမီးကိုလည်း 'သည် မန္တန် ( ၃ )ဂါထာကို ဆောင်လျှင် သားကောင်းရတနာ ရမည်' ဟုဆိုကာ ရွှေအိမ်သည်အား ပေးခဲ့သေးကြောင်းဖြင့် ရှေးလောကီမန္တန်ကျမ်းဟောင်းများ၌ အဆိုအမိန့် ပြုထားသည်။

ထို့ကြောင့်လည်း ရွှေအိမ်သည်၌ အလောင်းစည်သူဟူသော ထင်ရှား ကျော်ကြားသည့် သားကောင်း ရတနာ ဖွားမြင်ခဲ့သည်ဟုလည်း အဆိုရှိသည်။

## အလောင်းစည်သူ မင်းကြီး

## ဘုရား၅ိုး ဂါထာ

ပုဂံပြည်၌ သက္ကရာဇ် ၄၅၅ - ခုနှစ်တွင် အလောင်းစည်သူ မင်းကြီးသည် မင်းအဖြစ်သို့ ရောက်တော်မူသည်၊ နန်းတက် တော်မူသောအခါ မဟာဂိရိနတ်သည် ဦးပြူးကြီးကြယ်နှင့် သူ့အို အယောင် ဆောင်ကာ မင်းကြီး၏ လကျာ်လက်ကို ကိုင်၍ နန်းတက်ကြောင်းဖြင့် မြန်မာရာဇဝင်ကြီးများ၌ ဖော်ပြထား သည်။

အလောင်းစည်သူမင်းကြီးသည် အောက်ပါဘုရား၅ိုးဂါထာ ကို နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်လေ့ရှိသည်။

(၁) ဗုဒ္ဓေါ တိလောက ဒီပေါ စ၊
ဗုဒ္ဓေါတိ သူရိယော တမော။
ဂစ္ဆန္တံ သရဏံ ဗုဒ္ဓံ၊
မမ သီသေ ဌပေတွာန။
ယာဝဇီဝံ နမတ္ထု တံ။

(၂) ဓမ္မော တိလောက ဒီပေါ စ၊
ဓမ္မောတိ သူရိယော တမော။
ဂစ္ဆန္တံ သရဏံ ဓမ္မံ၊
မမ သီသေ ဌပေတွာန။
ယာဝဇီဝံ နမတ္ထု တံ။

(၃) သံဃော တိလောက ဒီပေါ စ၊
သံဃောတိ သူရိယော တမော။

ဂစ္ဆန္တံ့ သရဏံ သံဃံ၊
မမ သိဗော ဌပေတွာန။
ယာဝဇီဝံ နမဿု တံ။

ဤဘုရားရှိခိုး ဂါထာ၌ ပါရှိသော ရတနာသုံးပါး၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် မဟာဂီရိ စသော နတ်များ ကပင် မနေနိုင်ဘဲ အလောင်းစည်သူမင်းကြီးအား စောင့်ရှောက် စောင့်မခဲ့ကြရပေသည်။

အချို့သောလောကီမန္တန်ကျမ်းဟောင်း (ပေမူ) များ၌ ဒုဋ္ဌဂါမဏိမင်းကြီးသည် ကျည်းကုလားတို့ကို သုတ်သင်စဉ်ခဲ့ကလည်း ဤမန္တန် ဂါထာကို ရွတ်မန်း တိုက်ခိုက်ခဲ့သည်ဟု တွေ့ရှိရသေး သည်၊ ထို့ကြောင့် ဉာဏ်ရှိတိုင်း ချဲ့ထွင် သုံးစွဲကြရာသည်။

---

## နရပတိစည်သူမင်းကြီး

## ဖောင်တော်၌ ဆောင်သော ဂါထာမန္တန်

သက္ကရာဇ် ၅၃၆ - ခုနှစ်တွင် ပုဂံပြည်၌ နရပတိစည်သူ မင်းကြီးသည် မင်းအဖြစ်သို့ ရောက်တော်မူသည်။

တရံရောအခါ မင်းကြီးသည် သမုဒ္ဒရာကို ကြည့်ရှုတော်မူလို ရကား လှေ ကိုးသန်း ရံကာ ဖောင်တော်ဖြင့် ထွက်တော် မူခဲ့ရာ ဖောင်တော်၌ အောက်ပါ ဂါထာ မန္တန်ကို ဆောင် တော်မူခဲ့သည်။

(၁) ဗုဒ္ဓေါ တိလောက ဒီပေါ စ၊
ဗုဒ္ဓေါ သူရော တမောနုဒ္ဒော။
ဗုဒ္ဓံ သရဏံ ဂစ္ဆန္တံ၊
နတ္ထိ မယုံ ဘယံ သဒါ။

(၂) ဓမ္မော တိလောက ဒီပေါ စ၊
ဓမ္မော သူရော တမောနုဒ္ဒော။
ဓမ္မံ သရဏံ ဂစ္ဆန္တံ၊
နတ္ထိ မယုံ ဘယံ သဒါ။

(၃) သံဃော တိလောက ဒီပေါ စ၊
သံဃော သူရော တမောနုဒ္ဒော။
သံဃံ သရဏံ ဂစ္ဆန္တံ၊
နတ္ထိ မယုံ ဘယံ သဒါ။

ယင်း ဂါထာ မန္တန်ကို ဖောင်တော်၌ ဆောင်ခဲ့သော ကြောင့်လည်း နရပတိစည်သူမင်းကြီး၏ ဖောင်စကြာခရီးသည် အဖက်ဖက်မှ အောင်မြင်ခဲ့သည်၊ ဝိတ်အကြံ ရှိသမျှ လိုအင်ဆန္ဒ ပြည့်ဝခဲ့သည်။

ဖောင်တော်ဖြင့် ဇမ္ဗူသပြေပင်သို့ ရောက်သောအခါ သပြေပင်အောက်၌ ပြန့်စင်လှစွာသော ကျောက်ဖျာကို မြင်လျှင် မင်းကြီးသည် ဘိသိက်ခံလိုသော စိတ်အကြံ ဖြစ်ပေါ်လာသည်၊ ထိုအခါ သိကြားမင်းသည် သုအိုခေယာင်နှင့် လာ၍— 'မင်းကြီး - ဤကျောက်ဖျာသည် ဘုရားသခင် ဆွမ်းဘုဉ်းပေးခတော်မူရာဖြစ်သည်၊ မင်းကြီး မယုံသော် ဦးဖောင်းတော်ကို

တင်လေ့' ဟု ဆိုသဖြင့် ဦးဖောင်းတော်ကို တင်သော် ဖောင်းတော်သည် ကျေကျွမ်းပျောက်လေသည်။

ထိုသို့လျှင် ကြည်ညို ကိုးကွယ်လိုသော မင်းကြီး၏ စိတ်ကို သိ၍ သိကြားမင်းသည် ကျောက်ဖျာကို လှူပြီးလျှင် ဆင်းတုတော် ဖန်ဆင်းထုလုပ်၍ နရပတိစည်သူမင်းကြီးအား အပ်သည်၊ ထိုဘုရားရှင်ကို ရှင်ပြုပ၍ လည်းကောင်း၊ သီဟိုဠ်ဘုရင်က ဆက်လိုက်သော ဒါဌာသာခါ ရုပ်တုတော်ကို ရှင်လုပ၍ လည်းကောင်း တွင်သည်ဟု မြန်မာရာဇဝင်ကြီးများ၌ ဖော်ပြထားသည်။

သိကြားမင်းပင် လာရောက်ကာ မင်းကြီး၏ စိတ် အကြံနှိုင်း ပြည့်ဝအောင် ဖန်တီးပေးခဲ့ရာ ဤ ဂါထာမန္တန်ကား အသုံးချတတ်လျှင် အသုံးချတတ်သလောက် လိုအင် ဆန္ဒ ပြည့်ဝစေတတ်သော ဂါထာမန္တန် ဖြစ်သည်။

—

## ကျစွာမင်းကြီး

## ဘုရားရှိခိုး ဂါထာ

ပုဂံပြည်၌ သက္ကရာဇ် ၅၉၆ - ခုနှစ်တွင် ကျစွာမင်းကြီးသည် မင်းအဖြစ်သို့ ရောက်တော်မူသည်။

ကျစွာမင်းကြီးသည် နေ့စဉ် ဘုရားရှိခိုး ဝတ်ပြုသောအခါ အောက်ပါ ဘုရားရှိခိုးဂါထာဖြင့် ရှိခိုးလေ့ ရှိသည်။

ဂင်္ဂါယ ဝါဠုကာ တုလျာ၊
ဗုဒ္ဓါ တီတာ အနာဂတာ။
ပစ္စုပ္ပန္နေန ယေ ဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

[ 'ဓမ္မာ' 'သံဃာ'လည်း နည်းတူ ဆိုလေ။ ]

ဂင်္ဂါယ၊ ဂင်္ဂါမြစ်၏။ ဝါဠုကာ တုလျာ၊ သဲနှင့် မျှကုန်သော။ အတီတာ၊ လွန်လေကုန်ပြီးသော။ ယေ ဗုဒ္ဓါ၊ အကြင် ဘုရားတို့သည်လည်းကောင်း။ အနာဂတာ၊ နောင် လာတော်မူလတံ့ကုန်သော။ ယေ ဗုဒ္ဓါ၊ အကြင် ဘုရားတို့သည် လည်းကောင်း။ ပစ္စုပ္ပန္နေန၊ ပစ္စုပ္ပန်၌ ပွင့်တော်မူကုန်ပြီးသော။ ယေ ဗုဒ္ဓါ၊ အကြင်ဘုရားတို့သည် လည်းကောင်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တေ ဗုဒ္ဓါ၊ ထိုလွန်လေပြီးသော ဘုရား - နောင် လာလတံ့သော ဘုရား - ပစ္စုပ္ပန်၌ ပွင့်တော်မူသော ဘုရား တို့ကို။ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ပြကွမ်ရွှေတောင်ခြေ၌ အနော်ရထာမင်း စိုက်ပျိုးခဲ့သော ပေစေ့သည် ကျစွာမင်း လက်ထက်ကျမှ ပေါက်သည်၊ ထိုပေ တို့ကို ယူ၍ ဆက်လျှင် မင်းကြီးသည် အလွန် ဝမ်းမြောက် တော်မူ၍ ယင်းပေတို့ဖြင့် ပိဋကတ်တော် များစွာ ပြုစေတော် သည်။

ထို့ပြင် တူရွှင်းတောင်က ကျွဲသာသော ရေဘုံကို ကန်ကြီး ဆည်ပြီးလျှင် ယင်းကန်နား၌ မင်းကွန်း ဆောက်လုပ်၍ ဓနု

ညဉ့် မပြတ် စာပေ ပို့ချတော်မူသည်၊ 'ပရမတ္ထဗိန္ဒု' ကျမ်းကိုလည်း ရေးသား ပြုစုတော်မူခဲ့သည်။

ထို့ကြောင့် ကျစွာမင်းသည် မြန်မာဘုရင်များအနက် ပိဋကတ်ဖက်မှ ထူးချွန်သောမင်း အဖြစ် ရာဇဝင်ဆရာများက မှတ်တမ်းတင်ခဲ့ကြသည်၊ ပါရမီရှိသောမင်းဟု ကျော်ကြားခဲ့သည်၊ အတိတ်ဘဝက ပါရှိလာခဲ့သော ပါရမီ ကုသိုလ်ကို ယနေ့ဘဝ၌လည်း ကုသိုလ် ဥပထမ္ဘကကံများဖြင့် ထပ်မံထောက်ထန်ကာ ဘုရားနှိုးတိုင်း အထက်ပါ ဘုရားရှိခိုး ဂါထာဖြင့် နှိုးလေ့ ရှိခဲ့သည်။

ယင်း ကုသိုလ်ကံများ၏ အာနုဘော်ကြောင့် ကျစွာမင်းကြီး၏ လက်ထက်၌ တိုင်းကား ပြည်ရွာ သာယာဝပြောသည်၊ သူပုန် သူကန် သောင်းကျန်းမှု မရှိ၊ စစ်မက်မရှိဟု မြန်မာ ရာဇဝင်ကြီးများ၌ ဖော်ပြထားသည်။

---

## ကျစွာမင်းကြီး
## ရွတ်ဖတ် သရဇ္ဈာယ်သော
## ဂါထာ မန္တန်

ကျစွာမင်းကြီးသည် အထက်ပါ ဘုရားရှိခိုးဂါထာဖြင့် ဘုရားနှိုးလေ့ရှိသည့် အပြင် နေ့စဉ်မပြတ်လည်း အောက်ပါ မန္တန် (၃)ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်လေ့ ရှိသေးသည်

(၁) ဇုဒ္ဒိသ ဗုဒ္ဓညာဏဋ္ဌ၊
အဋ္ဌာရသ အာဝေဏိကံ။
ပူဇေ ဒသဗလံ ဉာဏံ၊
စတုဝေသာရဇ္ဇ မုတ္တမံ။

(၂) ဝိသုဒ္ဓ ကရုဏာ ဉာဏံ၊
ဗုဒ္ဓံ သမ္ဗုဒ္ဓ ပူဇိတံ။
ဓမ္မံ သဒ္ဓမ္မ သမ္ဗုတံ၊
နိတ္ထာ သံသံ နိရဂ်ဏံ။

(၃) ဥပေမိ ဗုဒ္ဓသရဏံ၊
ဓမ္မဥ္စာပိ အနုတ္တရံ။
သံဃဥ္စ နရဒေဝေဟိ၊
ဂစ္ဆာမိ သရဏံ အဟံ။

ဇုဒ္ဒိသ၊ တဆဲ့လေးပါးကုန်သော။ ဗုဒ္ဓဉာဏဋ္ဌ၊ မြတ်စွာဘုရားသခင်၏ ရွှေဉာဏ်တော်ကိုလည်းကောင်း။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါးကုန်သော။ အာဝေဏိကံ၊ အသီးဖြစ်သော မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကိုလည်းကောင်း။ ဥတ္တမံ၊ မြတ်စွာသော။ စတုဝေသာရဇ္ဇံ၊ လေးပါးသော ဝေသာရဇ္ဇ ဉာဏ်တော်ကိုလည်းကောင်း။ ဒသဗလံ၊ ဆယ်ပါးသော ကာယ ဗလ ဉာဏဗလ အစရှိသော။ ဉာဏံ၊ မြတ်စွာဘုရားသခင်၏ ဉာဏ်တော်ကိုလည်းကောင်း။ ပူဇေ၊ နေ့ညဥ့်မပြတ် မှတ်၍ ရှိခိုးပါ၏။

ဝိသုဒ္ဓကရုဏာဉာဏံ၊ ဝါသနာနှင့် အဟံ၊ အကျွန်ုပ်သည်။ အလုံးစုံသော ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ် ထက်သော

သော မြတ်စွာဘုရား အန္တသန်တော်၌ တည်သော မဟာကရုဏာ သမ္ပယုတ္တဉာဏ် ရှိတော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နတ္ထာ—နမာမိ၊ ရှိခိုးပါ၏။ နတ္ထာ၊ ရှိခိုးပြီး၍။ သမ္ဗုဒ္ဓပူဇိတံ၊ မြတ်စွာဘုရားသည် ပူဇော်အပ်တော်မူထသော။ ဓမ္မဉ္စ၊ ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ နတ္ထာ—နမာမိ၊ ရှိခိုးပါ၏။ နတ္ထာ၊ ရှိခိုးပြီး၍။ သဒ္ဓမ္မသမ္ဘူတံ၊ သူတော်ကောင်းတို့၏ တရားကြောင့် အရိယာ သာဝက အဖြစ်ဖြင့် ဖြစ်တော်မူထသော။ နိရင်္ဂဏံ၊ ကိလေသာ မရှိထသော။ သံဃဉ္စ၊ ရှစ်ယောက်သော အရိယာပုဂ္ဂိုလ် အပေါင်းကိုလည်း။ နတ္ထာ—နမာမိ၊ ရှိခိုးပါ၏။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဥပေမိ၊ ရောက်ပါ၏။ အနုတ္တရံ၊ မိမိထက်အမွန် လွန်သော တရား မရှိသော။ ဓမ္မဉ္စာပိ၊ ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ နရဒေဝေဟိ၊ လူ နတ် အပေါင်းတို့သည်။ ပူဇိတံ၊ သော။ သံဃဉ္စာပိ၊ သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဥပေမိ၊ ရောက်ပါ၏။ အဟံ၊ ငါသည်။ တံ၊ ထိုသုံးပါးသော ရတနာတို့ကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂစ္ဆာမိ၊ ရောက်၏။

ကျစွာမင်းကြီးသည် ဤမန္တန်( ၃ ) ဂါထာကို အမြွတ်ဖတ် အရဇ္ဈာယ်သောကြောင့် ဓားရန်လည်း ကင်းသည်၊ ဘုန်းတန်ခိုးလည်း ကြီးမားသည်၊ အတိုင်းတိုင်း အပြည်ပြည်က လက်ဆောင်ပဏ္ဏာများလည်း ဆက်သခြင်း ခံရသည်ဟု အညွှန်းရှိသည်။

## စစ်ကိုင်း စည်သူ ကျော်ထင် ရွတ်ဖတ်သော

# ဥဒေါင်းမင်း ပရိတ် မန္တန်

အင်းဝခေတ်တွင် အုန်းဘောင်ခုံမှိုင်း လွန်သောအခါ သူ၏ သားတော် မိုးဖြ နရပတိသည် သက္ကရာဇ် ၉၀၇ ခုနှစ်တွင် အင်းဝ၌ မင်းပြုသည်။

သို့သော် မိုးဖြနရပတိမှာ စစ်ကိုင်း စည်သူ ကျော်ထင်နှင့် မပြတ် စစ်ထိုးနေရသည်၊ စစ်ပွဲတိုင်းမှာပင် စည်သူ ကျော်ထင် က အနိုင်ရခဲ့သည်ချည်းသာ ဖြစ်သည်။

ယင်း သို့ အမြဲတမ်း စစ်ရှုံး နေရသော ကြောင့် လည်း သက္ကရာဇ် ၉၁၃ ခုနှစ်တွင် မိုးဖြ နရပတိ သည် အလုံးအရင်း နှင့် တကွ အင်းဝမှထွက်ပြေးကာ ပြည်မြို့ ဟံသာဝတီ ဆင်ဖြူ များရှင် မင်းတရားကြီး ရှိရာသို့ ဝင်ရောက် ကျွန်ခံသည်။

ထို့ကြောင့် စည်သူ ကျော်ထင်သည် သက္ကရာဇ် ၉၁၃ ခုနှစ်တွင် အင်းဝ ရွှေနန်းကို အလွယ်နှင့် ရရှိကာ စစ်ကိုင်း နှင့် အင်းဝတွင် ဘုရင်အဖြစ်သို့ ရောက်ရှိခဲ့သည်။

ထိုစဉ်က စည်သူ ကျော်ထင်သည် အောက်ပါ ဥဒေါင်းမင်း ပရိတ်တော်ကို အမြဲ အသုံးပြု ရွတ်ဖတ်ခဲ့သည်။

(၁) (က) ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟာရေမု ဒိဝသံ။

(ခ) ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော စရတိ ဧသနာ။

(၂) (က) အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

(ခ) ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော ဝါသမကပ္ပယိ။

စည်သူ ကျော်ထင်သည် အထက်ပါ ဥဒေါင်းမင်းပရိတ်တော် မန္တန်မှ 'ဥဒေတယံ' ဂါထာကို နံနက်တိုင်း အကြိမ်(၁၀၀၀) ရွတ်ပတ် သရဇ္ဈာယ်၍ 'အပေတယံ' ဂါထာကို ညဉ့်တိုင်း အကြိမ် (၁၀၀၀) ရွတ်ဖတ် သရဇ္ဈာယ်သောကြောင့် ယင်းကဲ့သို့ စစ်ကိုင်း နှင့် အင်းဝ နှစ်နန်းကို မပင်ပန်းပဲ လွယ်ကူစွာ ရရှိခဲ့ရကြောင်းဖြင့် ရှေးမန္တန်ကျမ်းဟောင်းများ၌ မိန့်ဟ ညွှန်းဆိုထားသည်။

[မှတ်ချက် — ဤ ဥဒေါင်းမင်း ပရိတ်တော်မှာ ဇာတက ပါဠိတော်၌ 'မောရပရိတ်' အမည်ဖြင့် ဗုဒ္ဓ ဘုရားရှင် နှုတ်တော်မှ ဟောကြားတော်မူခဲ့ သော ဗုဒ္ဓမုခပါဠိ အစစ် ဖြစ်၍ အထူး ယုံကြည် ကိုးစားထိုက်လှပေသည်။]

——

## ညောင်ရမ်း မင်းတရားကြီး
## နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်သော
## ဂါထာ မန္တန်၊

သက္ကရာဇ် ၉၅၉ - ခုနစ်တွင် တောင်ငူမင်း နှင့် ရခိုင်မင်းတို့ ပူးပေါင်းလုပ်ကြံသောကြောင့် ဟံသာဝတီပြည်ကြီး ပျက်စီးခဲ့ ရသည်။

ထိုအခါ ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး၏ သားတော် အငယ် ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ် ခေါ် မောင်သစ္စာအား ဘားမှဲ့ဆရာတော်က အောက်ပါ ဂါထာ မန္တန်ကို ရွတ်ဖတ် သရဇ္ဈာယ်ရန် စီရင်ပေးသနားတော်မူသည်။

(၁) ပါရံ ယက္ခံ ဂဇံ စောရံ၊
စိဋ္ဌမာနဋ္ဌ သတ္တကံ။
နာဂံ ဗကံ ငိနိ ဇိခနာ၊
ဟောဆု မေ ဇသျှမင်္ဂလံ။

(၂) မာရ် အာဠာဝက် ဟတ္ထိ၊
အင်္ဂုလိမာလ စိဉ္စမာ။
ကုမ္ဘန္ဒ် နာဂ ရုဇ္ဇု၊
ဗကံ အင်္ဂနိ တေဇသာ။

ယောဇိနော၊ အကြွင် ငါးမာရ်ပယ်ဘိ ဂုဏ်သင့်ကြွင့် ဇိနအမည် ရွှေဘွဲ့တော်ချီအပ်သော မြတ်စွာဘုရားသည်။

(၁) မာရ်၊ ယူဇနာ ၁၅၀ အံ့ဘွယ်ကြီးဘိ ဂိရိမေခလာ မည်သောတွပ်ခြင်း နတ်ဆင်မြင်းထက် စီးနင်းတက်၍ ကြောက်မက်ဘွယ်သော စစ်ဗိုလ်ပါနှင့် ဝဲ ယာ စီရွက် လက်ရုံးတထောင် ဘန်ဆင်းဆောင်၍ နိုင်ယောင်စဉ်ထိုး ကျော်လွှဲဟိုးသား ဘုန်းခိုး တောက်ပ တေဇထန့်ပြင်း မာရ်နတ်မင်းကို လည်းကောင်း။

(၂) ယက္ခ၊ စွယ်ရှည်ငေါငေါ မြင်သူ့မောမျှ နက်ကျော နီကျင် မေးမှင်မုတ်ဆိတ် ဖွားရဲမြိတ်သား လန့်ထိတ်ဘွယ်သော ကြီးရောနှင့် သချာများပြောင် လေးထောင်သုံးရာ နှစ်ဆယ် အာအောင် များစွာလူသား နေ့တိုင်းစားသည် စွမ်းအားကြီးလှ အာဠာဝကတွင်ခြင်း ဘီလူးမင်းကိုလည်းကောင်း။

(၃) ဂဇ၊ ဆယ့်ခြောက်မောင်းအိုး ဖြိုးဖြိုးပြည့်နက် သေ အရက်ကို တိုက်လျှက်ထန်ပြင်း နင်းစိမ့်ချည်မှတ် ဒေဝဒတ်တို့ တိုက်လွှတ်သောအား ဘုရားမြတ်စွာ ဆွမ်းခံဆွဲ ပက်ပါဦးတည် ရူးရူးချည်၍ သတ်မည်ကောန် အမြန်ပြေးလာ သံကြိုးလျာနှင့် နာဠာဂိရိ မည်ရှိခေါ်တွင် မင်းစီးဆင်ကိုလည်းကောင်း။

(၄) စောရံ၊ သုံးယူဇနာ ရှည်စွာချင့်မှန်း ခရီးလမ်းကို
မယန်းမဟိုက် မရှိုက်လျှင်ပြင်း တဟုန်ခြင်းဖြင့် ပြေးနင်းစွမ်းနိုင်
ငြိုင်သူ့ဘက်ရှား လူအများကို လှံခေးစွဲကာ ဘမ်းသတ်ခါလျှင်
ယူကာလက်ညှိုး ကြိုးဖြင့်သီရုံး ပန်းကုံးအသွင် လည်ဝယ်ဆင်
သောကြောင့် အင်္ဂုလိမာလ မည်ရတွင်ပြီး ခိုးသူကြီးကိုလည်း
ကောင်း။

(၅) စိဥ္စမာနဥ္စ၊ ပရိတ်သတ်အား မြတ်ဘုရားလျှင် တရား
ဟောကာ နေစဉ်ခါ၌ သေချာပြေပြစ် ပတ်ရစ်ပွဲနှောင် ကိုယ်ဝန်
ဆောင်၍ ဘုန်းခေါင်လူများ ကျွန်ုပ်အားကို ဖြစ်မှားပြီးခါ
အယ့်ကြောင့်သာလျှင် အိမ်ရာမပြင် သူတော်စဉ်တို့ မမြင်သော
တွေ့ ဤခြေနှင့် နေသနည်းဟု အမှုဖွေရှာ စွပ်စွဲလာသော စိဥ္စမာ
မည်ထုတ် မိန်းမယုတ်ကိုလည်းကောင်း။

(၆) သစ္စကံ၊ ဝါဒတထောင် အာဂုံဆောင်၍ ဂုဏ်ထောင်
လွှားပ မိုက်မာနကြောင့် အနိစ္စ အနတ္တ သင်္ခါရကို နိစ္စနတ္တာ
ထင်၍သာလျှင် မြတ်စွာရှင်စော တရားဟောလည်း သဘော
မကျ မှားလေစွဟု ရှုတ်ချခါသာ ပြစ်တင်လာသော မိစ္ဆာဘူ
ကြိုးကြက် ပရိဗိုဇ်သစ္စက ကုဋ္ဌကိုလည်းကောင်း။

(၇) နာဂံ၊ လေးလျှံရောင်စို တောင်မြင်းမိုရ်ကို ကိုယ်
ဖြင့်ခုနစ်ထပ် ရစ်ပတ်ကာလှမ်း တတ်နိုင်စွမ်းသား ကြမ်းတမ်း
ခက်ထန် မျက်စောင်းမာန်နှင့် ပဌမံအာလိန္ဒ နေသမျှတလွှား
နတ်နဂါးကို ပိုင်ကားစိုးရ တန်ခိုးပသည် ပန္နတွင်ခြင်း နဂါး
မင်းကိုလည်းကောင်း။

( ၈ ) ဇက်၊ သာဂရကင်း မျှားဘိုးမည့် ပိဿ္ဆာကူသား ဘူဇင်္ဂါမြေ ဝိုက်ဖေယျာလက် အသာဂရာ ကြွကျွန်းကြွ ခပင်း တုံ့ဝင်ခြင်းနှင့် ကြီးမင်းတော တန်ခိုးပသား ဂဏမည့် သာ ယိုပြုပွဲဘကိုလည်းကောင်း။

အင်္ဂနီ၊ တန်ခိုးဥာဏ်ကြီး ဝရမ်းစက်ပြုတ် အကုလ္လတ်မြန်း မချက်အောင်တော်မူလော့။ ဂ တေဇသာ၊ လိုသိုအောင်ခြင်း တရားမင်း၏ ထွန်းလင်း တေဇော် အာနုဘော်ကြောင့်။ မေ၊ အကျွန့်ပ်အား။ ဇယျမင်္ဂလာ၊ ရောဂါသေားဘေး ရန်ပသ်ခြင်း စိုးရိမ်ခြင်းကို နှိမ်နင်းအောင်လက် ကောင်းမြတ်လှစွာ မင်္ဂလာ သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ယောဇိနေ၊ အကြင် ငါးမာန်ပယ်တိ ဂုဏ်သက္ကိကြောင့် ဇိနအမည် ရှေ့ဘွဲ့တော်ချီအပ်သော မြတ်စွာဘုရားသည်။

( ၁ ) မာရ်၊ လက်ရုံးတထောင် ရွှေပျားဆောင်လျက် များမြောင်သချာ စစ်ဗိုလ်ပါနှင့် ရောက်လာဝံ့ဂြား တရန်မုတ် လောက်တဲ့ မာန်နတ်သားကိုလည်းကောင်း။

( ၂ ) ဆာဋ္ဌာဝက်၊ ကြမ်းတမ်းခက်မာ ပိဿ္ဆာဃချုတ် နတ် ဆာဋ္ဌာဝက မည်ရဆန်းထူး မပြတ်မူးတဲ့ ရှူးတဲ့ နတ်ဘီလူးကို လည်းကောင်း။

( ၃ ) ဟတ္ထိ၊ အမုန်ယစ်ခြင်း ပြင်းသည်မျက်မာန် ထန် သည်ဒေါသ စဏ္ဍဟတ္ထာ နာဠာဂီရိ မည်ရှိတွင်ပြီး အမြင်မှောင် တဲ့ ဆင်ပြောင်ကြီးကို လည်းကောင်း။

(၄) အင်္ဂုလိမာလဥ္စ၊ လက်ညှိုးတထောင် ဆောင်တုံကိုယ်တွင် ပန်းကုံးသွင်သို့ အင်္ဂုလိမာလ မည်ရတွင်ပြီး တဆိုးထဲဆိုးတဲ့ ခိုးသူကြီးကိုလည်းကောင်း။

(၅) စိဥ္စမာ၊ ဇွတ်ဒရွတ်ဘဲ အလွတ်ကြံသည်ဟု စွပ်စွဲချန်ရှာ ယုတ်မာကျင့်လစ် အပလိန်းအစစ် တည်းဟူသော မိန်းမညစ်ကိုလည်းကောင်း။

(၆) ဇူဒန္တံ၊ ဝါဒတထောင် အာဂုံဆောင်၍ ဂုဏ်ရောင်လွှားပ မိုက်မာနကြောင့် အနိစ္စ အနတ္တ သင်္ခါရကို နိစ္စ အတ္တာ ထင်၍သာသျှင် မြတ်စွာရှင်အစာ တရားဟောလည်း သဘောမကျ မှားလေစွဟု ရှုတ်ချခါခါ ပြစ်တင်လာသော မိစ္ဆာယူကြိုက် ပရိဗိုဇ်သစ္စက တာမှုဖန်တဲ့ ကုဒန္တကိုလည်းကောင်း။

(၇) နာဂရာဇဥ္စ၊ နန္ဒောပနန္ဒ မည်ရကျော်မှန် ပြင်းထန်ဆိပ်တောက် အုံလောက်မာန်ပြင်း ကုလားသနင်းကဲ့သို့သော နဂါးမင်းကိုလည်းကောင်း။

(၈) ဗကံ၊ ငါ့အယူသာ မှန်လှစွာဟု မိစ္ဆာဝါဒ ခက်ခဲလှသော ဗကမည်ရင်း တစွာစွာတင်းကြတဲ့ ပြဟ္မာမင်းကိုလည်းကောင်း။

အဇိနိ၊ တန်ခိုးတော်မြတ် အတုလွတ် မချွတ်အောင်တော်မူလေပြီ။ တံ တေဇသာ၊ ထိုသို့အောင်ခြင်း တရားအင်း၏ ဝိုန်ပြင်းတော်ဖော် တန်ခိုးတော်ကြောင့်။ မေ၊ တပည့်တော် ဇပည့်မအား။ ဇေယျမင်္ဂလံ၊ တန်ဆောင်နဝင်း အောင်ကြောင်းနှင့် အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ တကာယ်စင်စစ် အသည်ဘွင်မှ မလင်မှု၍ ဖြစ်ပါစေသတည်း။

ညောင်ရမ်းမင်းသား မောင်သစ္စာသည် ဗားမဲ့ဆရာတော် စီရင် ပေးသနားတော်မူသော ဤမန္တန် နှစ်ဂါထာကို နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်ရာ သက္ကရာဇ် ၉၅၉ - ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်ရှိကာ အင်းဝပြည်ကြီးကို အသစ် တဖန် တည်ထောင်နိုင်ခဲ့သည်၊ ညောင်ရမ်းမင်းတရားကြီး ဟူသော အမည်ဖြင့် လည်း မြန်မာရာဇဝင်၌ ထင်ရှားခဲ့သည်။

ညောင်ရမ်းမင်းတရားကြီးကား ဒုတိယ အင်းဝခေတ် ခေါ် ညောင်ရမ်းခေတ်ကို စတင် တည်ထောင်သော မင်း ဖြစ်သည်။

အထက်ပါ မန္တန် နှစ်ဂါထာမှာလည်း အောင်ခြင်းရှစ်ပါး အချုပ် ဂါထာ ဖြစ်၍ လောကီ အစီအရင်များ၌ ဉာဏ်ရှိသိုင်း ချဲ့ထွင် အသုံးချနိုင်သော ဂါထာမန္တန်များ ဖြစ်သည်ဟု ရှေးဆရာများက ညွှန်းဆိုခဲ့ကြသည်။

---

## ပြည် ရန်နိုင်မင်း ရွတ်ဆိုသော

## မန္တန်(၄)ဂါထာ

သက္ကရာဇ် ၉၅၉ - ခုနှစ်တွင် ညောင်ရမ်းမင်းတရားသည် အင်းဝကို အသစ် တည်ထောင်စံနေတော်မူသော အခါ ပြည် ဘုရင်နှင့် တောင်ငူဘုရင်တို့ ပူးပေါင်း၍ အင်းဝ ညောင်ရမ်း မင်းတရားကို တိုက်ရန် စီစဉ်ကြသည်။

ပြည်ဘုရင်သည် အင်းဝသို့ ဆန်မည်ဟု ရွှေဖောင်တော်သို့ တက်ရာတွင် အထိန်းတော် ရန်နိုင်စားသည် မွန်လူမျိုး ရွှစ်ကျိပ်

နှင့် ဝိုင်းပင်၍ ပြည်ဘုရင်ကို လုပ်ကြံရန် ဖောင်တော်သို့ တက်ရောက်လာသည်၊ ပြည်ဘုရင်သည် ကြောက်၍ ရေထဲသို့ ဆင်းပြေးရာ ရေမကူးတတ်သဖြင့် ရေထဲ၌သာ် အနိစ္စရောက်ခဲ့သည်။

ပြည်ဘုရင် မရှိလျှင် ရန်နိုင်စားသည်း မင်းဆွေ မင်းမျိုးတို့ကို သုတ်ဖြတ်၍ ပြည်တွင် မင်းပြုလေသည်။

ထိုစဉ်က ရန်နိုင်စားသည် အောက်ပါ ဂါထာ မန္တန်ကို ရွတ်ဆို အသုံးပြုခဲ့သည်။

(၁) ဩြောင်း....ပထဝီ ဗသသုန္ဒရီ၊
သဗ္ဗညု ဗောဓိ မဏ္ဍလံ။
မမ္မစက္က အသခ်ေျယျံ၊
ဇေယျော ဇယျတု မာရဇိကာံ။

(၂) သိဒ္ဓိကမ္မံ အဟံ သာမိ၊
သဗ္ဗသတြု ဝိနသာန္တု။
ယေန သစ္စေန သံယမော၊
ဟောတု မေ ဇယျမင်္ဂလံ။

(၃) ဣတိပိ သော ဘဂဝါ ဝုစ္စော၊
ဤဘိ မန္တာ သုခါဝဟာ။
နိလော စ သော ဘဂဝါ ဝုစ္စော။

(၄) ဩြောင်း....ကရဏီယ မဈ္ဈကုသလေန၊
ယန္တံ သန္တံ ပဒံ အဘိသမေဋ္ဌ။
သက္ကော ဒေဝ ရာဇာ မုနိ၊
ဒက္ခ ရက္ခ အာဠာဝက ဣ ဣ ဟွတ် ဟွတ်။

ရန်နိုင်စားသည် ဤမန္တန် ( ၄ ) ဂါထာကို တနေ့လျှင် ( ၂ ) ကြိမ် ရွတ်သောအခါ ဝေကြီးမှူး ရာထူးကို ရကြောင်း၊ တနေ့ ( ၅ ) ကြိမ် ရွတ်လျှင် သခင်နောင် အထိန်းပြုရကြောင်း၊ တနေ့ ( ၇ ) ကြိမ် ရွတ်ပြန်သော် ရန်နိုင်မြို့ကို စားခုကြောင်း၊ တနေ့ အကြိမ် ( ၁၀၀၀ ) ရွတ်သည်နှင့် ပြည်မြို့တွင် ရှင်ဘုရင် ဖြင့်မှုကြောင်းဖြင့် ရှေးလေးကီမန္တန် ကျမ်းဟောင်းကြီးများ၌ ညွှန်းဆိုထားသည်။

[ မှတ်ချက် — ဤမန္တန် ( ၄ ) ဂါထာသည် မောင်းထောင်သာသနာပိုင် ဆရာတော် သွင်းတော်မူခဲ့သော မန္တန် ( ၃၀ ) တွင် ပါဝင်သည့် ပထဝီဝဏ္ဏ မန္တန် ( ၄ ) ဂါထာနှင့် အနည်းငယ်သာ ကွဲလွဲ၍ အလုံးစုံ နီးပါးလောက် တူညီသည်၊ ယင်းမန္တန် ( ၄ ) ဂါထာကို ကာလာသောကမင်းလည်း နေ့စဉ် ရွတ်ဖတ်သောကြောင့် အောင်မြင်မှု ရရှိခဲ့ကြောင်း အထက်က ဖော်ပြခဲ့ပြီး ဖြစ်သည်။ ]

---

## ပုဂံ ဘုရင်ခံ
## အကျဉ်းမှ လွတ်မြောက်ခဲ့ရသော
## ဗုဒ္ဓရက်တော်

ညောင်ရမ်းခေတ် သက္ကရာဇ် ၁၀၁၀-ပြည့်နှစ်တွင် အင်းဝ၌ ပင်းတလဲမင်းသည် မင်းအဖြစ်သို့ ရောက်သည်၊ ငါးထပ်ဒါယကာမင်းဟုလည်း ခေါ်သည်၊

ပင်းတလဲမင်းသည် အရည်အချင်း ညံ့ဖျင်းသည်၊ ထို့ကြောင့် ပင်းတလဲမင်း လက်ထက်၌ တရုတ်တို့၏ တိုက်ခိုက်မှုကို ခံရသည်၊ တရုတ်စစ်သည်တို့ လုယက် တိုက်ခိုက် ဖျက်ဆီးမှုကြောင့် ပြည်သူ ပြည်သားများမှာ လယ်ယာ မလုပ်ကိုင်နိုင်ကြပဲ တော်မှတ် ဆုံ့ရှား ခဲ့ကြရသည်။

တရုတ်စစ်သည်တို့သည် လုယက် ဖျက်ဆီးရုံသာမက ပုဂံ ဘုရင်ခံကိုပင် ဘမ်းဆီး ခေါ်ဆောင်သွားသည်၊ တညတွင် ပုဂံ ဘုရင်ခံသည် ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုကာ အောက်ပါ ဗုဒ္ဓဂုဏ်တော်ကို ပုတီးစိပ်သည်။

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရောပုရိသဒမ္မသာရထိ,သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

ပုဂံ ဘုရင်ခံသည် ယင်းသို့ ဗုဒ္ဓဂုဏ်တော်ကို ပုတီးစိပ်ရာ ဂုဏ်တော် ( ၉ ) ပါး ( ၁၀၀၀ ) ပြည့်၍မကြာမီမှာပင် တရုတ် စစ်သည်များက ဖမ်းဆီးထားရာမှ ပြန်လွှတ်လိုက်ရုံမျှ မက ပုဂံ ဘုရင်ခံကို အင်းဝ ရွှေမြို့တော်သို့ အရောက် ပြန်ပို့ခဲ့ရသည်။

ဂုဏ်တော် ( ၁၀၀၀ ) ပုတီးစိပ်နည်းမှာ —

| | | |
|---|---|---|
| အရဟံ | — ပုတီး တပတ် — | ၁၀၈ |
| သမ္မာသမ္ဗုဒ္ဓေါ | — ပုတီး တပတ် — | ၁၀၈ |
| ဝိဇ္ဇာစရဏသမ္ပန္နော | — ပုတီး တပတ် — | ၁၀၈ |
| သုဂတော | — ပုတီး တပတ် — | ၁၀၈ |

| | | | |
|---|---|---|---|
| လောကပိဋ္ဌ | — ပုတီး တပတ် — | ၁၀၈ |
| အနုဂ္ဂဟရောပုရိသာပမွသာရပိ | — ပုတီး တပတ် — | ၁၀၈ |
| သတ္တာဒေဝမနုဿာနံ | — ပုတီး တပတ် — | ၁၀၈ |
| ဗုဒ္ဓေါ | — ပုတီး တပတ် — | ၁၀၈ |
| ဘဂဝါ | — ပုတီး တပတ် — | ၁၀၈ |
| ဣတိပိသောဘဂဝါ(ပ)ဘဂဝါ | — ပုတီး တပတ် — | ၁၀၈ |
| | ပေါင်း — | ၁၀၈၀ |

ဖြစ်သည်၊ ဤသို့ ၁၀၀၀ ပြည့်အောင် စိပ်ရသည်၊ ၈၀-မှာ အပို ဖြစ်သည်။

—

## မွေစေတီမင်း ဆောင်တော်မူသော

# ဂါထာ မန္တန်

ရှင်စောပုသည် ဟံသာဝတီ မွန် ဘုရင် ရာဇာဓိရာဇ်၏ သမီးတော် ဖြစ်သည်၊ အင်းဝ မြန်မာဘုရင်များ၏ မိဖုရားလည်း ဖြစ်ခဲ့ဘူးသည်၊ အင်းဝ မိုးညှင်းမင်းတရားကြီး၏ မိဖုရား ဖြစ်နေစဉ် အတွင်း သက္ကရာဇ် ၇၉၁-ခုနှစ်ဘွင် မွန်ရဟန်းတော်များ ဖြစ်သော အရှင်ဓမ္မဓရ နှင့် အရှင်မဟာဉာဏတို့က ခိုး၍ ခေါ်ဆောင်ခဲ့သောကြောင့် ဟံသာဝတီသို့ ပြန်လည် ရောက်ရှိလာရသည်။

သက္ကရာဇ် ၈၁၄ - ခုနှစ်တွင် ဟံသာဝတီ၌ မင်းအဖြစ်သို့ ရောက်ကာ ဘုရင်မ အဖြစ်ဖြင့် နိုင်ငံကို အုပ်ချုပ်ခဲ့သည်။

ထို့နောက် ရှင်စောပုသည် သူမအား ခိုးယူခဲ့ကြသော မွန် ရဟန်းတော် နှစ်ပါး အနက်မှ အရှင်ဓမ္မဓရကို လူဝတ်လဲစေ ကာ သမီးတော်နှင့် ထိမ်းမြားပြီးလျှင် ဓမ္မစေတီ ·အမည်ဖြင့် အိမ်ရှေ့ပေးသည်။

သက္ကရာဇ် ၈၂၁ - ခုနှစ်တွင် ရှင်စောပုသည် သားမက်တော် ဓမ္မစေတီအား ထီးနန်းကို လွှဲအပ်ပြီးလျှင် ရွှေတိဂုံ စေတီတော် ကြီး၏ အနောက်တောင်ဖက်၌ ရှင်စောပုမြို့ကို တည်ကာ တရား ဓမ္မနှင့် မွေ့လျော် နေထိုင်ခဲ့သည်။

သို့ဖြင့် ဓမ္မစေတီသည် သက္ကရာဇ် ၈၂၁ - ခုနှစ်တွင် ဟံသာ ဝတီ နေပြည်တော်၌ မင်းအဖြစ်သို့ ရောက်ရှိလာခဲ့သည်။

ယင်းသို့ သာမန် ရဟန်းလူထွက် အဖြစ်မှ ဓမ္မစေတီမင်း အဖြစ်သို့ ရောက်ရှိခဲ့ရခြင်းမှာ အောက်ပါ ဂါထာ မန္တန်ကို အမြဲ ဆောင်တော်မူခဲ့ခြင်းကြောင့် ဖြစ်သည်။

(၁) အ စေ ဗျ သိ က ရ ဝါ တော၊
ဟိ ရ ဋ္ဌ ဟ ရိ စာ ဒို ဇ။
ဝါရိတျုပ္ပ ဘယေ အာတော၊
ရက္ခ မံ မာရဇိ ဇိနော။

---

၁။ 'ဝမဒ္ဒ ဘယေ ဟိသော' ဟု အချို့ မန္တန် ပေစာမူကွဲ များ ရှိသေးသည်။

(၂) သော ဘာ ဧ ဗ ယ တေ လာ အာ၊
ချ ဂျ ယ လ သ ဇော ဘ ယ။
အဠ ဝဏ္ဏ မာနေဝ၊
ဝနုန္တု ဇိန တေဇသာ။

(နရည်းစရာခတ်နည်း)

ဤနှစ်ဂါထာကို 'ဘေး ရှစ်ပါး ပျောက်ပြီးလျှင် ဆု ရှစ် ပါး ရောက်သော ဂါထာ မန္တန်' ဟု လောကီ မန္တန် ကျမ်း ဟောင်းကြီးများ၌ အညွှန်း ရှိသည်၊ ဤမန္တန်ကို ဆောင်သော ဓမ္မဇေတီ မင်းကြီးမှာ သာမန် ရဟန်းလူထွက် ဘဝမှ မင်းအဖြစ် သို့ ရောက်ရှိခဲ့ရခြင်းကို ထောက်သဖြင့် အညွှန်းရှိသလောက် အစွမ်းထက်မြက်သည်ဟု ယူဆရပေသည်။

အထူးသတိပြုရန်မှာ ဤဂါထာ ၂ ဂါထာကို 'နရည်း စရာခတ်နည်း' ဖြင့် ဖွဲ့ဆို စီကုံးထားသောကြောင့် အနက် သမ္ဗန်သော အခါ၌ နှစ်ဂါထာလုံးမှာပင် ပဌမ ပါဒမှ အက္ခရာနှင့် ၎င်းအောက် တည့်တည့်၌ ရှိသော ဒုတိယ ပါဒမှ အက္ခရာကိုတွဲ၍ အနက် သမ္ဗန်ရမည်။

အထက်ပါ အနက်သမ္ဗန် ထားပုံကို ကြည့်လျှင် ပဌမ ပါဒမှ 'အ' နှင့် ၎င်း 'အ' အောက်ရှိ ဒုတိယ ပါဒမှ 'ဟိ' ကို တွဲ၍ 'အဟိ = မြွေဘေးလည်းကောင်း' ဟူ၍ အနက် သမ္ဗန် ထားကြောင်း တွေ့ရှိနိုင်ပေသည်၊ ဇော-ရ-ဗျဍ္ဍ ပုဒ်တို့မှာလည်း ထိုနည်း အတူ ဖြစ်သည်။

သာမန်ပုဂ္ဂိုလ်များ မသိနိုင်အောင် လျှို့ဝှက် စီစဉ်ထား သော လောကီပညာ အစီအရင်များ ဖြစ်သည်။

## အလောင်းမင်းတရားကြီး၏

# ရန်ကြီးအောင် ပုတီးစိပ်နည်း

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် သက္ကရာဇ် ၁၁၁၅-ခုနှစ်၌ မင်းအဖြစ်သို့ ရောက်ရှိသည်၊ သို့သော် လွယ်လွယ်နှင့် ရောက်ရှိရခြင်း မဟုတ်၊ ဟံသာဝတီ မွန်တို့၏ ရန်ကိုလည်း အမြစ်ပါ မကျန်အောင် သုတ်သင်ရသည်၊ မန္တလေး မြောက်ဖက်ရှိ ကွေ့ရှမ်းတို့၏ ရန်ကိုလည်း နှိမ်နင်းလိုက်ရသေးသည်။

ယင်းသို့ သုတ်သင်သမျှ နှိမ်နင်းသမျှ စစ်ပွဲတိုင်းမှာ အောင်ပွဲရခဲ့သည်ချည်းသာ ဖြစ်သည်။

စစ်ပွဲတိုင်းတွင် အောင်ပွဲချည်း ရရှိခဲ့ရခြင်းမှာ ဦးအောင်ဇေယျသည် နေ့စဉ် ဘုရားရှိခိုးတိုင်း ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်ကိုးပါးမှ 'အရဟံ' ဂုဏ်ေတာ်ကို 'သော ဘဂဝါ ဣတိပိ အရဟံ' ဟူ၍ အမြဲ ပုတီးစိပ်သောကြောင့် ဖြစ်သည်ဟု ရှေးဟောင်း ရာဇဝင်ချုပ်များနှင့် မှတ်တမ်းများ၌ အမှာအထား တွေ့ရှိရသည်။

---

## အရပ် ဆယ်မျက်နှာကို စည်းချရန်

## (၁၀) ဂါထာ

လောကီ အစီအရင်များကို စီရင်သောအခါ၌ ဖြစ်စေ - ည့ိမဟုတ် ည အိပ်ယာဝင်တွင် မိမိ နေထိုင်သော အဆောက်

အအုံ အာဃုဏ် - လှုံ့ဆော်စေရန် အတွက် ဖြစ်စေ - အရပ် သည် မျက်နှာကို အာရုံပြု၍ အောက်ပါအတိုင်း စည်းချရမည်။

အရှေ့ မြောက် အရပ်

သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဣဒ္ဓိံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့ အရပ်

သဗ္ဗေ ဗုဒ္ဓါ ခေမပတ္တာ၊
ပစ္စေကာနဉ္စ ယံ ခေမံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

အရှေ့ တောင် အရပ်

သဗ္ဗေ ဗုဒ္ဓါ ဇိနပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဇိနံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

တောင် အရပ်

သဗ္ဗေ ဗုဒ္ဓါ လာဘပတ္တာ၊
ပစ္စေကာနဉ္စ ယံ လာဘံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက် တောင် အရပ်

သဗ္ဗေ ဗုဒ္ဓါ တေဇပတ္တာ၊
ပစ္စေကာနဉ္စ ယံ တေဇံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက် အရပ်

သဗ္ဗေ ဗုဒ္ဓါ ဗလပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက် မြောက် အရပ်

သဗ္ဗေ ဗုဒ္ဓါ ယသပတ္တာ၊
ပစ္စေကာနဉ္စ ယံ ယသံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

မြောက်အရပ်

သဗ္ဗေ ဗုဒ္ဓါ သီရိပတ္တာ၊
ပစ္စေကာနဉ္စ ယံ သီရိံ ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့ မြောက် အရပ်

သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဣဒ္ဓိံ ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အထက် အရပ်

သဗ္ဗေ ဗုဒ္ဓါ ဈာနပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဈာနံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

by CamScanner

အောက်အရပ်

သဗ္ဗေ ဗုဒ္ဓါ နိဗ္ဗုပတ္တာ၊
ပစ္စေကာနဉ္စ ယံ နိစ္စံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

—

## အရပ် ၁၀ - မျက်နှာ
## အကောင်းဆုံး စည်းချရန် အတွက်
## ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ

စည်းချနည်းများမှာ လောကီနည်း လောကုတ္တရာနည်း စသည်ဖြင့် နည်းအမျိုးမျိုး ရှိသည်၊ ယင်းနည်းအမျိုးမျိုး အနက် စိတ်အခုရဆုံး နှင့် အကောင်းဆုံး စည်းချနည်းမှာ အောက်ပါ ဗုဒ္ဓဘုရားရှင်၏ နှုတ်ကပါဠိတော်ဖြစ်သော ပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိ ၂၄ - ပစ္စည်းဖြင့် စည်းချနည်း ပင် ဖြစ်သည်။

အရှေ့မြောက်အရပ်

ဟေတုပစ္စယော၊
အာရမ္မဏပစ္စယော၊

အရှေ့အရပ်

အဓိပတိပစ္စယော၊
အနန္တရပစ္စယော၊

အရှေ့တောင်အရပ်

သမနန္တရပစ္စယော၊
သဟဇာတပစ္စယော၊

| | |
|---|---|
| တောင်အရပ် | အညမညပစ္စယော၊<br>နိဿယပစ္စယော၊ |
| အနောက်တောင်အရပ် | ဥပနိဿယပစ္စယော၊<br>ပုရေဇာတပစ္စယော၊ |
| အနောက်အရပ် | ပစ္ဆာဇာတပစ္စယော၊<br>အာသေဝနပစ္စယော၊ |
| အနောက်မြောက်အရပ် | ကမ္မပစ္စယော၊<br>ဝိပါကပစ္စယော၊ |
| မြောက်အရပ် | အာဟာရပစ္စယော၊<br>ဣန္ဒြိယပစ္စယော၊ |
| အရှေ့မြောက်အရပ် | ဈာနပစ္စယော၊<br>မဂ္ဂပစ္စယော၊ |
| အလယ်အရပ် | သမ္ပယုတ္တပစ္စယော၊<br>ဝိပ္ပယုတ္တပစ္စယော၊ |
| အထက်အရပ် | အတ္ထိပစ္စယော၊<br>နတ္ထိပစ္စယော၊ |
| အောက်အရပ် | ဝိဂတပစ္စယော၊<br>အဝိဂတပစ္စယော။ |

ဤသို့ အငုပ် (၁၁) ချက်နှာကို စိတ်က ရည်စူးပြီး ရွတ်ဆို ရည်ချရမည်။

အခါ၊ ကလည်း ဤသို့မဟုတ်ပဲ တနင်္ဂနွေ ( အရှေ့မြောက် ) ဒေါင့်ကို လက်ညှိုး ညွှန်လျက် 'ပေါတုပစ္စယော' ကိုလည်း ကောင်း - တနင်္လာ ( အရှေ့အချပ်တည့်တည့် ) ဒေါင့်ကို လက်ညှိုး ညွှန်လျက် 'အာရမ္မဏပစ္စယော' ကိုလည်းကောင်း - ဤနည်းဖြင့် ရွတ်သွားလျှင် ၂၄ - ပစ္စည်း ကုန်သွားသော အခါ ဒေါင့် တခုလျှင် ၃ - ကြိမ် ထပ်မိနေလိမ့်မည် ဖြစ်၍ ဤနည်း ဖြင့် စည်းချကြသေးသည်။

ဗုဒ္ဓဘုရားရှင်၏ မုက္ခပါဠ် ဖြစ်သော ပဋ္ဌာန်းပါဠိတော်ကြီး ဖြစ်၍ နှစ်နည်းလုံး ကောင်းသည်ချည်းပင် ဖြစ်သည်၊ စိတ်ကြိုက် သလို အသုံးပြုနိုင်ပေသည်။

---

## ပုဂံခေတ် အရည်းကြီးတို့ အသုံးပြုခဲ့သော

# ပရိတ် မန္တန်

ပုဂံပြည်၌ အနော်ရထာမင်းကြီး လက်ထက် အထိ တန္တရ- ယာန် - မန္တရယာန ဖြစ်သော မြောက်ပိုင်းမဟာယာန ဗုဒ္ဓဝါဒ များ ထွန်းကားခဲ့သည်၊ တန္တရယာန - မန္တရယာနမှာ အင်း- အိုင် - လက်ဖွဲ့ - ဂါထာ - မန္တန် အခြေခံသော ဝါဒ ဖြစ်သည်။

သို့ဖြစ်ရာ အင်း - အိုင် - လက်ဖွဲ့ - ဂါထာ - မန္တန်ဘိုကို စွဲကိုင် ကြသော အရည်းကြီး ရဟန်းယောင်များသည် ထိုစဉ်က ပုဂံ၌ ခေတ်စားခဲ့သည်။

ထိုစဉ်က ပုဂံ၌ အရည်းကြီး ရဟန်းများသည် တန္တရယာန - မန္တရယာနဖြစ်သော လောကီပညာရပ်များ အတွက် အောက်ပါ ပရိတ်မန္တန်ကို အသုံးပြုခဲ့ကြသည်။

ကိဋ္ဌိ ကိဋ္ဌိ စလံ ပတ္တော၊
သတ္တ သိဟော တယော နာဂေ။
အင္ဂမေဝ စလံ ပတ္တော၊
ကိန္နု ဘက္ခော ဘဝိဿတိ။

ကိဋ္ဌိ ကိဋ္ဌိ၊ စိုးစဉ်း စိုးစဉ်း။ မေ၊ ငါ၏။ စလံ၊ မျက်စိ လှုပ်ခြင်းသို့။ ပတ္တော၊ ရောက်၏။ သတ္တ သိဟော၊ ခြသေ့ ခုနစ်စီးကို လည်း။ မေ၊ ငါသည်။ ဘက္ခော၊ စားရပြီ။ တယော နာဂေ၊ ဆင်ပြောင်သုံးစီးကိုလည်း။ ဘက္ခော၊ စားရပြီ။ အင္ဂမေဝ၊ ယခု သာလျှင်။ စလံ၊ မျက်လုံး မျက်ခုံး လှုပ်ခြင်းသို့။ ပတ္တော၊ ရောက်ပြန်သည်ကား။ ကိန္နု ဘက္ခော၊ အဘယ်အစာလျှင်။ ဘဝိဿတိ၊ ဖြစ်လတံ့နည်း။

လောကီပညာရှင်များက ဤပရိတ်ကို 'ယုန်မင်းပရိတ်' အဖြစ်ဖြင့် အသုံးပြုကြသေးသည်။

သို့သော် လောကီ မန္တန်ကျမ်းဟောင်းများ၌မူ ပုဂံ အရည်းကြီးတို့ အသုံးပြုခဲ့သော ပရိတ်မန္တန် အဖြစ်ဖြင့် ဖော်ပြထားသည်။

မည်သို့ပင်ဖြစ်စေ ပုဂံ အရည်းကြီးတို့၏ မန္တန်ပရိတ်များ တန်ခိုး စွမ်းအင် ထက်မြက်မှုများကို ရာဇဝင်ချုပ်များ၌ တွေ့ရှိရာ ဤပရိတ်မန္တန်ကိုလည်း ဉာဏ်ရှိသလို အသုံးချ ကြည့်သင့်ကြပေသည်။

## ပုဂံခေတ် အရည်းကြီးတို့၏ ပရိတ် ဖြစ်သော
## သောဠသ မန္တန် အထဲ နှင့် အဖုံး

သောဠသ-မန္တန် အထဲ (၅) ဂါထာ နှင့် အဖုံး (၄) ဂါထာ ပေါင်း (၉) ဂါထာကိုလည်း ပုဂံခေတ်က အရည်းကြီးတို့ ပရိတ် အဖြစ်ဖြင့် အသုံးပြုခဲ့ကြသည် ဟု လောကီ မန္တန်ကျမ်းဟောင်းများ၌ ဖော်ပြထားသည်။

### သောဠသ မန္တန် အထဲ (၅) ဂါထာ

(၁) သောဠသ ပဉ္စမံ ကုဋ္ဌံ၊
နဝ ဟံသာ တထေဝစ။
ပါရေဝတာ ဆဋ္ဌဋ္ဌေဝ၊
သုဝကာ တရိမေဝစ။

(၂) ပဋ္ဌ ကာရဝိကဋ္ဌေဝ၊
စတု ကိန္နရမေဝစ။
ပဋ္ဌဒသ စာမရိစေဝ၊
ဒသ မက္ကဋမေဝစ။

(၃) ကောဒသ ဟတ္ထိဓေဝ၊
စတုဒ္ဒသဋ္ဌ ဥသဘာ။
သိန္ဓဝံ ကောဝ ါရဋ္ဌ၊
မဟိံ သာ အဋ္ဌမေဝစ။

(၄) မယူရာ စမ္မကဋ္ဌေဝ၊
သာဠိကာ သတ္တမေဝစ။

ဒွါဒသ ကုက္ကုဋ္ဌာ ဧဥ ယျာ၊
တရိဒသ စ သုကာရာ။

(၅) ဆတ္တိံသ သတာဇာတာနိ၊
မရဏာ ဒုက္ခာ ပမုဥ္စတိ။
တထေဝါပိဟံ သုခံ ပတ္တော၊
မုတ္တော မရဏာ မေဝစ။

## သောဠသမန္တန် အဖုံး (၄) ဂါထာ

(၁) သောဠသ မင်္ဂလာစေဝ၊
နဝလောကုတ္တရ ဝပ္ပါ။
စတုရော စ မဟာဒီပ၊
ဝဋ္ဋ ဗုဒ္ဓါ မဟာမုနီ။

(၂) တိပိဋက ဝပ္ပခန္ဓာ၊
ဆ ကာမာဝစရ ဒေဝါ။
ပန္နရသ ဘဝေ သတ္တံ၊
သီလာနိ ဒသမေဝစ။

(၃) တရိဒသ ဓုတင်္ဂါ စ၊
ဒွါဒသ ပါဋိဟာရိယာ။
ဧကစန္ဒ သူရိယဥ္စ၊
အဋ္ဌ နာဂရာဇာနဥ္စ။

(၄) ဒွေ စတ္တ သတ္တ ပေဘဇ္ဈင်္ဂါ၊
စက္ကဝတ္တိ စတုဒသာ။
ကောဒသာ ဗိသာန စ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

လောကီ ပညာရှင်များကလည်း ဤသော ၄ ဂါထာ မန္တန် အထဲ အဖုံး (၉) ဂါထာ၏ အသုံးများကို အကျယ်တဝင့် ညွှန်းဆိုခဲ့ကြသည်။

---

## လမင်း ပရိတ် မန္တန်

သက္ကရာဇ် ၉၁၃ ခုနှစ်က စစ်ကိုင်း စည်သူကျော်ထင် သည် 'ဥဒေတယံ' အစရှိသော ဥဒေါင်းမင်း ပရိတ်မန္တန်ကို တနေ့ အကြိမ် (၁၀၀၀) ရွတ်ဖတ် သရဇ္ဈာယ်သောကြောင့် အင်းဝရွှေနန်းကို အလွယ်တကူနှင့် ရရှိခဲ့ဘူးကြောင်း အထက် က ဖော်ပြခဲ့ပြီး ဖြစ်သည်။

ယင်း ဥဒေါင်းမင်း ပရိတ်ကဲ့သို့ အောက်ပါ လမင်း ပရိတ် မန္တန်မှာလည်း အကျိုးအာနိသင် စူးရှ ထက်မြက်လှပေသည်။

(၁) နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နော သို့၊
တဿ မေ သရဏံ ဘဝ။

(၂) တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော။

ရာဟု စန္ဒံ ပမုဥ္စသု၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။

အနော်အဖွဲ့ အကျဉ်းအချုပ်၌ ချထားခြင်းခံရသောအခါ၌လည်းကောင်း ဘေးရန်နှင့် ရင်ဆိုင်တွေ့ခနရသော အခါ၌လည်းကောင်း ရွတ်ဖတ် သရဇ္ဈာယ်ပါက မယုံနိုင်လောက်အောင် အကျိုး အာနိသင် ကြီးမားလှသည်။

ဤ လမင်းပရိတ်မှာ သံယုတ္တနိကာယ်၌ 'စန္ဒပရိတ်' ဟူသော အမည်ဖြင့် ဗုဒ္ဓဘုရားရှင်၏ နှုတ်တော်မှ ဟောကြားတော်မူခဲ့သော ဗုဒ္ဓမုက္ခပါဠိ အစစ် ဖြစ်၍ အထူး ယုံကြည် ကိုးစားထိုက်လှပေသည်။

—

## နေမင်း ပရိတ် မန္တန်

လမင်း ပရိတ်ကဲ့သို့ပင် ဗုဒ္ဓဘုရားရှင်သည် နေမင်း ပရိတ်ကိုလည်း ဟောထားတော်မူခဲ့သည်။

ယင်းနေမင်း ပရိတ်မန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နော သို၊
တဿ မေ သရဏံ ဘဝ။

(၂) တထာဂတံ အရဟန္တံ၊
သူရိယော သရဏံ ဂတော။
ရာဟု ပမုဉ္စ သူရိယံ၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။

(၃) ယော အန္ဓကာရေ တမသိ ပဘင်္ကရော၊
ဝေရောစနော မဏ္ဍလိ ဥဂ္ဂတေဇော။
မာ ရာဟု ဂိလီ စရ အန္တလိက္ခေ၊
ပဇံ မမံ ရာဟု ပမုဉ္စ သူရိယံ။

ဤနေမင်း ပရိတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါက အနှောင်အဖွဲ့မှ လွတ်မြောက်မှု - ဘေးအန္တရာယ်ကို အောင်မြင်မှုများကိုသာမက ပညာဉာဏ် ကြီးမားမှု - လာဘ်လာဘ ပေါများမှု - စီးပွားဥစ္စာ တိုးတက်မှု - တန်ခိုးအာဏာ ကြီးမားမှု - ရာထူးဌာနန္တရ တိုးတက်မှု - သြဇာအာဏာ မြင့်မားပျံ့နှံ့မှု စသော အကျိုးစွမ်းအင်များကိုလည်း မယုံကြည်နိုင်အောင် ရရှိနိုင်သည်။

နေမင်း၏ တန်ခိုး အာနိသင် ကြီးမားသလို ကြီးမားနိုင်သော ပရိတ် ဖြစ်သည်၊ ဉာဏ်ရှိတိုင်း တိထွင် သုံးစွဲတတ်ဖို့သာ လိုသည်။

ဤနေမင်းပရိတ်မှာ ထံယုတ္တနိကာယ်၌ 'သူရိယပရိတ်' ဟူသော အမည်ဖြင့် ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် ဟောထားတော်မူခဲ့ရာ ဗုဒ္ဓဘုရားရှင် နှုတ်တော်ထွက် ဗုဒ္ဓမုက္ခပါဠိအစစ် ဖြစ်သည်၊ အလေးအနက် ယုံကြည် ကိုးစားစွာ အသုံးချကြစေလိုသည်။

## ရှေးမင်း အဆက်ဆက်တို့ ရွတ်ဆို အသုံးပြုခဲ့ကြသော စိန္တာမဏိ မန္တန်တော်ကြီး

သရေခေတ္တရာခေတ် ဒွတ္တပေါင်မင်း - ပုဂံခေတ် ပျူစောထီးမင်း - ကျန်စစ်သားမင်း - အလောင်းစည်သူမင်း နှင့် ဟံသာဝတီခေတ် ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီးများသည် စိန္တာမဏိမန္တန်တော်ကြီး အထဲ နှင့် အဖုံးကို ရွတ်ဆို သရဇ္ဈာယ် အသုံးပြုခဲ့သည်။

ယင်းစိန္တာမဏိ မန္တန်တော်ကြီး အထဲ နှင့် အဖုံးမှာ အောက်ပါ အတိုင်း ဖြစ်သည်။

### စိန္တာမဏိ မန္တန်တော်ကြီး ( အထဲ )

( ၁ ) ပြောင်း .... နမော အနန္တကပ္ပေါ သဗ္ဗညုတဉာဏံ စိန္တတိ စိန္တေ၊ သဗ္ဗဒေဝါယ သင်္ဂါမော သောမနသော မနောဟာရော စိန္တေ စိန္တနံ စိန္တတိ စိန္တေ။ ဘုမ္မိပဒေသော စိန္တတိ စိန္တေ။ တြိဘုမ္မိ ရတိ စိန္တတိ စိန္တေ။ သတ္တလောကံ စိန္တတိ စိန္တေ။ သြကာသလောကံ စိန္တတိ စိန္တေ။ သင်္ခါရလောကံ စိန္တတိ စိန္တေ။ နာမရူပံ စိန္တတိ စိန္တေ။ ကုသလံ အကုသလံ အဗျာကတံ စိန္တတိ စိန္တေ။ သုခံ ဒုက္ခံ အဒုက္ခမသုခံ စိန္တတိ စိန္တေ။ စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ စိန္တတိ စိန္တေ။ မဂ္ဂဖလံ ဖလံ စိန္တတိ စိန္တေ။ ဈာနံ ဈာနင်္ဂံ စိန္တတိ စိန္တေ။ အဇ္ဈတ္တံ အဇ-

ဟတ္ထမင်္ဂံ စိန္တတိ စိန္တော။ နိရောဓံ နိရောဓသမာ-
ပန္နံ စိန္တတိ စိန္တော။ သတ္တဓမ္မံ သတ္တဗောဇ္ဈင်္ဂံ
စိန္တတိ စိန္တော။ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ စိန္တတိ
စိန္တော။ စတုရော ဓမ္မံ စတ္တာရိ ဣဒ္ဓိပါဒါနိ စိန္တတိ
စိန္တော။ ပဋိသမ္ဘိဒါမဂ္ဂေ စတ္တာရိ အရိယ
သစ္စာနိ စိန္တတိ စိန္တော။ အဝိဇ္ဇာသု အဝိဇ္ဇာ-
ဘာဂိယေသု စိန္တတိ စိန္တော။ ဝိမုတ္တိဉာဏေသု
စိန္တတိ စိန္တော။ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသ-
ဝက္ခယ ဉာဏေသု စိန္တတိ စိန္တော။ လောကိယ
လောကုတ္တရဉာဏေသု စိန္တတိ စိန္တော။ ကဗဠီ-
ကာဟာရေသု စိန္တတိ စိန္တော။ ပညတ္တိဓမ္မ ပရ-
မတ္ထဓမ္မေသု စိန္တတိ စိန္တော။ ဣတ္ထိဘာဝ ပုမ္ဘာ-
ဝေသု စိန္တတိ စိန္တော။ ပဉ္စ ကာမဂုဏေသု
စိန္တတိ စိန္တော။ အပ္ပက ဗဟုကေသု စိန္တတိ
စိန္တော။ အတီတာ နာဂတ ပစ္စုပ္ပန္နေသု စိန္တတိ
စိန္တော။ သဗ္ဗ ဌာန စိတ္တေသု စိန္တတိ စိန္တော။
တောန မနောဟာရေန မဏိရတနံ ဝိယ-
သဗ္ဗကာမပူရဏော ဂရုဂါရဝါဒိဝသေန သဗ္ဗ
ယန္တံ ပဝရော သမ္မာသမ္ဗုဒ္ဓေန ဒေသိ
တော အယံ မန္တော စိန္တနတ္ထေန စိန္တာမဏိ
ယောနာမးတိ။ ဣမေတံ အာသနံ တိဋ္ဌာဘု
တိဋ္ဌတု၊ ဒီပါယ ဒီပါယ ဝဿာယ ဝဿာယ
ဒဒါတု ဒဒါတု၊ စိန္တာမဏိရတနံ မံ ပါလေတု
ဟုလု ဟုလု သွာဟာယျ သွာဟုံတုံ။

## စိန္တာမဏိ မန္တန်တော်ကြီး (အဖုံး)

(၂) ပြောင်း .... နမော အနန္တကောဋိ ကပ္ပါ သဗ္ဗညုတဉာဏော သဗ္ဗဒေဝ ဂဏော စိန္တိတိ စိန္တေ့ာ။ စိတ္တနတ္တေန စိန္တာမဏိယော မနောမယ ဂြဟိတော၊ အတုလျ ဝရ ဂုဏာဓမ္မော သဗ္ဗကာမ ပူရဏော၊ စိန္တာမဏိ ဗြူသိဒ္ဓေါ ဗြဝဏ္ဏော ပဝရော ဗြဟ္မာဝနဿာရော၊ သုဂဘော သဗ္ဗဝေရိနံ နိဝါရဏော အကာလ မရဏ နိဝါရဏော မတျုဝဥ္စနာဒိဿာယုကော သိဒ္ဓိ ကရော ပုညဝန္တော မဟာတေဇော မဟာလာ ဘော မဟာယသော ဘာဂျဝန္တော ဒိဗ္ဗမ္ဗခဝဒ- နီယဝန္တော အရိယဖလဝရဓမ္မော၊ အယံ မန္တော အနန္တံ သမ္ဘာသမ္ဗုဒ္ဓေါ ဒေသိတော ဝိသုဒ္ဓိ ဒေဝေါ နရာသဘော ပရမေဿာရော မဟာ ဒေဝေါ ဝရဂဏပတ္တော ဣန္ဒဒေဝေါ မဟာ ဗြဟ္မာ မဟေဿာရော ဘုမ္မိဝသုန္ဒရော မဥ္စူ သိရိကော မဏိမေခလာ အာကာသဒေဝေါ ရုက္ခဒေဝေါ နာဂေါ သုပဏ္ဏော ဂန္ဓဗ္ဗော ဝေဠု လောကပါလော သုရိယော စန္ဒိမာ နက္ခတ္တ တာရကာ ဟိမဝန္တော သိနေရုပဗ္ဗတော ဝေဠု- ဝင်္ဂသိလုစ္စယော ဆဒ္ဒပဗ္ဗတော ဂင်္ဂါ ယမုနာ အစိရဝတီ မဟီ သရဘူ ဇမ္ဗူရုက္ခော ကဒမ္ဗော ကပ္ပရုက္ခော သိရီသော ပင်္ဂလိ သိမ္ဗလိ ပါရိ

ဆတ္တကော ဆဒ္ဒန္တော ရောဝဏ္ဏော ဥသဘော
သိရိန္ဒဒေါ ဝေပုလ္လပဗ္ဗတ ပဘော မနောဟာ
ရော မဏိရတနံဝိယ သဗ္ဗကာမပူရကော ဂရု
ဂါရဝ ဒိဗ္ဗဝသေန သဗ္ဗယန္တာနံ ပဝရော သမ္မာ
သမ္ဗုဒ္ဓေန ဒေသိတော၊ အယံ မန္တော စိတ္တ•
နတ္တေန စိန္တာမဏိယောနာမာတိ ဣစ္ဆတံ အာ•
သန် တိဋ္ဌတု တိဋ္ဌတု၊ ဒီပါယ ဒီပါယ ဝသာယ
ဝသာယ ဒဒါတု ဒဒါတု၊ စိန္တာမဏိရတနံ မံ
ပါလေတု ဟုလု ဟုလု သွာဟာယျ သွာဟုံတုံ။

ဤစိန္တာမဏိ မန္တန်တော်ကြီး အထဲ နှင့် အဖုံးမှာ ရာဇဝင်ခေတ် အဆက်ဆက် နန်းစဉ်သုံး ဂါထာ မန္တန်တော်ကြီး ဖြစ်သည်။

ယင်းမန္တန်ကြီးကို ရွတ်ဖတ် သရဇ္ဈာယ်ပါက ကျရောက်ဆဲ ကျရောက်လတံ့ ဖြစ်သော ဘေးဥပဒ် အန္တရာယ် ရန်စွယ် အဝဝ ပျောက်ကင်းပြီး ကောင်းကျိုး သုခ အနန္တနှင့် မယုံကြည်နိုင်အောင် ပြည့်စုံနိုင်သည်ဟု ညွှန်းဆိုထားသည်။

သို့သော် အသုံးပြုရာ၌ မိမိ အလိုရှိရာ ကိစ္စ ပြီးမြောက်အောင် ဉာဏ်ရှိတိုင်း ချွတ်ထွင် သုံးစွဲတတ်ဖို့တော့ လိုပေသည်။

## အသက် ဘေးအန္တရာယ်မှ လွတ်မြောက်သော
## သာယာဝတီ စိန္တာမဏိ မန္တန်

မြန်မာဘုရင်များလက်ထက်တော်က သာယာဝတီမြို့ အစိုးအရုံကို ထုတ်၍ ကျွားစာကျွေးသောအခါ အောက်ပါ စိန္တာမဏိ ဂါထာမန္တန်ကိုရွတ်ဆိုသရဇ္ဈာယ်သောကြောင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ဘူးသည်၊ ထို့ကြောင့် ထိုအချိန်မှ စ၍ ဤမန္တန်ကို 'သာယာဝတီ စိန္တာမဏိ မန္တန်' ဟူ၍ လောကီပညာရှင်များက အသိအမှတ်ပြု ခေါ်ဝေါ်ခဲ့ကြကြောင်းဖြင့် ရွှေတောင်မြို့ 'မုနိန္ဒာဘိဓဇ' ဘွဲ့မည်ရသော ကျီးသဲဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူဘူးသည်။

ဇယန္တဿ နာမ မဟန္တံ ဝဏ္ဏေန ပုဏ္ဏေန ထိရိ-
ပဗ္ဗတာ မဟိဒ္ဓိကော ဉာဏတေဇေန စိန္တာယ စိန္တိသုတံ
စိန္တေသိ၊ ဝိလာသဉာဏံ သုဂတော ယေဝ ပုဏ္ဏံ၊ မမ
ပုဏ္ဏံဝါ ပိယေန ပိယန္တော မောစတိ၊ မမ ပုဏ္ဏံဝါ
သန္တိကေ အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ ဥဒကေ ရာဇေန္တော
မောစတိ ရာဇင်္ဂဏော ပုဗ္ဗော စိန္တကံ အာဂမိ၊ ဗုဒ္ဓဿ
ဓမ္မဝိလာသ ဉာဏေ အစိန္တေယျံပိ။

ဤမန္တန်သည် ကျီးသဲဆရာတော်ဘုရားကြီး မိန့်တော်မူထားသည့် အတိုင်း လက်တွေ့ကျကျ အကျိုးခံစားခဲ့ရသော မန္တန်ဖြစ်သည့် အတိုင်း ဉာဏ်ရှိတိုင်း ချဲ့ထွင် သုံးတတ်ပါက သုံးထိုက်သလောက် အကျိုးရှိနိုင်မည်မှာ ယုံမှားသံသယ ရှိဖွယ် မလိုပေ။

လောကီပညာ အစီအရင် ဆိုသည်မှာ စီရင်ပြုလုပ် သူ၌ သီလအား သမာဓိအား ရှိဖို့ နှင့် ဉာဏ်ဖြင့် တီထွင် အသုံးချ တတ် ဖို့သာ အရေးကြီးပေသည်။

—

ပီယသျှိ ။ သဗ္ဗသျှိ ။

ဆီမန်း ဂါထာ

မဆေးစ်ဆီ ၂၅ - ကျပ်သားကို ငွေဖလားနှင့် ထည့်၍ အောက် ပါ ဂါထာ မန္တန်ဖြင့် ဒွာန် ကရိုဏ်း ကျနစွာ ( ၂၈ ) ကြိမ် မန်းရမည်။

ယင်းသို့ မမန်းမီ နံနက်ချိန်မှ စ၍ ထိုနေ့ ကုန်သည့်တိုင် အောင် ငါးပါးသီလကို ကောင်းစွာ စောင့်ထိန်းရမည်။

ဂါထာ

ဩြောင်း.........အဂ္ဂ သီသာ နလာ ဗုဒ္ဓါ၊
နလာဌေ ဗုဒ္ဓမေဝစ။
အရဟံ ရာဇကောဋ္ဌံ၊
ပီနသာန္တု အသောသတော။

အညွှန်း

အရေးကြုံ၍ သွားလာ ဆောင်ရွက်ရန် ရှိသော အခါ ယင်းဆီမန်းကို တမတ်သားထက် မပိုစေပဲ သရဏဂုံဖြင့် ( ၃ ) ကြိမ် နှိုးပြီးမှ နဖူး - ဆံစ - မျက်စိ နှုတ်ခမ်း - လကျာ် လက်ဝဲ

လက်ရုံး - လက်မောင်းတို့ကို ယင်းဆီဖြင့် လိမ်းသပ် သွားလာပါက ပိယသျှို - သဗ္ဗသျှိုသို့ အပြီးရောက်၍၊ ရွက်ဆောင်သမျှ ကိစ္စအဝဝ ပြီးမြောက် အောင်မြင်၏။

စုံးတိုက်- နတ်တိုက် - သူပြု - လူပြု - အတိုက်- အခိုက်ဟူသမျှကိုလည်း ယင်းဆီမန်းကို အလေးချိန် တကျပ်သားထက် မပိုစေပဲ အထက်နည်း လိမ်းသပ် ရလေက မကြာမီမှာပင် ကင်းစင်ပပျောက်နိုင်သည်။

ထို့မှတပါး အစုးအရှ - သွေးထွက် သံယို ဟူသမျှကိုလည်း ယင်းဆီမန်းဖြင့် သင့်လျော်စွာ သုတ်လိမ်းပါက အလွယ်တကူ ကင်းစင် ပပျောက်နိုင်သည်။

ဉာဏ်ရှိတိုင်း ချဲ့ထွင် သုံးစွဲနိုင်သော ပိယသျှို - သဗ္ဗသျှို ဆီမန်း ဖြစ်သည်။

—

ဆီမန်း စမဂါထာ

မန္တန်

တန်ခိုးကြီးဘုရား ရှေ့မှာ ပွဲခင်းတင်မြောက်၍ မဆစ်ဆီကို အောက်ပါ ဂါထာ မန္တန်ဖြင့် ( ၁၀၀၀ ) အုပ် စုပ်ရမည်။

ဂါထာ

ဗ လ ဝ င — င ဝ လ ဗ

## အညွှန်း

အရေးကြုံ၍ သွားလာ ဆောင်ရွက်ရန် ရှိသောအခါ ယင်း ဆိမန်းကို တမ့ပ်သားထက် ပယိုစေ၊ သရဏဂုံဖြင့် ( ၃ ) ကြိမ် နှိုးပြီးမှ နဖူး - ဆံစ - မျက်စိ - နှုတ်ခမ်း - လကျာ လက်ဝဲ လက်ရုံး - လက်မောင်း တို့ကို ၎င်းဆီဖြင့် လိမ်းသပ်သွားပါက လိုရာကိစ္စ ပြီးပြောက် အောင်မြင်၏။

လူနှင့် လူချင်းကို မဆိုထားဘိ နတ်သား နတ်သမီးများကပင် ချစ်ခင်သော ဆီမန်း ဖြစ်သည်။

သဗ္ဗသျှို - ပ်ယသျှို အတွက် ဉာဏ်နှင့် ယှဉ်၍ သုံးစွဲလေ။

--

## အကွရာ ဆီမန်း

## ဂါထာ မန္တန်

ဆီဖြစ်စေ - အမွှေးနံ့သာ ဖြစ်စေ - ရရာကို အောက်ပါ ဂါထာ မန္တန်ဖြင့် ( ၉ ) ကြိမ် မန်းရမည်။

## ဂါထာ

ယံ ဒု ဧ ဒါ သ

## အညွှန်း

မင်းအစိုးရ မျက်သော်လည်းကောင်း - ခဲရာ ခဲဆစ် သဗ္ဗကိစ္စ နှင့် တွေ့ကြုံရသော် လည်းကောင်း - ယင်း အကွရာ ဆီမန်းကို ခေါင်းအောက်မှ ဦးခေါင်းထိပ် တိုင်အောင် လိမ်းသပ် သွားလာ

ဆောင်ရွက် ပြောဆိုပါက ဘေးအန္တရာယ် ပြုလိုသူတို့ပင် ဖြစ်ပါစေ မျက်နှာကို မြင်ကာမျှနှင့်ပင် ရင်ဝယ်သားပမာ မေတ္တာ သက်ဝင် ချစ်ခင် မြတ်နိုး လာနိုင်ပေသည်။

—

## ပရိတ် ရေမန်း မန္တန်

ပရိတ်ရေကို အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇) အုပ် မန်း၍ မျက်နှာသစ်ရမည်။

ဂါထာ

ဥုံ ရာဇ သမ္ဗ မုနိ သွာဟာယျကာပ်။

အညွှန်း

မျက်နှာ သစ်ပြီးချိန်မှ စ၍ ရာဇသျှ ိ ု - ဣတ္ထိသျှ ိ ု - သမ္ဗ သျှ ိ ုသို့ မြောက်ကုန်၏၊ အကျယ် မညွှန်းပြီ။

—

## အစား အသောက် ဘောဇဉ်မန်း ဂါထာ မန္တန်

သင့်လျော်သော စားဖွယ် သောက်ဖွယ် ဘောဇဉ်ကို အောက်ပါ ဂါထာဖြင့် (၃၇) အုပ် မန်းရမည်။

ဂါထာ

ဥုံ တုသံ ဝါ တေလံ ဝါ ရာဇာနော ဝါ ဒေဝီ ယော ဝါ ပုရိသော ဝါ ဣတ္ထိယော ဝါ ပိယာ မမ ဟေ ယော ဝါ ပုရိသော ဝါ ဣတ္ထိယော ဝါ ပိယာ မမ ဟော ဟော ဟော အာဂစ္ဆန္တု အာဂစ္ဆန္တု လာစေဆရာ လာစေ

## အညွှန်း

ယင်း၍ မန်းထားသော စားဖွယ် ဘောဇဉ်ကို မိမိ အလိုရှိသောသူအား ကျွေးပါလေ၊ ယင်းအစာ မကျေသမျှ ကာလ ပတ်လုံး မိမိကို အလွန် ချစ်ခင် မေတ္တာ သက်ဝင်ခြင်း ရှိနေလိမ့်မည်။

-- —

## ကွမ်းရာမန်း မန္တန်

အောက်ပါ ဂါထာ မန္တန်ဖြင့် ကွမ်းရာကို (၃၇) အုပ် မန်းပါလေ။

### ဂါထာ

ဥုံ ထိပ်ထိပ်တိုင် မှိုင်မှိုင် ဆရာ သွာဟ။

### အညွှန်း

ယင်းမန်းပြီး ကွမ်းရာကို မိမိ အလိုရှိသော သူအား ကျွေးပါလေ၊ ဣတ္ထိသျှို့၌ အပြီးရောက်၏၊ မင်းပြစ် မင်းဒဏ် သင့်ပါလျှင် ဤနည်းအတိုင်း ကျွေးပါက ရာဇသျှို့ ပြီးမြောက်၏၊ သဗ္ဗသျှို့ အတွက်လည်း ထိုနည်းတူ ကျွေးပါလေ။

— —

## လက်ဆောင် ပဏ္ဏာမန်း

### မန္တန်

မိမိပေးလိုသော လက်ဆောင်ပဏ္ဏာ ပစ္စည်းကို အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇) အုပ် ရုပ်ရမည်။

## ဂါထာ

ဥုံ သူရမာ သူရအာ ရှိန်ရှိန် နမော ဗုဒ္ဓါယ သဗ္ဗေသတ္တာ ဘဝန္တု သွာဟာယျကာပ်။

## အညွန်း

ယင်းလက်ဆောင် ပစ္စည်းကို မိမိ အလိုရှိသောသူအား ပေးပါက မယုံကြည်နိုင်အောင် ထိုသူက မိမိအား ချစ်ခင်လာလိမ့်မည်၊ လောကီသျှိုတွင် အတုမရှိသောနည်းတည်း။

ထို့ပြင် တရားတပေါင် ထိပ်နှောင် အကျဉ်းကျ တွေ့ကြုံနေရသော အခါမျိုး၌လည်း လက်ဆောင် ပဏ္ဏာကို အထက်ပါ အတိုင်း မန်း၍ တရားသူကြီး - ထောင်ပိုင် - ထောင်မှူး - ရဲအုပ် - ရဲမှူး စသူတို့ကို ပေးပါ၊ ပေးသောအခါ စိတ်ထဲက အလိုရှိရာကို တောင့်တ၍ ပေးပါ၊ အလိုရှိတိုင်း အောင်မြင်ပါလိမ့်မည်။

လောကီသျှိုကိုသာ မက ရာဇသျှို - သဗ္ဗသျှို တို့၌လည်း အတုမရှိ အကျိုးထက်မြက်လှပေသည်။

---

## အမျက်ပြေ ဂါထာ မန္တန်

မိမိအား အမျက်ရှိသောသူ၏ မျက်နှာကို စေ့စေ့ကြည့်၍ အောက်ပါ ဂါထာ မန္တန်ဖြင့် ထက်အားသရွေ့ ရွတ်ရမည်။

## ဂါထာ

ဦ ပိယေဟိ မမ ပိယေဟိ သိန္နေဟံ အာဂစ္ဆန္တု အာဂစ္ဆန္တုသာ သဗ္ဗ ဣတ္ထိ ပုရိသ စိတ္တံ မှိုင်းမှိုင်း သွာဟာ။

## အညွှန်း

ယင်းသို့ မျက်နှာကို စေ့စေ့ကြည့်၍ ရွတ်ပါက အခြားသူကို မဆိုထားဘိ မိမိ၏ အသက်ကို အန္တရာယ်ပြုရန် လာသော ရန်သူပင် ဖြစ်စေကာမူ လက်နက်ချ၍ အမျက် ပြေပျောက်သွားလိမ့်မည်၊ အမျက်ပြေပျောက်ရုံသာ မက ချစ်ကြောက်ရိုသေမှုလည်း ရှိလာလိမ့်ဦးမည်။

---

## ဂမုန်း ကတိုး မန်း

## ဂါထာ မန္တန်

တန်ခိုးကြီး ဘုရားရှေ့တော်တွင် ပွဲတင်၍ ဂမုန်းကတိုးကို အောက်ပါ ဂါထာမန္တန်ဖြင့် ( ၁၀၀၀ ) အုပ် စုပ်ရမည်။

## ဂါထာ

ဦ ထိုင် မှိုင်၊ ထိုင် - မှိုင်း ဆရာမှိုင်း

ထိုနောက် ယင်းဂမုန်းကတိုးကို ရိုသေစွာ ဆောင်ပါ၊ သျှိုသုံးပါးတွင် အတုမရှိပြီ၊ အထူးမှာ ပိယသျှို အတွက် ကျိန်းသေ စိတ်ချရသောနည်းတည်း။

---

## မဟူရာပန်း မန္တန်

မဟူရာကျောက်ကို အောက်ပါ ဂါထာ မန္တန်ဖြင့် ဘုရားရှေ့မှာ ( ၁၀၀၀ ) စုပ်ပါ။

### ဂါထာ

ဥုံ ရုဒ္ဒိမဓဿာ မဟာသတ္တာ ရုဟွတ်။

### အညွှန်း

ယင်းမဟူရာကျောက်ကို မိမိ ကိုယ်၌ ရှိသေစွာ အမြဲဆောင်ထားပါ။

အကျိုးကား ဘုန်းတန်ခိုး ကြီးခြင်း - သွားလေရာရာ မျက်နှာပွင့်လန်းခြင်း - လူတကာက ချစ်ကြောက် ရိုသေ လေးစားခြင်း - ပြောဆိုသမျှ အာဏာတည်ခြင်း - ကြံစည် လုပ်ဆောင်သမျှ အောင်မြင် ထမြောက်ခြင်း စသည်ဖြင့် သဗ္ဗသိဒ္ဓိ အကျိုးအနန္တကို မယုံကြည်နိုင်အောင် ရရှိ ခံစားရမည်။

ထို့ပြင် အဆိပ်ရှိသော သတ္တ၀ါ ဟူသမျှ ကိုက်ခဲပါက၊ ယင်းကိုက်ခဲခံရသော နေရာ၌ မဟူရာကျောက်ကို ကပ်ထားပါ၊ လုံး၀ အဆိပ်မတက်ရုံသာ မက အဆိပ်များပင် ယင်းကိုက်သော ဒဏ်ရာပေါက်မှ ပြန်ထွက်ကျလာလိမ့်မည်။

## ပုခသိဒ္ဓိ မန္တရား

### ဂါထာ

ဥုံ စက္ကဝိလေ ဇမ္ဗူဒီပါ အသင်္ခြေ ဟယ်ထာ အာဏာ-သာရိပုတ္တရာ အာမဘာဇွေ ကာယသွာ။

### အညွန်း

ဂူတွင်းအိမ်သို့ တက်သော် ယင်းဂါထာ မန္တန်ကို (၃) ကြိမ် ရွတ်၍ ခြေဖြင့် လှေကားကို (၃) ချက် ဆောင့်လျက် 'နင့်လင်-ငါ့ယဲ့' ဟု ကြိမ်းပြီးမှ တက်လေ။

မင်းအိမ်သို့ တက်သော် အထက်ပါ ဂါထာမန္တန်ကို (၃) ကြိမ် ရွတ်ပြီး၍ ခြေဖြင့်လှေကားကို (၃) ချက် ဆောင့်လျက် 'ငါစကြဝဠာမင်းဟဲ့' ဟု ကြိမ်းပြီးမှ တက်ပါ။

ကျောင်းသို့ တက်သော် အထက်ပါ မန္တန်ကို (၃) ကြိမ် ရွတ်၍ လှေကားကို (၃) ချက်ဆောင့်လျက် 'ငါ ပိဋကတ်သုံးပုံဆောင် ဆရာ၏ ဇာပည့်ဟဲ့' ဟု ကြိမ်းပြီးမှ တက်ပါ။

အကျိုးကား ဘုန်းတန်ခိုး ကြီးခြင်း-မျက်နှာ ပွင့်လန်းခြင်း-လူချစ် လူခင် များခြင်း-လူတကာ၏ ရိုသေလေးစားမှုကို ခံရခြင်း-ပြောသမျှ အာဏာ တည်ခြင်း-လုပ်ဆောင်သမျှ အောင်မြင်ခြင်းသို့ ရောက်၏။

## ဣတ္ထိယ မျက်ခြေ

### မန္တန်

မိမိအလိုရှိသော မိန်းမအား မျက်စောင်းထိုး၍ အောက်ပါ ဂါထာ မန္တန်ကို တတ်ထားသရွေ့ မန်းပါ။

### ဂါထာ

ဥုံ သီဝလိ စ ဣတ္ထိယံ မဟာလာဘံ ဘဝိဿတိ။

### အညွှန်း

ယင်းသို့ မျက်စောင်းထိုး၍ ရွတ်ပါက မိမိ၏ လိုအင် ဆန္ဒ အတိုင်း အောင်မြင်လာလိမ့်မည်။

အခြားသူကို မဆိုထားဘိ မိမိ အပေါ် ရန်ညှိုးထား၍ အမျက်ရှိသူပင် ဖြစ်လင့်စေကာမူ အမျက် ပြေပျောက်၍ ချစ်ခင်ခြင်း - မြတ်နိုးခြင်း - လေးစားခြင်းသို့ ရောက်ရှိနိုင်ပေသည်။

—

## သဗ္ဗသျှို နှုတ်ဥိ လက်ဖွဲ့

ရွှေပြား၌ ဖြစ်စေ - ငွေပြား၌ ဖြစ်စေ အောက်ပါ အက္ခရာ များကို အောက်ပါ ပုံစံ နှစ်ချိုး အနက် တမျိုးမျိုးဖြင့် ရေးပါ။

ဣ သွာ သု — သု သွာ ဣ

သို့မဟုတ်

ဣ သွာ သု

သု သွာ ဣ

ယင်းသို့ သေချာ ကျနစွာ ရေးပြီးလျှင် လက်ဖွဲ့ထိုးပါ။

### အညွှန်း

ထို့နောက် ယင်း လက်ဖွဲ့ကို ဘုရားရှေ့၌ သရဏဂုံဖြင့် (၃၇) အုပ်၊ ဂုဏ်တော်ဖြင့် (၃၇) အုပ်စီ စုပ်ပြီးလျှင် နှုတ်တွင်ငုံ၍ ဆောင်ပါ၊

ယင်းလက်ဖွဲ့ နှုတ်၌ထားသမျှ မြင်ရသူ အားလုံး ချစ်ခင် မြတ်နိုး၍ ရှိသေ လေးစား၏၊ ကြောက်ရွံ့ ခန့်ငြား၏၊ ပြော သမျှ အာဏာတည်၏၊ လုပ်ဆောင်သမျှ အောင်မြင်၏၊

ပီယသျှိုနှင့် သမ္မသျှိုအရာတွင် ဉာဏ်ရှိတိုင်းသာ သုံးပါဟု ညွှန်းပါရစေတော့။

---

### မန္တန် နှုတ်ငုံ လက်ဖွဲ့

ရွှေပြား၌ ဖြစ်စေ - ငွေပြား၌ ဖြစ်စေ အောက်ပါ အက္ခရာ များကို အောက်ပါ ပုံစံ အတိုင်း ရေး၍ လက်ဖွဲ့ထိုးပါ။

ဥုံ တာဏာ လေဏာ စ ပါဏိန်
နံဏိပါ စ ဏာလေ ဏာတာ ဥုံ

လက်ဖွဲ့ ထိုးပြီးလျှင် ဘုရားဂုဏ်တော် (၇) အုပ်စုပ်၊ သမ္ဗုဒ္ဓေ (၇) အုပ် စုပ်၍ နှုတ်တွင် ငုံ၍ ဆောင်ပါ။

### အညွှန်း

နှုတ်တွင် ငုံ၍ ဆောင်က သမ္မသျှိုသို့ မြောက်၍ ပြောသမျှ - ပြုသမျှ - လုပ်သမျှ - အောင်မြင်၏။

အလွန် အရေးကြီးသော ကိစ္စနှင့် ကြုံပါက ယင်းလက်ဖွဲ့ကို မျိုချပါ၊ ကိစ္စပြီးလျှင် ယင်းလက်ဖွဲ့ ပြန်အံလာလိမ့်မည်။

ထိုအခါ ယင်းလက်ဖွဲ့ကို နံ့သာရေဖြင့် ဆေး၍ ဆောင်မြဲ ဆောင်ပါလေ။

သဗ္ဗသျှို အရာတွင် အတုမရှိသော နှုတ်ငုံလက်ဖွဲ့တည်း။

---

## ကြက်ဖြူ လွှတ်၍
## ရှေးဟောင်း ဥစ္စာ ရှာနည်း

မဆစ်ဆီ ၅ ကျပ်သားကို အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇) အုပ် စုပ်ပါ။

ဂါထာ

ဩြောင်း....အဂ္ဂသီသာန နလာဠေသု နလာဠံ ဗုဒ္ဓါ ဓေဝစ
အရဟန္တာ ရာဇကောဓံ ဝိနသာန္တု အသေ
သတော။

အညွှန်း

ရှေးဟောင်းပစ္စည်း ဥစ္စာ ရှိမည်ဟု ဆင်ရသော နေရာကို ၂၅မဆုံး ပရိတ်ချည်ဖြင့် စည်းဝိုင်းပါ၊ ထို့နောက် ကြက်ဖြူကို ယင်းမဆစ်ဆီမန်း ကုန်အောင် သုတ်ပြီးလျှင် ပရိတ်ချည် စည်းဝိုင်းအတွင်းသို့ ကြက်ဖြူကို လွှတ်ပါ။

ယင်းကြက်ဖြူ ဝပ်သော နေရာ၌ ရှေးဟောင်း ဥစ္စာ ပစ္စည်း

ရှိသောနေရာ ဟူ၍ ဝိဇ္ဇာမယဆိုင်ရာ ရှေးဆရာ့ဆရာကြီးများက သတ်မှတ် ယူဆခဲ့ကြသည်။

---

## အလိုရှိတိုင်း မြင်နိုင်သော
## ဆီမန်း

သန့်ရှင်း၊ စင်ကြယ်သော ဆီကောင်း ဆီသန့်ကို အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇) အုပ် စုပ်ပါ။

### ဂါထာ

ဥုံ ဗုဒ္ဓေါ ဗုဒ္ဓေါ ငါလည်း မတတ်၊ ဘုရားသဗ္ဗညူ အတတ်တည်း၊ သက်ပေဆရာ သက်ပေ၊ လျှင်စေဆရာ လျှင်စေ၊ မြင်ပေဆရာ မြင်ပေ၊ ပြပေဆရာ ပြပေ၊ ဥုံ ဒေဝတာ ဒေဝတာ၊ ငါလည်း မတတ် - ဆရာဘီလူး မင်း အတတ်တည်း၊ သက်ပေဆရာ - သက်ပေ၊ လျှင်စေ ဆရာ လျှင်စေ၊ မြင်ပေဆရာ မြင်ပေ၊ ပြပေဆရာ ပြပေ။

### အညွှန်း

ယင်းဆီမန်းဖြင့် မျက်စိကို ကွင်း၍ ကြည့်ပါ၊ ရှေးဦးစွာ ဗောဓိပင် နှင့်၊ ရွှေပလ္လင်ကို မြင်ရလိမ့်မည်၊ ယင်းသို့ မြင်လျှင် အခြား မိမိ မြင်လိုသော အရာ အားလုံးကို မြင်နိုင် ပြီဟု မှတ်ပါ။

သို့သော် ရေမနစ်ဘူးသောသူ - ဓားကိုက်မခံရဘူးသောသူ ကြည့်မှသာ မြင်နိုင်သည်ကို သတိပြုပါလေ။

---

## လင်ကွာ — မယားကွာ
## အက္ခရာလက်ဖွဲ့

ရွှေပြား၌ ဖြစ်စေ - ငွေပြား၌ ဖြစ်စေ - 'အရဟံ' ကို အောက်ပါပုံစံ အတိုင်း ရေးရမည်။




ယင်းသို့ရေးသော အခါ—

ပဌမ — 'အ' ကိုလည်းကောင်း
ဒုတိယ — 'ရ' ကို လည်းကောင်း
တတိယ — 'ဟ' ကို လည်းကောင်း
စတုတ္ထ — 'သေးသေးတင်' ကိုလည်းကောင်း

အသီးအသီး ကျန ပြီးသအောင် ရေးရမည်။

ယင်းအက္ခရာများကို ရေးသောအခါ ရေးနေစဉ် အတွင်း၌ 'အရဟံ ပုညံ နိဗ္ဗာနံ ဘဝတိ' ဟူသော ဂါထာကို ထပ်အား သရွေ့ ရွတ်ဆိုပြီး ရေးရမည်။

ထို့နောက် လက်ဖွဲ့ထိုးပြီးလျှင် ဘုရားရှေ့တော်တွင် ပွဲတစ် ၌ အောက်ပါဂါထာမန္တန်ဖြင့် (၃၇) ခုပ် စုပ်ရမည်။

anned by CamScanner

## ဂါထာ

အရဟံ ဂေါတ္တာ ဥသဘာ ရာဇ မန ဘောဂေါ
သုနက္ခတ္တံ ဝိပိစ္ဆန္တိ ဇေယျော ဟောတု သဗ္ဗဒါ။

## အညွှန်း

ဤ၌ အထူး သတိပြုရန်မှာ ဤလက်ဖွဲ့ကို စီရင်သောအခါ နေ့ကောင်း ရက်ကောင်း နက္ခတ် ဘမ္ပတ် စသည်တို့ကို ရွေးချယ်ရမည့်ပြင် သိဒ္ဓိတင်ခြင်း - သနချေခြင်း စသော လောကီနည်းနာ ဩဝါဒ နိသျှမျှားကိုလည်း တိတိကျကျ လိုက်နာ ကြရပေမည်။

ယင်းလက်ဖွဲ့ကို ယောကျာ်းဖြစ်က လက်ျာပါးစောင်၌ လည်းကောင်း — မိန်းမ ဖြစ်က လက်ဝဲ ပါးစောင်၌ လည်းကောင်း — ငုံ၍ ဆောင်သော် ရာဇသျှိ - သဗ္ဗသျှိ - ဣတ္ထိသျှိ — သုံးပါး၌ အတုမရှိ အပြီးတိုင်၏။

လင်မယား ကွဲရာတွင်လည်း ယောကျာ်းက မိန်းမကို အမျက်ထား၍ ကွဲကွာရာ၌ လည်းကောင်း—မိန်းမက ယောကျာ်းကို အမျက်ထား၍ ကွဲကွာရာ၌လည်းကောင်း – တဖန် ပြန်၍ ပေါင်းသင်းလိုသော် ပေါင်းသင်းလိုသူ၏ လက်ျာဖက် လက်၌ ယင်းလက်ဖွဲ့ကို ဝတ်ဆင်ထားရမည်၊ ထိုအခါ အမျက်ရှိသူက ပင် ပြန်လည် ပေါင်းသင်းရန် တောင်းပန် ဝပ်တွား ၍လာ လိမ့်မည်။

အမျက်ရှိ၍ ကွဲကွာကြသော လင်မယားကိုပင် ပြန်လည် ပေါင်းသင်းအောင် စွမ်းဆောင်နိုင်သဖြင့် အခြား ဣတ္ထိသျှိ — ရာဇသျှိ အရာ၌ အထူးပြောဘွယ်ရာ မလိုတော့ပေ၊ ဉာဏ်ရှိတိုင်း ဆီလျော်သုံးစွဲပါဟုသော ညွှန်းပါရစေတော့။

## မန္တန် ဖောင်စီး လက်ဖွဲ့

မိန်းမနှင့် ကာမစပ်ယှက်ယင်း - မိန်းမ၏ သမြုတ် နှစ်ခု ကြားတွင် ရွှေပြား သို့မဟုတ် ငွေပြားကို ထား၍ အောက်ပါ ဂါထာ မန္တန်ကို အောက်ပါ ပုံစံ ပုံသဏ္ဌာန် အတိုင်း ရေးရမည်။

ဥုံ ဂယု သမ္ဗန္ဓော နိုးရင်း ငါးနှင့် နော
ငန်ဝ ဥှိန်း၂ ၁ းဥှဗ်းနွှ ငနိဝဂိထ ဂ်ာပ ၂ိ

ထို့နောက် လက်ဖွဲ့ကို မိန်းမ၏ သမြုတ် နှစ်ခု ကြား၌ပင် ထိပ်၍ ဤဂါထာ မန္တန်နှင့်ပင် ( ၃၇ ) အုပ် စုပ်ရမည်၊ ဂါထာ ( ၃၇ ) အုပ် စုပ်ပြီးသည့် အချိန်နှင့် ကာမစပ်ယှက် ပြီးချိန်သည် တချိန်တည်း ဖြစ်စေရမည်။

### အညွှန်း

ယင်းလက်ဖွဲ့ကို ကိုယ်၌ ဆောင်သော် သမ္ဘဿျှိုး ရာဇဿျှိုးသို့ မြောက်၏၊ နှုတ်တွင် ငုံ၍ စကားပြောသော် ဂုဏ်ထိုသျှိုး၌ အတု မရှိအောင် အထူး စွမ်း၏။

သို့သော် သစ္စာတော်ရှိပါစေ။

—

### သဗ္ဗာရဏ ပိယသိဒ္ဓိ

### လက်ဖွဲ့ကြီး

ရွှေပြား၌ ဖြစ်စေ - ငွေပြား၌ ဖြစ်စေ - ရရာ တခုခု သို့မဟုတ် မိမိ ကြိုက်နှစ်သက်ရာ တခုခုတွင် —

— လဆန်းတရက် ဗုဒ္ဓဟူးနေ့၌ 'ဝ' ကို လည်းကောင်း၊
— လဆန်း နှစ်ရက် ကြာသပတေးနေ့၌ 'ပ' ကို လည်းကောင်း၊
— လဆန်း လေးရက် စနေနေ့၌ 'ဗ' ကို လည်းကောင်း၊
— လဆန်း ရှစ်ရက်, ဗုဒ္ဓဟူးနေ့၌ 'လ' ကို လည်းကောင်း၊

အသီး အသီး ရေးပါ၊ ထို့နောက် လပြည့်နေ့တွင် လက်ဖွဲ့ကို လိပ်ပြီးလျှင် နံ့သာငါးပါးရေ၌ စိမ်၍ ဘုရားရှေ့တော်တွင် ပွဲတင်ပြီးလျှင် သရဏဂုဏ်နှင့် (၃၇) အုပ်-ဘုရားဂုဏ်တော်နှင့် (၃၇) အုပ် - တရားဂုဏ်တော်နှင့် (၃၇) အုပ် - သံဃာ ဂုဏ်တော်နှင့် (၃၇) အုပ် စီစုပ်ရမည်။

အညွန်း


ယင်းလက်ဖွဲ့ကို ဆောင်ပါက သဗ္ဗသျှုတွင် အတုမရှိပြီ၊ ကြက်တွင် ယင်းလက်ဖွဲ့ကို ဆွဲ၍ ကြောင်ရှေ့ လွှတ်သော်လည်း ကြောင်က ယင်းကြက်ကို မခုတ်နိုင်ပြီ၊ မယုံလျှင် စမ်းလေတော့။

သို့သော် သစ္စာရှိဖို့ကိုတော့ သတိပြုပါ။

—

## နတ်ရုံး ထဆင်ထူး လက်ဖွဲ့

ရွှေပြား၌ ဖြစ်စေ - ငွေပြား၌ ဖြစ်စေ - အောက်ပါ အက္ခရာ များကို အောက်ပါ ပုံသဏ္ဌာန် အတိုင်း ရေးရမည်။



ယင်းသို့ ရေးသော အခါ 'ကကြီး' ကို အထက် - 'ယ' ကို အောက် ထား၍ ထဆင်ထူးနှင့် တူအောင် ဝိုင်းဝိုင်း လှလှ ရေးပါ၊ ထို့နောက် 'ကူ' နှင့် 'န' ကို လည်းကောင်း - ထို့နောက် လက်ဝဲဖက်၌ 'င' - လက်ျာဖက်၌ 'ခ' ကို လည်းကောင်း ရေးပါ၊ ထို့နောက် အထက်တွင် 'င' နှင့် 'ခ' ကို ရင်ချင်း ယှဉ်၍ လုံးကြီးတင် ဆံခတ် ဖြစ်အောင် သေချာစွာ ရေးပါ။

ယင်းသို့ ရေးသော အခါ ဆောင့်ကြောင့် ထိုင်ပြီးလျှင် ဖနောင့် တဖက်က မိမိ၏ ဒူးခုကို ပိတ်၍ ဖနောင့် တဖက်က ဖျက်ဆိတ်တွင်းကို ပိတ်လျက် ရေးရမည်၊ ထို့ပြင် ယင်းသို့ ရေးနေစဉ် အတွင်း၌ ရေးပြီးသည့် တိုင်အောင် အသက်ကိုလည်း အောင့်ထားရမည်။

ထို့နောက် ယင်း အနေအထား အတိုင်း ထိုင်လျက်ပင် လက်ဖွဲ့ကို လိပ်၍ ဘုရားဂုဏ်တော်နှင့် (၃၇) အုပ် စုပ်ရမည်။

ထို့နောက် အောက်ပါ အနှိုးဂါထာဖြင့် (၃) ကြိမ် နှိုးရမည်။

## အန္တိုး ဂါထာ

ဥုံ ထဆင်ထူး - လုံးကြီးဘင် - ထီမထင်တဲ့ ရွှေကျောင်း သား - ထဆရာ ထ - ကြွဆရာ ကြွ။

## အညွှန်း

ဆောင်သော အခါ အထက်ပါ ဂါထာဖြင့် ( ၃ ) ကြိမ် နှိုးပြီးမှ နှုတ်တွင် ငုံ၍ ဆောင်ရမည်။

အကျိုးကား — ရာဇသျှိ - သဗ္ဗသျှိ - ဇူတ္တိသျှိ ( ၃ ) ပါး၌ အပြီးတိုင်၏ဟု ဆရာကြီးများ အမှာအထား ပြုထား သည်၊ သို့သော် သူများ သားမယားကိုတော့ မကြံစည်ပါနှင့်၊ သစ္စာ ရှိပါစေ။


မိမိအား အသက်အန္တရာယ် ပြုရန် လာသော ရန်သူပင် ဖြစ်စေကာမူလည်း လက်နက်ချ၍ ချစ်ခင် လေးစား လာရ ကြောင်းဖြင့် ရှေးဟောင်း လောကီကျမ်းကြီးများ၌ လက်တွေ့ အဖြစ် ညွှန်းဆိုထားသည်။

---

## စမရှပ် ဖောင်စီး

## လက်ဖွဲ့

မိန်းမနှင့် ကာမစပ်ယှက် ဖောင်စီးယင်း ရွှေပြား သို့မဟုတ် ငွေပြားကို မိန်းမ၏ နဖူးပေါ်မှာ တင်၍ 'စ ဗ မ ထ' အက္ခရာ လေးလုံးကို အောက်ပါ ပုံစံ အတိုင်း ရေးရမည်။




ယင်းသို့ ရေးသော အခါ အောက်ပါ ဆိုင်ရာ အဟိန်း ဂါထာများဖြင့် ဟိန်း၍ ရေးရမည်။

အဟိန်း ဂါထာများ

– စကာရောစ ဗုဒ္ဓရုပ် စဒုက္ခံ ကုသလံ ဓမ္မံ နမော ဗုဒ္ဓါယ စ။

– ဗကာရောစ ဗုဒ္ဓရုပ် ဗဒုက္ခံ ကုသလံ ဓမ္မံ နမော ဗုဒ္ဓါယ ဗ။ ,

– မကာရောစ ဗုဒ္ဓရုပ် မဒုက္ခံ ကုသလံ ဓမ္မံ နမော ဗုဒ္ဓါယ မ။

– ထကာရောစ ဗုဒ္ဓရုပ် ထဒုက္ခံ ကုသလံ ဓမ္မံ နမော ဗုဒ္ဓါယ ထ။

ထို့နောက် စမရုပ်၏ လက်ယာ လက် ခြေတို့ကို မိန်းမ၏ လက်ယာ ပခုံး နှင့် ဒူးပေါ်တွင် တင်၍ ရေးပါ၊ ထို့အတူ မ

ရှပ်၏ လက်ဝဲ လက် ခြေတို့ကိုလည်း မိန်းမ၏ လက်ဝဲ ပခုံး နှင့် ဒူးပေါ်တွင် တင်၍ ရေးပါ။

ထို့နောက် ဘုရားဂုဏ်တော်နှင့် တတ်အားသရွေ့ ရွတ်လျက် မိန်းမ၏ သားမြတ် နှစ်ခု အကြား၌ လက်ဖွဲ့ကို လိပ်ရမည်။

ထို့နောက် မိန်းမ၏ ပါးစပ်၌ လက်ဖွဲ့ကို ပေါ်အောင် ကိုက်ထားစေပြီးမှ မိမိ၏ ပါးစပ်နှင့် လက်သုံးသစ်ခန့် ပါးစပ်ချင်း ခွာ၍—

အရဟံ သုဂတော ဗုဒ္ဓေါ ဘဂဝါ သွာဟ

ဟူသော ဂါထာဖြင့် (၃၇) အုပ် စုပ်ရမည်၊ ယင်းသို့ ဂါထာ စုပ်၍ ပြီးသည်နှင့် ကာမကိစ္စလည်း အပြီးတိုင်သို့ ရောက်ခစေ ရမည်။

ထို့နောက် 'ငါ၏ လက်ဖွဲ့ကို ပေးလော့' ဟု ဆို၍ မိန်းမ၏ ပါးစပ်၌ ရှိသော လက်ဖွဲ့ကို မိမိ၏ ပါးစပ်နှင့် ကိုက်၍ ယူရမည်။

အညွန်း

ယင်းလက်ဖွဲ့ကို ကိုယ်၌ ဆောင်သော် သဗ္ဗသျှိသို့မြောက်၏။ နူတ်တွင်ငုံ၍ စကားပြောရသော် ဣတ္ထိသျှိ၌ သူမတူအောင် ထက်မြက် စူးရှလှ၏။

ဉာဏ်ရှိတိုင်း ချဲ့ထွင် သုံးစွဲပါ၊ သို့သော် သစ္စာလည်း ရှိပါစေ၊ ကာမေသုကိုလည်း ရှောင်ပါလေ။

## အလိုရှိရာ မြင်နိုင်သော
## ရေမန်း

သန့်ရှင်း စင်ကြယ်သော ရေစင် ရေကောင်းကို အောက်ပါ ဂါထာမန္တန်ဖြင့် ( ၇ ) အုပ် ရုပ်ပါ။

### ဂါထာ

ဥုံ ဗုဒ္ဓ သရဏံ စက်၊ ဓမ္မံ သရဏံ စက်၊ သံဃံ သရဏံ စက်။

### အညွှန်း

ယင်း ရေမန်းဖြင့် မျက်နှာသစ်ပြီး ကြည့်ရှုပါက အလိုရှိရာ မြင်နိုင်သည်။

သို့သော် ခွေးကိုက် မခံရဘူးသောသူ၊ ရေမနစ်ဘူးသောသူ၊ သစ်ပင်ပေါ်မှ လိမ့်မကျဘူးသောသူ ကြည့်မှသာ မြင်မည်ကိုကား သတိပြုပါလေ။

—

## လိုတရ ကွမ်းရာမန်း
### ဂါထာ

ကွမ်းရာကို အောက်ပါ ဂါထာမန္တန်နှင့် ( ၃၇ ) အုပ် မန်းပြီး၊ လျှင် အဓိကရသစ်ပင် - နတ် - ရုက္ခစိုးကို တင်ပါ။

## ဂါထာ မန္တန်

ဥုံ ဘယပဏ္ဍ ယာဝဇီဝံ မရဏံ သိန္နေဟံ အာဂစ္ဆန္တု ဟေ ဟေ၊ သွာဟာယ်ယျကပ်၊ သက္ကော ဒေဝေါ ရာဇာ သွာဟာ။

## အညွန်း

မိမိ အလိုရှိသော ပစ္စည်းလာဘ်လာဘ ရောက်လာ၏၊ တရပ်တရွာသို့ သွားသော် ရင်းနည်းအတိုင်း တင်၍ 'တိုက်တွန်း၍ တရွာလုံး နိုးဆော်ပါ' ဟု ဆုတောင်းပါက အလိုရှိတိုင်း ပြည့်စုံနိုင်သည်။

---

## အလိုရှိရာ မြင်နိုင်သော
## ဆီမန်း မန္တန်

ဆီကို ဖြစ်စေ - မဆေစ်ဆီကို ဖြစ်စေ - အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇) အုပ် စုပ်ပါ။

## ဂါထာ

ဥုံ အာကာသေ အာကာသေ ဒေဝတာ ဒေဝတာ အာဂစ္ဆန္တု အာဂစ္ဆန္တု ပုဗ္ဗေ ပုဗ္ဗာ လာလည်း ဆရာလာ၊ ငါ၏ အတတ် မဟုတ်၊ ဆရာကေ ညောင်ဘီလူး၏ အတတ်တည်း၊ သက်ပေ ဆရာ သက်ပေ၊ ပြပေ ဆရာ ပြပေ၊ ထင်စေ ဆရာ ထင်စေ၊ မြင်စေ ဆရာ မြင်စေ။

### အညွှန်း

ယင်း ဂါထာဖြင့် ( ၃၇ ) အုပ် မန်းပြီးသောအခါ ၎င်းဆီနှင့် လက်မကို သုတ်၍ ကြည့်ပါ၊ အလိုရှိရာ မြင်နိုင်သည်။

---

## ပိယသိဂ္ဂိ ဆီမန်း

ဆီကို အောက်ပါ ဂါထာ မန္တန်ဖြင့် ( ၃၇ ) အုပ် စုပ်ပါ။

### ဂါထာ

ဥုံ သံဂုံပမယျ၊ ယျမပဂုံသံ ဥုံ၊ ဥုံ ဗောဓိ စိတ္တံ စိတ္တာယ သဗ္ဗနဂရေ သဗ္ဗလာဘဝိသာခါယ ဗုဒ္ဓ ဟေဟိ ဓမ္မ ဟေဟိ သံဃ ဟေဟိ ချင်းဆရာချင်း - ကပ်ဆရာ ကပ်။

### အညွှန်း

ယင်းဆီမန်းကို တို့ခြင်း - ခတ်ခြင်း - ဆောင်ခြင်း စသည်ဖြင့် ဉာဏ်ရှိသလို သုံးပါ၊ ပိယသိဒ္ဓိမှာ အတုမရှိ ကောင်း၏။

---

## ပိ[illegible]သျှို

## မဆစ်ဆီမန်းဂါထာ

အပျိုဘော်ဝင်စ အပျိုပေါက်စ သူငယ်မကို မဆစ်ဆီ ဝယ်ခိုင်းပြီးလျှင် ၎င်းမဆစ်ဆီကို ဆွမ်းသင်ဘုတ်တင်၍ အောက်ပါ မန္တန် ဂါထာဖြင့် —

(၁) ဘုရားရှေ့တော်မှာ (၃၇) အုပ်
(၂) နတ်စင်ရှေ့မှာ (၃၇) အုပ်
(၃) ရေဆိပ်မှာ (၃၇) အုပ်
(၄) ရှင်ဥပဂုတ် မထေရ်ကို မီးဖောင်
မျော၍ လိုရာ ဆုတောင်းပြီးလျှင် (၃၇) အုပ်
(၅) မဏိမေခလာ နတ်သမီးကိုလည်း
ထိုနည်းအတူမျော၍ အလိုရှိရာ
ဆုတောင်းပြီးလျှင် (၃၇) အုပ်
(၆) လမ်းဆုံ လမ်းမှာလည်း ကွမ်း
လဘက် တင်၍ (၃၇) အုပ်
(၇) သုဿန်၌လည်း ခေါင်ပေါင်းနှင့်
အမဲစိမ်း ငါးစိမ်းထည့်ပြီးလျှင်
ပသ ခေါ်ငင်၍ (၃၇) အုပ်

အသီး အသီး စုပ်ရမည်။

## ဂါထာ မန္တန်

ဩြောင်း.......ဗုဒ္ဓေါ သဗ္ဗညုတဉာဏော၊ ဓမ္မော နဝလောကုတ္တရော၊ နဝ သံဃော မဂ္ဂ ဖလ တော ၈၊ မေ သီသေ ဒိန္နေ တိဋ္ဌန္တု၊ အဋ္ဌဝီသတ္တု၊ ပစ္စ ဗုဒ္ဓေါ မမ ပုရိသော ပစ္စ ဗုဒ္ဓါ မမ သီသေနိဂ သင်္ဂိတာ၊ ဩြောင်း....နမော ဘဂ္ဂကပ္ပ၊ ပစ္စ ဗုဒ္ဓါ သရဏံ၊ အသီတိ အဂ္ဂသာဝကာ၊ မဟာသာဝက သံဃော၊ နဝ လော-ကုတ္တရဓမ္မံ၊ ဋ္ဌာနသက္ကာမြဟ္မာနံ၊ စန္ဒသူရိယမဏိမေ

ခလာ၊ ဓတေရဋ္ဌ ဝိရူပက္ခ ဝိရူဠှက ကုဝေရ မဟာ ရာဇာနံ၊ စတုန္နံ မဟာဒီပါနံ၊ အဓိပတိ ဝရဒွါ၊ ဂုဏာရိယော၊ ဂုဏာရိယ ဘူဒတာ၊ ဇေယျော ဇေယျတု သဗ္ဗမင်္ဂလံ။

## အညွှန်း

အကျိုးကား ယင်းမဆစ်ဆီမန်းကို ဒယ်ဖူး - ဆံဝ - နှုတ်ခမ်း - ပါးပြင်တို့၌ သုတ်လိမ်း၍ သွားပါက အမျိုးလေးပါးတို့ မြင်ရလျှင် ၎င်းတို့၏ ရှင်ဝယ်သားကဲ့သို့ ချစ်ခင် ကြင်နာကြလိမ့်မည်။

ဓိမိ ချစ်သူ၏ အဝတ်စကို တို့ပါက ၎င်းဆီ မပျက်မချင်း ချစ်လိမ့်မည်၊ သစ္စာရှိလိမ့်မည်။

သို့သော် ရှောင်ကြဉ်အပ်သော သူကို ရှောင်ကြဉ်၍ အသုံးပြုဖို့ကိုတော့ အထူး မှာလိုက်ပါရစေ။

---

## မျက်စိမန်း ဂါထာ မန္တန်

ဥံ ကာခယာ စန္ဒန၊ ဂန္ဓော စ ကာယ ဝုဍ္ဍိ ရာဇ ပိယံ န ဒိန္နံ စတုမေဝစ၊ ဝုဍ္ဍံ မန္တသာ အာဒ ဘာဝေါ။

## အညွှန်း

ဤဂါထာ မန္တန်ဖြင့် မိမိ အပိုင်ရှိသော ပိန်းခဲ မျက်စိ ကို ကြည့်၍ ရွတ်ပါ၊ (၇) ရက် ရှိလျှင် ချောင် တောင်းကို

ထင်း မိန်းမကပင် စတင်၍ ပြောဆိုလာလိမ့်မည်၊ မယုံလျှင် ရန်သူကို စမ်းကြည့်ပါလေ။

မင်း - အစိုးရအိမ်သို့ အကြောင်းရှိ၍ သွားလျှင် လေ့ကား တက်က ဤမန္တန်ကို ရွတ်ပါ၊ အထူးအခွင့်အရေး ရလိမ့်မည်၊ မင်းပြစ် မင်းဒဏ် ရှိလျှင်လည်း အမျက်ပြေ၍ ယင်းမင်းပြစ် မင်းဒဏ်မှ လွတ်လိမ့်မည်။

ဤ မန္တန်မှာ မျက်စိကို ကြည့်၍ မင်းရသောကြောင့် 'မျက်စိ မင်း ဂါထာ မန္တန်' ဟု လောကီ မန္တန် ကျမ်းများ၌ အမည် ဖော်ပြထားသည်။

---

## သမ္ဗုဒ္ဓို သူရဿတီ မန္တန်

အောက်ပါ သူရဿတီ မန္တန် ( ၂ ) ဂါထာကို နေ့စဉ် နေ့ ညဉ့် မပြတ် တတ်အားသမျှ ရွတ်ဖတ် သရဇ္ဈာယ်ပါ။

( ၁ ) ပဒုမ္မ ဂဗ္ဘ သဥ္စတာ၊
ပုညာဝတီ သိရိ သောဘဏီ။ ,
ပူရတိ ပါဏီနံ ကာမံ၊
ပါတု သူရဿတီ မနံ။

( ၂ ) ပဒုမ္မ ဂဗ္ဘ သညီတာ၊
ပုညာဝတီ သိရီ သောဘဏီ။
ပါဏီနံ ကာမံ ပါလေန္တို၊
သူရဿတီ တွံ မေ မနံ။

ယင်းသို့ တတ်အားသမျှ ရွတ်ဖတ် အရဩွာယ်ပါက သူရဿတီနတ်သမီး ကိုယ်၌ စောင့်၏၊ ဘုန်း ကြက်သရေ တိုး၏၊ လာဘ်လာဘ ပေါများ၏၊ သူခပ်သိမ်းဘို့ ကြည်ညို ချစ်ခင်၏၊ ဘေး ဥပဒ် အန္တရာယ် ဟူသမျှ ကင်း၏၊

ဆဗ္ဗသျှို အဖြစ်ဖြင့် ဉာဏ်ရှိသမျှ ခွဲ၍ထွင် အသုံးချကြပါလေ။

—

## စုန်းမကို မြင်နိုင်သော
## ဂါထာ မန္တန်

မဆစ်ဆီကို အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇) အုပ်မန်းပါ။

ဥုံ ဝဇေ အန္တော ယက္ခော စေဝ ဝစာ မနုဿာ စေဝ ဒက္ခိဿတိ သွာဟာ။

လူနာ၏ မျက်စိကို ယင်းမဆစ်ဆီမန်းဖြင့် ကွင်း၍ ကြည့်ခိုင်းပါက ပူးစားထားသော စုန်းမကို မြင်ရလိမ့်မည်။

—

## ခွေး မဟောင်နိုင်သော
## ဂါထာ မန္တန်

မည်မျှလောက်ပင် လူကို ကိုက်တတ်သော ခွေး ဖြစ်စေ— ယင်းခွေးကို ကြည့်၍ အောက်ပါ ဂါထာ မန္တန်ဖြင့် (၇) အုပ်မန်းပါ။

ဥုံ မောဓိသတ္တော သီဟာရာဇာ မှိုင်းဟိုင်း။

ယင်သို့ မန်းပြီးပါက ယင်းခွေးသည် လူကိုကိုက်ရန် မဆိုထားဘိ — ဟောင်ရုံမျှပင် မဟောင်နိုင်တော့ပေ။

—

လင်ကွဲ - မယားကွဲ ပြန်ပေါင်းထုတ်နိုင်သော

ဂါထာ မန္တန်

စိတ်အခန့်မသင့်ကြ၍ ကွဲကွာနေကြသော လင်မယား နှစ်ဦးအနက် ပြန်ပေါင်းချင်သူကို အာရုံပြု၍ အောက်ပါ ဂါထာ မန္တန်ဖြင့် တနေ့လျှင် ပုတီး ၅ - ပတ် စိတ်ပေးပါ။

ဥုံ အညံ အကင္ခံ အာပတ္တိယော သဒ္ဒိကံ ဘိက္ခုံ ပင္ငိက-ရိဿာမိ။

ယင်းကဲ့သို့ ပုတီးစိတ်ပေးပါက ထိုကွဲကွာနေသော လင်မယား မကြာခင် ပြန်ပေါင်းထုတ်ကြလိမ့်မည်။

တနည်း — အထက်ပါ ဂါထာ မန္တန်ကို တနေ့လျှင် ပုတီး၊ တပတ် စိတ်ပါ၊ ထို့နောက် ကွဲကွာနေသော လင်မယားကို စေ့စပ် ပြောဆိုပေးပါက ပြောဆိုတိုင်း အောင်မြင်ကာ ပြန်ပေါင်းထုတ်ကြပေလိမ့်မည်။

## ရုက္ခစိုဝ်းနှင့် စကားပြောရသော
## ဂါထာ မန္တန်

ရုက္ခစိုဝ်း ရှိသော သစ်ပင်၌ အောက်ပါ ဂါထာကို ထန်းရွက် - ပေရွက် - စက္ကူ - ရရာတွင် ရေး၍ ယင်းဂါထာနှင့်ယှဉ် (၃၇) အုပ် မန်းပြီးလျှင် ယင်းသစ်ပင်မှာ ဆွဲကပ်ထားပါ။

အာကာသဋ္ဌာ ဘူမဋ္ဌာ စ၊
ရုက္ခဋ္ဌာ စ မဟိဒ္ဓိကာ။
ဣဒ္ဓိမန္တာ စ ယေ ဒေဝါ၊
မံ ပါလေတု ပတိဋ္ဌိတံ။

ယင်းသို့ သစ်ပင်၌ ဆွဲကပ်ထားပြီးနောက် (၇) ရက် ရှိပါက ရုက္ခစိုဝ်းနှင့် စကားပြောရလိမ့်မည်၊ မိမိအလိုရှိရာကို တောင်းဆို ပြောကြားနိုင်သည်။

—

ပယောဂ မျက်စိနာ ၊

## ရေမန်း ဂါထာ

သူပြု လူပြု အတွက် မျက်စိနာပါက ရေကို အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇) အုပ် စုပ်ပါ။

ဥုံ ရှင်ဥပဂုတ် - ရေထည်းစောင့် - မအောင်နှင့် - ထွက်စရာ ထွက်။

ယင်းရေမန်းကို မျက်စိ၌ ခတ်ပါက သူပြု လူပြုကြောင့် ဖြစ်သော ပယောဂ မျက်စိနာ ဟူသမျှ ပျောက်ကင်း၏။

--

## စွယ်စုံ ရေမန်း ဂါထာ

ရေကို ဖြစ်စေ - ဆီကို ဖြစ်စေ အောက်ပါ ဂါထာမန္တန်ဖြင့် အသက်အောင့်ပြီး ( ၃၇ ) အုပ် မန်းပါ။

ဥုံ ကပ္ပိယံ ကရောဟိ၊ ကပ္ပိယံ ဘန္တေ၊ ဗုဒ္ဓံ ဖဲ - ဓမ္မံ ဖဲ-သံဃံ - ဖဲ။

မန်းထားပြီးသော ရေကို မျက်စိ၌ ခတ်ပါ၊ သူပြု - လူပြု - ပယောပ ရှိလျှင်သော်လည်းကောင်း အစာဝင်လျှင်သော်လည်းကောင်း လဲကျသွားလိမ့်မည်၊ ထို့နောက် မျက်စိနာလည်း ပျောက်ကင်းသွားမည်။

--

## ဗီယ လေးပစ် စီရင်နည်း

မြင်းထီး နှင့် မြင်းမ ကြိုး ( ၇ )ချောင်းစီ ယူ၍ ပြောင်းပြန်ကျစ်၊ ထင်းရှူးသားကို လေးငယ်ပြု၍ ယင်းကြိုးကို တပ်၊ ထို့နောက် လေးတွင် လိုသူ၏ နံကို ရေး၍ အောက်ပါ ဂါထာနှင့် ( ၃၇ )အုပ် စုပ်ပါ။

### ဂါထာ

ဥုံ စုံစီ၊ ပမောက္ခိ၊ ပန်းနီချင်းလျှင်၊<br>
ပန်းအင်ကြင်း၊ အိမ်ညကြင်းလျှင်၊<br>
ချင်းမျက်နှာ၊ ကြင်ရာသို့ ထပ်။

## အညွှန်း

ချစ်သူကို လာစေလိုသော် လေးကြိုးကို တင်းပါ၊ မုချ လာပါလိမ့်မည်၊ လာသောအခါ အလိုရှိသော ကိစ္စကို ဆိုက အောင်မြင်၏၊ ချစ်သူ ပြန်စေလိုသော် လေးကြိုးကို လျော့ပါ၊ ပြန်သွားပါလိမ့်မည်။

သို့သော် သစ္စာ ရှိဘို့နှင့် ကာမေသုကို ရှောင်ဘို့ကိုတော့ သတိပြုပါလေ။

---

## ခြေရာမနင်း ဂါထာ မန္တန်

မိမိ ချစ်သူ၏ ခြေရာမြေကို ယူ၍ အောက်ပါ ဂါထာ မန္တန်ဖြင့် (၇)အုပ် စုပ်ပါ။

### ဂါထာ

ဥုံ နမော ဗုဒ္ဓါ ဓမ္မာ သံဃာ ညီ၊
ကပ် ကပ် ကပ်ပဲ့၊ ဥုံ ပက္ကဝိပရိတ် ကပ်ကပ်။

### အညွှန်း

ယင်းမန်းပြီး ခြေရာမြေကို ပုဆိုးဖြင့် ထုပ်၍ မိမိ၏ အနီး၌ ထားပါက ချစ်သူ ရောက်လာလိမ့်မည်၊ လာလျှင် လိုရာကိစ္စ ကို ပြောပါ၊ သို့သော် သစ္စာရှိပါစေ။

---

## ကုန်တိုက် ပန်းမန်း ဂါထာ

မိမိ နှစ်သက်ရာ ပန်း တမျိုးမျိုးကို ယူ၍ အောက်ပါ ဂါထာနှင့် (၃၇) အုပ် မန်းပါ။

### ဂါထာ

ဥုံ ဩဿလီမှာ - ဆရာ မှန်းထား - သိကြားပေးသည့် မန္တရား၊ နေမင်းဆက်ပေ၊ လမင်းပယ်လေ တိမ်မဖီး ဆိုက် ဆရာ ဆိုက်။

### အညွှန်း

အရောင်းရ စေ့လိုသော မိမိ၏ ကုန်ပစ္စည်းများ ပေါ်တွင် အဆိုပါ ပန်းကို တင်ထားရမည်၊ ကုန်တိုက် ပန်းမန်းအကျော် တည်း။

—

## ဆေးလိပ်မန်း မန္တန်

နံ့သာမျိုး ငါးပါး ၂-ပဲ စီ ပဲနံ့သာစေ့ ၂-ပဲ ယင်းနှစ်မျိုး ကို အတောင့် ပြု၍ ကိုးမြို့ရှင်နတ်စင်မှာ အောက်ပါ ဂါထာ ဖြင့် (၃၇) အုပ် စုပ်ရမည်။

### ဂါထာ

ဥုံ ဇိဝှဂွေ၊ ငါ၏ လျှာဖျားဌ်၊ ဒိနေဒိနေ၊ နေ့တိုင်း နေ့တိုင်း။ တိဋ္ဌတု၊ တည်ပါစေ သတည်း။

အညွန်း

ယင်းဆေးတောင့်ကို သွေး၍ ဆေးလိပ် လိပ်မည့် ဖက်ကို ဖင်ဖက်မှ ခေါင်းဖက် အထိ သုတ်လိမ်းပါ၊ ထို့နောက် 'ဥုံ မုနိ သွားဟ' ဟု ပါဠိစပ်မှ ရွတ်ဆို၍ လိပ်ပါ။

အလိုရှိသော အခါ ယင်းဆေးလိပ်ကို မီးညှိ သောက်ပြီး ချစ်သူထံသို့ အခိုးရောက်အောင် လွှတ်ပါ၊ သူက ဆေးလိပ် တောင်းလိမ့်မည်၊ မပေးပါနှင့်၊ ဥပါယ်တမျဉ်ဖြင့် ထွက်၍ သွားပါ။

ပိယသျှို့ အတွက် အထူး ကောင်းလှ၏။

---

## နေမင်းကို တိုင်တည်သော ဂါထာ မန္တန်

နံနက်စောစော နေတခြမ်း ပေါ်သော အခါ ယင်းနေ တခြမ်းကို စေ့စေ့ကြည့်၍ မဆစ်ဆိကို အောက်ပါ မန္တန်ဖြင့် (၃၇)အုပ် မန်းရမည်။

ဂါထာ

ဥုံ သံဒိဋ္ဌိ ဂတိမန္တံ၊ သဗ္ဗဗုဒ္ဓ နမာမဟံ သွာဟ။

ယင်းမန္တန်ကို (၃၇) အုပ် မန်းသော အခါ မန္တန် တခါက် ဆုံးတိုင်း ဆုံးတိုင်း 'အိုနေနတ်သား....(မည်သူ မည်သည့် နေ့သား) နှင့် (မည်သူ မည်သည့်နေ့သမီး) ကို ထိမ်းမြား လက်ထပ်တော်မူပါ' ဟု ဆိုရမည်၊ တိုင်တည်ရမည်၊ နေ့နံကို

သိက နေ့နံ နှင့် နံမည်ကို တွဲ၍ တိုင်တည်ပါက ပို၍ ကောင်းသည်၊ နေ့နံ မသိ၍ နံမည်ကိုသာ သိလျှင်သည်း ဖြစ်နိုင်သည်။

ထိုသို့ (၃၇) အုပ် မန်းပြီးပါက ယင်းမဆစ်ဆီကို နှုတ်ခမ်း၌ လိမ်း၍ မိမိ လိုသူနှင့် စကားပြောက ပြောသမျှ အောင်မြင်၏။

နေမင်းကိုတိုင်တည်ထားသော နည်း ဖြစ်၍ ပိယသိဒ္ဓိအရာတွင် အထူး စူးရှ ထက်မြက်လှသည်၊ ဉာဏ်ရှိတိုင်း ချဲ့ထွင် သုံးစွဲပါ၊ သို့သော် သစ္စာရှိဖို့တော့ မှာကြားပါရစေ။

---

## သူခိုးဖမ်းနည်း ဂါထာမန္တန်

ဥစ္စာပျောက်သောသူ၏ နာမည်ကို ထန်းရွက်၌ ရေးပြီးလျှင် အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇) အုပ် စုပ်ရမည်။

### ဂါထာ

ဥုံ သတ္တရုထိပ်တင် ညဆရာထင်၊ မညာ ဆရာမြင်၊ ချေယျချေယျတတ်။

### အညွှန်း

ထို့နောက် ယင်းထန်းရွက်ကို ပြာချပြီးလျှင် မဆစ်ဆီနှင့် ဖျော်၍ လက်မောင်းမှာ သုတ်ရမည်၊ ထိုအခါ ဥစ္စာခိုးသူ (သူခိုး) ၏ နာမည်သည် လက်မောင်း၌ ပေါ်လာလိမ့်မည်။

---

## မာတက်လက်ဖွဲ့ စီရင်နည်း

တန်ခိုးကြီး ဘုရားရှေ့တွင် ရွှေပြား၌ဖြစ်စေ ငွေပြား၌ ဖြစ်စေ မာတက်ရုပ်ကို ဆောင့်ကြောင့်ထိုင်၍ ဒုတ် နှင့် ခွက် ကိုင်ပြီးလျှင် သူဌေးသမီးကို တောင်းနေဟန် ရေးရမည်၊ ထို့ နောက် ယင်းမာတက်ရုပ်ကို အောက်ပါ ဂါထာ မန္တန်ဖြင့် ရွရ မည်။

ဂါထာ

ဥုံ ပိယော ဝစန်သာသမ္ဗေပိပါဏိနော သောသောမေ ယောန္တု ပုဝယံ မမ။

ထိုနောက် ယင်းရွှေပြား သို့မဟုတ် ငွေပြားကို လိပ်ပြီးလျှင် အထက်ပါ ဂါထာဖြင့်ပင် (၃၇) အုပ် စုပ်ရမည်။

အညွန်း

အလုပ် အကိုင် စီးပွားရေး ကိစ္စနှင့် ဖြစ်စေ - တရားတပေါင် ကိစ္စနှင့် ဖြစ်စေ - ချစ်သူကို လို၍ ဖြစ်စေ - ပြောဆိုသောအခါ နှုတ်တွင် ငုံ ပြောပါက ပြောတိုင်း အောင်မြင်၏။

နှုတ်တွင် မငုံဘဲ အမြဲ ဆောင်ထားပါကလည်း စီးပွားရေး လုပ်ရေး ကိုင်ရေး အောင်မြင်၍ လာဘ်လာဘ အထူးရှင်၏။ စီးပွားရေး အတွက် အထူး အကျိုးပြုသော နည်းတည်း။

—

## ချစ်သူကို ခေါ်လျှင် လာသော

## မန်းမန်း ဂါထာ

မိမိ နှစ်သက်ရာ ပန်း ( ၃ ) ပွင့်ကို အောက်ပါ ဂါထာနှင့် ( ၇ ) ဆုပ် မန်းပါ။

## ဂါထာ

ဥုံ တိတ္ထံ တိတ္ထံ ဗွန်ဒမာ — ဥုံ သူရဿတီမယ် - ဒေဝီ မည်လျှ အိုနမ၊ သား၏ အသွင် စိတ်က ထင်၍ ရင်ခွင် ပိုက်၍ လိုက်စေသော။

## အညွှန်း

ယင်းသို့ မန်းပြီးနောက် ယင်း ပန်း ( ၃ ) ပွင့်ကို ဘုရားအား တပွင့် - နတ်အား တပွင့် တင်ပြီးလျှင် ကျန် တပွင့်ကို မိမိ ကိုယ်၌ ဆောင်ထားရမည်။

လက်ညှိုးညွှန်၍ မိမိ အလိုရှိသော သူကို စိတ်က တောင့်တလျှင် ကျိန်းသေလှ၏၊ လိုရာကို ပြောက အောင်မြင်၏။

ပိယသိဒ္ဓိ အတွက် အထူး ကောင်းလှ၏၊ သို့သော် သစ္စာ ရှိဖို့တော့ သတိပြုပါလေ။

——

## ရိုးရိုးသားသား ချစ်စေတတ်သော

## ဂါထာ မန္တန်

ချိုသော သစ်သီး တခုခုကို အောက်ပါ ဂါထာဖြင့် ( ၃၇ ) ဆုပ် ရုပ်ပါ။

## ၉၄။ ကွမ်ဗ္ဗုစေရ တဗ္ဗ သွားဟာယကပ်။

ထိုသို့ ဂါထာစုပ်ပြီးလျှင် လူကို ယင်းသစ်သီး ကျွေးပါက ငှက်ခင်ရင်းကဲ့သို့ ချစ်ခင်၏။

လူကို မဆိုထားဘိ၊ မြက်ကို မန်းပြီး နွားကို ကျွေးပါက လည်း ယင်းနွားက ကျွေးသူကို ခင်မင်နေပေလိမ့်မည်၊ မယုံလျှင် စမ်းကြည့်ပေတော့။

တဏှာရာဂ မဖက်ဘဲ မေတ္တာစစ်သက်သက်ဖြင့် သွေးရိုးသားရိုး ချစ်စေတတ်သော မန္တန် အစီအရင်ပေတည်း။

---

## အတိုင်းမသိ အက္ခရာ လက်ဖွဲ့

သင်္ကြန် အကြတ်နေ့တွင် သုသာန်၌ အုန်း-ငှက်ပျော-ဆေးလိပ်-လဘက် တင်၍ ငွေပြားတွင် အောက်ပါ အက္ခရာ (၉) လုံးကို တလုံးစီရေးပြီး လက်ဖွဲ့ (၉) လုံးထိုးပါ။

သံ—ဂုံ—ပ—မ—ယျ—ဣ—သု—သွ—ကွ

ထို့နောက် ဂုဏ်တော်နှင့် (၁၀၇၀) အုပ်စုပ်၍ ထိုနေ့မှာပင် လက်ဖွဲ့ (၉) လုံးကို အစဉ်အတိုင်း မျိုပါ။

### အညွန်း

ယင်းလက်ဖွဲ့များသည် ကိုယ်အင်္ဂါများတွင် အောက်ပါ အတိုင်း အသီး အသီး ပေါ်လာလိမ့်မည်၊ ယင်းသို့ ပေါ်လာသောအခါ—

— မျက်နှာ၌ ပေါ်လျှင် ပိယသိဒ္ဓိ ပြီး၏။
— ကျော၌ ပေါ်လျှင် ဒုတ် ပြီး၏။
— ရင်ဝ၌ ပေါ်လျှင် ဓား လုံ သေနတ် ပြီး၏။
— လိင်၌ ပေါ်လျှင် အနုတ္တ်င် အတိုင်းပသိဘည်း—

ဟူ၍ ရှေးဆရာ့ဆရာကြီးများ လက်တွေ့ ညွှန်းဆိုထားခဲ့ကြသည်။

—

မောင်းထောင် သာသနာပိုင် ဆရာတော်က
ဘိုးတော် မင်းတရားကြီးအား သွင်းတော်မူသော
သစ္စာဓိဋ္ဌာန်ပြုနည်း ( ၁၃ ) ဂါထာ

သက္ကရာဇ် ၁၁၅၅ ခုနှစ်တွင် အမရပူရ မြို့ဘည် နန်းတည် ဘိုးတော်မင်းတရားကြီးအား မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီးက သစ္စာဓိဋ္ဌာန်ပြုနည်း ( ၁၃ ) မျိုး ( ၁၃ ) ဂါထာကို သွင်းတော်မူခဲ့သည်။

စင်စစ် ရှေးရှေး ဘုရားအလောင်း စသော အလောင်းအလျာ သူတော်စွာတို့သည်လည်း အရေးတပ်ကိုယ်၌ ကြုံကာ အကျဉ်းအကျပ်နှင့် ရင်ဆိုင်လာရသော အခါများ၌ ယင်းအကျဉ်းအကျပ်မှ လွတ်မြောက်ရန် အတွက် သစ္စာဓိဋ္ဌာန်ပြုကြမြဖြစ်သည်။

ထို့ကြောင့် သစ္စာဓိဋ္ဌာန်ပြုခြင်းသည် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် အရေးထစ်ုံ ကိုယ်၌ကြုံလာက ပြုလုပ်လေ့ ပြုလုပ်ထ ရှိသော အစဉ်အလာတရပ် ဖြစ်သည်။

ထို့အတူ မဇ္ဈိမဒေသ ဇမ္ဗူဒီပရာဇဝင်မှ သာသနာပြုမင်းအဆက်ဆက် — သီဟိုဠ်ရာဇဝင်မှ သာသနာပြုမင်း အဆက်ဆက်—မြန်မာရာဇဝင်မှ သာသနာပြုမင်းအဆက်ဆက် စသော ရှေးမင်းကောင်းမင်းမြတ် တို့သည်လည်း အကျဉ်း အကျပ်နှင့် ရင်ဆိုင်လာရတိုင်း ယင်းအကျဉ်းအကျပ်မှ လွတ်မြောက်ရန် အတွက်လည်းကောင်း ဘေးအန္တရာယ်နှင့် တွေ့ကြုံရင်ဆိုင်လာရသည့် အခါတိုင်း ယင်းအန္တရာယ်မှ လွတ်မြောက်ရန် အတွက် လည်းကောင်း သစ္စာဓိဋ္ဌာန်ပြုကြမြဲ အစဉ်အလာ ရှိသည်။

## ဘုရားလောင်း ငုံးမင်း၏ သစ္စာဓိဋ္ဌာန်

ဘုရားအလောင်းတော် ငုံးမင်းဘဝ ဖြစ်ခဲ့ရစဉ်က ငုံးမင်း ကလေး မပျံနိုင်သေးသော အရွယ်တွင် တောမီးကြီး လောင် ကျွမ်းလာခဲ့သည်၊ သူ၏ မိဘ ၂-ဦးတို့မှာ ငုံးမင်းကလေးကို ခေါ်ဆောင်ချင်လျက် ပျံနိုင်စွမ်းမရှိသေးသော အရွယ်ဖြစ်သ ဖြင့် မခေါ်ဆောင်နိုင်ဘဲ ပစ်ထားကာ ပျံသန်း ထွက်ခွာသွား ကြသည်။

ထိုအခါ တောမီးကြီးကလည်း နီးကပ်သည်ထက် နီးကပ်လာ ရာ ကြံရာမရတော့ဘဲ ငုံးမင်းကလေးက 'အိုတောမီး....ငါ့မှာ အတောင် ရှိပါ၏၊ သို့သော် မပျံနိုင်ပါ၊ ငါ့မှာ ခြေထောက် လည်း ရှိပါ၏၊ သို့သော် မသွားနိုင်ပါ၊ အမိ အဖ နှစ်ပါးတို့က လည်း ငါ့ကို ထားခဲ့၍ သွားကုန်ကြလေပြီ၊ ဤစကားသည် လည်း ငါ့ကို ထားခဲ့၍ 'သွားကုန်ကြလေပြီ၊ ဤစကား သည် မှန်သော သစ္စာ မမှားကောင်း စင်စစ် အမှန်သာ ဖြစ်ပါ၏၊ ဤသို့ မှန်သော သစ္စာ

စကားကြောင့် သင် တောမီးသည် ငါ့ထံသို့ မရောက်ဘဲ ငြိမ်းပျောက်ပါစေသတည်း ''[၁] ဟု သစ္စာဓိဋ္ဌာန် ပြုလိုက်သည်။

ထိုအခိုက်၌ပင် ယင်းသစ္စာဓိဋ္ဌာန်၏ စွမ်းအင်ကြောင့် ကိုက်စား မျိုဝါးတော့မည့်ကဲ့သို့ တဟိန်းဟိန်း လောင်မြိုက်လာသော အသက်မရှိသည့် တောမီးကြီးမှာ သစ္စာစကားကို သိနားလည်သွားသည့်အလား ငုံးမင်းကလေးနှင့် ၁၆ ပယ် အကွာတွင် ငြိမ်းအေးသွားခဲ့သည်။

## သစ္စာနှုတ်သီး မန္တန်ကြီး

ငုံးမင်း၏ သစ္စာဓိဋ္ဌာန်မှာ ရိုးရိုးကလေးပင် ဖြစ်သည်၊ မည်သည့် အထူးအဆန်း တစုံတခုမှ မပါရှိပေ၊ သို့သော် အမှန် များချည်းသာ ဖြစ်သည်၊ ယင်းသို့ အမှန် များချည်းသာ ဖြစ်နေသဖြင့်လည်း ယင်း သစ္စာဓိဋ္ဌာန်ကြောင့်ပင် ဘုရားလောင်း ငုံးမင်းအား တောမီးကြီးက ကွင်းရှောင်သွားခဲ့ရခြင်း ဖြစ်သည်။

သစ္စာဓိဋ္ဌာန် ဟူသည်မှာ ထူးဆန်းဖို့ မလို၊ မှန်ဖို့သာ လိုသည်၊ အကယ်၍သာ မှန်ရာကိုဆိုပါက သစ္စာဓိဋ္ဌာန် ပြုခြင်းသည် ဂါထာ မန္တန်ထက်ပင် အကျိုးအာနိသင် စူးရှ ထက်မြက်နိုင်သည်။

---

၁။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။
(စရိယာပိဋကပါဠိတော်)

ထို့ကြောင့်လည်း ရှေးရှေး သရာတော်ကြီးများ က 'ဧတေန သစ္စ ဝဇ္ဇေန= ဤသို့ မှန်ကန်စွာ ဆိုရသော သစ္စာနှုတ်သီး မန္တန်ကြီးကြောင့်' ဟူ၍ အနက် မြန်မာ ပြန်ဆိုခဲ့ကြခြင်း ဖြစ်သည်၊ ဆိုလိုသည်မှာ သစ္စာကို မန္တန်နှင့် တင်စားကာ 'သစ္စာနှုတ်သီး - မန္တန်ကြီး' ဟု ဆိုရိုးပြုခဲ့ကြခြင်း ဖြစ်သည်။

ယင်းသို့ ဆိုရိုး ပြုရလောက်အောင်လည်း သစ္စာပြုခြင်းကြောင့် အောင်မြင်မှု ရရှိခဲ့ကြသည့် အသက်ပါ ဘုရားလောင်း ငုံးမင်းကဲ့သို့သော ဇာတ် နိပါတ် ရာဇဝင် သာဓကများ အများအပြားရှိသည်၊ ယုံယုံကြည်ကြည် လေးလေးနက်နက် သစ္စာပြုကြဖို့သာ လိုသည်။

## သရဏဂုံ နှင့် ပဉ္စသီ

သစ္စာဆိုင်ရာနှင့်ပြုသော အခါ ဗုဒ္ဓသရဏဂုံ ဓမ္မသရဏဂုံ သံဃ သရဏဂုံပေါ်မှာ အခြေခံသော သစ္စာပြုနည်းများ - ပဉ္စသီ ခေါ် ငါးပါးသီလပေါ် အခြေခံသော သစ္စာပြုနည်းများမှာ လူအများနှင့် အသက်ဆိုင်ဆုံး ဖြစ်သလောက် အတည်မြဲဆုံး အကောင်းဆုံး ဖြစ်သည်၊ အဘယ့်ကြောင့် ဆိုသော် ဗုဒ္ဓဘာသာ ဝင် တယောက် ဖြစ်လာပြီဟု ဆိုသည်နှင့် တပြိုင်နက် ဗုဒ္ဓ-ဓမ္မ - သံဃာ - ဟု ဆိုအပ်သော သရဏဂုံ ( ၃ ) ပါးမှာ မဖြစ် မနေ ဂေါန် တည်ရှိပြီး နေရမည် ဖြစ်သောကြောင့်တည်း။

ထို့ပြင် လူတယောက် အနေဖြင့် ပဉ္စသီ ခေါ် ငါးပါးသီလ ကို လုံခြုံအောင် မစောင့်ထိန်းပါက ပစ္စည်းဥစ္စာ မည်မျှပင်

ချမ်းသာ ကြွယ်ဝနေသော်လည်း လူ့ဒုဿီလ သာ ဖြစ်နေပေမည်၊ ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်မှ သာလျှင် လူကောင်းလူမွန် ဖြစ်နေပေမည်၊ သို့ဖြစ်ရာ ငါးပါး သီလသည် လူတယောက်အနေဖြင့် မဖြစ်မနေ ကောန် ထိန်းသိမ်း စောင့်ရှောက်ရမည့် သီလ ဖြစ်သည်။

ယင်းသို့ သရဏဂုံ နှင့် ငါးပါး သီလလည်း ဗုဒ္ဓဘာသာဝင် တယောက် အဖို့ အခြေခံ ကျလှသောကြောင့် ရှေးရှေး အလောင်းအလျာ သူတော်စဉ်တို့သည် သစ္စာဓိဋ္ဌာန် ပြုကြရာ၌ သရဏဂုံ သုံးပါး နှင့် ငါးပါး သီလကို အများဆုံး အသုံးပြု သည့် အစဉ်အလာ ရှိခဲ့သည်။

ယင်း အစဉ်အလာ အရ မောင်းထောင် သာသနာပိုင် ဆရာ တော်က သရဏဂုံ နှင့် ပဥ္စသီတို့ကို အခြေခံသော သစ္စာပြုနည်း မှ ရွေး၍ အောက်ပါ သစ္စာဓိဋ္ဌာန် ပြုနည်းများကို ဘိုးတော် မင်း တရားကြီးအား သွင်းတော်မူခဲ့ခြင်း ဖြစ်သည်။

—

## ဗုဒ္ဓံသရဏဂုံနှင့် သစ္စာဓိဋ္ဌာန်ပြုနည်း

ဗုဒ္ဓသရဏဂုံ နှင့် သစ္စာဓိဋ္ဌာန်ပြုနည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ—မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

ဤသို့ ( ၃ ) ကြိမ် ရွတ်၍ သရဏဂုံ ဆောက်တည်ပြီးလျှင်—

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသ ဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။—

ဟူ၍ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်ကို ( ၃ ) ကြိမ် ရွတ်ဆိုရမည်။

ထို့နောက် အောက်ပါအတိုင်း သစ္စာဓိဋ္ဌာန် ပြုရမည်။

နတ္ထိ မေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

သို့မဟုတ်

ဟောတု မေ အာယုဝဍ္ဎနံ။
ဟောတု မေ သုခဝဍ္ဎနံ။
ဟောတု မေ ဘောဂဝဍ္ဎနံ။
ဟောတု မေ သိရိဝဍ္ဎနံ။
ဟောတု မေ အာရောဂျဖလံ။

ရတနာသုံးပါးမှ တပါးသော။ အညံ၊ မေ၊ ငါ့အား။ သမ္မာသမ္ဗုဒ္ဓ ဘုရား နတ္ထိ၊ မရှိ။ ဗုဒ္ဓေါ၊ သရဏံ၊ ကိုးကွယ်ရာသည်။ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာသည်။ မေ၊ ငါ၏။ ဝရံ၊ ရှင်သည်။ ဧတေန သစ္စ ဝဇ္ဇေန၊ ဤသို့ မှန်ကန်စွာ ဆိုရသော စကားသည်။

သစ္စာစကားကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်မြင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

မေ၊ ငါ့အား။ အာယုဝဍ္ဍနံ၊ အသက်ရှည်ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

မေ၊ ငါ့အား။ သုခဝဍ္ဍနံ၊ ချမ်းသာ သုခ ပွားများခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

မေ၊ ငါ့အား။ ဘောဂဝဍ္ဍနံ၊ စည်းစိမ် ဥစ္စာ တိုးပွားခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

မေ၊ ငါ့အား။ သိရိဝဍ္ဍနံ၊ ကြက်သရေ မင်္ဂလာ တိုးပွားခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

မေ၊ ငါ့အား။ အာရောဂျဖလံ၊ အနာရောဂါ ကင်းခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

[ မှတ်ချက် — သူတပါးအတွက် သစ္စာပြုပါလျှင် 'မေ' နေရာတွင် 'တေ' ထည့်၍ 'ဟောတု တေ ဇယမင်္ဂလံ' ဟု ပြင်ဆိုပြီးလျှင် 'တေ — သင်အား' ဟု အနက်ပေးရမည်၊ ထို့ပြင် 'အောင်မြင်ခြင်း' အတွက် မဟုတ်ဘဲ 'အသက်ရှည်လိုခြင်း' အတွက် သစ္စာ ပြုပါလျှင် 'ဟောတု မေ ဇယမင်္ဂလံ' အစား 'ဟောတု မေ အာယုဝဍ္ဍနံ' ဟု ပြင်ဆိုရမည်၊ 'ဟောတု မေ သုခဝဍ္ဍနံ' စသည် တို့မှာလည်း ထို့အတူ ဖြစ်သည်၊ မောင်းထောင် သာသနာပိုင် ဆရာတော်၏ မူလ သွင်းစာတွင် 'သုခဝဍ္ဍနံ' အထိသာ ပါသည်၊ ယင်း

နောက်၌ ပါရှိသော ‘ဘောဂဝစုန်’ ‘သိရိဝစုန်’ ‘အာရောဂျဖလံ’ တို့မှာ ဤကျမ်းပြုသူက ထပ်မံထည့်သွင်းထားခြင်း ဖြစ်သည်၊ ထို့အတူ ယင်း ‘ဇယမင်္ဂလံ’ နေရာတွင် မိမိ အလိုရှိရာများကို ဉာဏ်ရှိတိုင်း အစားထိုး ထည့်သွင်း ရွတ်ဆို သစ္စာဓိဋ္ဌာန်ပြုနိုင်ကြပေသည်၊ နောက် သစ္စာ ဆိုနည်းများ၌မူ အဆိုပါ ‘ဟောတု မေ အာယုဝစုန်’ စသည် တို့ကို ထည့်သွင်း ရေးသားတော့မည် မဟုတ်ပေ၊ မိမိ လိုရာကို ထည့်သွင်း ဆိုသွားရန်သာ ရှိတော့သည်၊ ထို့ပြင် အနက်များကိုလည်း ထည့်သွင်း ရေးသားတော့မည် မဟုတ်ပေ။]

—

## ဓမ္မသရဏဂုံနှင့် သစ္စာဓိဋ္ဌာန်ပြုနည်း

ဓမ္မသရဏဂုံနှင့် သစ္စာဓိဋ္ဌာန်ပြုနည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဓမ္မံ သရဏံ ဂစ္ဆာမိ=တရားတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

ဤသို့ (၃) ကြိမ် ရွတ်၍ သရဏဂုံ ဆောက်တည်ပြီးလျှင်—

သွာက္ခာတော ဘဂတာ ဓမ္မော၊ သန္ဒိဋ္ဌိကော,
အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။—

ဟူ၍ တရားဂုဏ်တော်ကို (၃) ကြိမ် ရွတ်ဆိုရမည်။

ထို့နောက် အောက်ပါ အတိုင်း သစ္စာဓိဋ္ဌာန်ပြုရမည်။

နတ္ထိ မေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

---

## သံဃသရဏဂုံနှင့် သစ္စာဓိဋ္ဌာန်ပြုနည်း

သံဃာသရဏဂုံနှင့် သစ္စာပြုနည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

သံဃံ သရဏံ ဂစ္ဆာမိ=သံဃာတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

ဤသို့ (၃)ကြိမ် ရွတ်၍ သရဏဂုံ ဆောက်တည်ပြီးလျှင်—

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ၊ ဧသဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။—

ဟူ၍ သံဃဂုဏ်တော်ကို (၃)ကြိမ် ရွတ်ဆိုရမည်။

ထို့နောက် အောက်ပါ အတိုင်း သစ္စာဓိဋ္ဌာန် ပြုရမည်။

နတ္ထိ မေ သရဏံ အညံ၊
သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

—

## ပဉ္စသီ, အဋ္ဌင်္ဂ ဥပုသ်နှင့် သစ္စာဓိဋ္ဌာန်ပြုနည်း

ငါးပါးသီလ (=ပဉ္စသီ) ရှစ်ပါးသီလ (=အဋ္ဌင်္ဂ) တို့နှင့် သစ္စာပြုနည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

သမာဒိယိ ပဉ္စသီလံ၊
အဋ္ဌင်္ဂမ္ပိ သုဒေသိတံ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

—

## အနန္တရာယိကဂုဏ်တော် (၄)ပါး နှင့် သစ္စာဓိဋ္ဌာန်ပြုနည်း

(၁) န ဇီဝိတန္တရာယောပိ၊
ကာတုံ ဗုဒ္ဓဿ ကောနစိ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

(၂) န ဉာဏအန္တရာယော ပိ၊
ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

(၃) န ရသ္မိ အန္တရာယော ပိ၊
ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

(၄) န ဘိက္ခာ အန္တရာယော ပိ၊
ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အနန္တရာယိက ဂုဏ်တော် ဆိုသည်မှာ ဗုဒ္ဓဘုရားရှင်၏ (၁) သက်တော်, (၂) သဗ္ဗညုတဉာဏ်တော်, (၃) ရောင်ခြည်တော်, (၄) ရည်စူး၍ ဆောင်အပ်သော ဆွမ်းဖော် တို့ကို မည်သူမှ အန္တရာယ် မပြုနိုင်ဟု ဖော်ထုတ်ထားသော ဂုဏ်တော် ဖြစ်သည်၊ သို့ဖြစ်ရာ ဤ (၄) ဂါထာကို ရွတ်ဆို၍ သူတပါး အန္တရာယ် မပြုလုပ်နိုင်သော အနန္တရာယိက ဂုဏ်တော် (၄) ပါးကို ဆောင့်မေ့ ဆင်ခြင် အာရုံပြုပြီးလျှင် သစ္စာဓိဋ္ဌာန် ပြုရမည်၊ မည်သူကမျှ မိမိအား အန္တရာယ်မပြုနိုင်သော သစ္စာပြုနည်း ဖြစ်သည်။

## အသာဓာရဏဂုဏ်တော်နှင့် သစ္စာဓိဋ္ဌာန်ပြုနည်း

(၁) ဗုဒ္ဓေါ အတိဋ္ဌကာယောဝ၊
နတ္ထိ လောဟိတသူဒန်။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

(၂) တိဋ္ဌေယျာနေဝကာဿပိ၊
သမာပန္နော ဝိနာယကော။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အသာဓာရဏ ဂုဏ်တော် ဆိုသည်မှာ (၁) ဗုဒ္ဓဘုရားရှင်၏ ကိုယ်ကာယတော်သည် မည်သည့် ရန်သူကြောင့်မျှ မပေါက် မရှနိုင်- သွေးထွက်သံယို မဖြစ်နိုင်၊ (၂) သမာသမာပတ် ဝင် စားနေပါကလည်း နှစ်ပေါင်း များစွာ သက်ခံတော်ရှည်နိုင်သော ဂုဏ်တော် ဖြစ်သည်၊ သို့ဖြစ်ရာ ဤ (၂) ဂါထာကို ရွတ်၍ အသာဓာရဏ ဂုဏ်တော်ကို အောက်မေ့ ဆင်ခြင် အာရုံပြု ပြီးလျှင် သစ္စာဓိဋ္ဌာန်ပြုရမည်။

—

## ရတနတ္တယ သဒ္ဓါနှင့် သစ္စာဓိဋ္ဌာန်ပြုနည်း

(၁) သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊
သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

(၂) သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊
သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

(၃) သဒ္ဓါ မေ သံဃသေဋ္ဌမှိ၊
သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

ဤတွင်
နန်းစဉ်သုံး ဂါထာ မန္တန်ကျမ်း
ပြီးပြီ။

ဤတွင်

နန်းစဉ်သုံး ဂါထာ မန္တန်ကျမ်း

ပြီးပြီ။